# အဆိပ်သင့်နှလုံးသား

စုမြတ်ချစ်



# THE DARK SIDE

By Danielle Steel

mgyoe.com

mgyoe.com SAMPLE BOOK

- အာရုံပိုက်မခံရဘဲ၊ ဂရုပိုက်မခံရဘဲ ကြီးပြင်းလာရတဲ့ လူတစ်ယောက်အနေနဲ့ သူများတွေရဲ့ အာရုံပိုက်တာကို ခံယူချင်လို့ မလုပ်သင့်တာတွေ လုပ်မိလာတဲ့အခါကျရင်ကော ဘာတွေ ဆက်ဖြစ်နိုင်မလဲ...



# အဆိပ်သင့် နှလုံးသား

အဆိပ်သင့် နှလုံးသား ( စုမြတ်ချစ် )
9 782023 000489

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၄၈)

# ပုံနှိပ်မှတ်တမ်း



## စုမြတ်ချစ်

## အဆိပ်သင့် နှလုံးသား


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ ပိုင်နိုင်အောင်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၈၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
မိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

စုမြတ်ချစ်
အဆိပ်သင့် နှလုံးသား / စုမြတ်ချစ်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၂၆၄၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၄၈) အဆိပ်သင့် နှလုံးသား


mgyoe.com

mgyoe.com SAMPLE BOOK



# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ဦးတင်အေး + ဒေါ်သန်းငွေးတို့မှ မွေးဖွားခဲ့သည်။ မွေးချင်း နှစ်ယောက်အနက် အကြီးဖြစ်သည်။

ရန်ကုန်မြို့၊ အထက (၂) ဗိုလ်တထောင်တွင် အတန်းပညာ သင်ကြားခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူး ၄ ဘာသာဖြင့် အောင်မြင်ခဲ့သည်။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာကို ဆည်းပူးခဲ့ပြီး ထိုတက္ကသိုလ်မှ B.A (Eng), Diploma in English, M.A (EFL) ဘွဲ့များ ရရှိခဲ့သည်။ ထို့အပြင် Diploma in Accounting (LCCI, UK), Certificate in TKT (Cambridge) တို့လည်း ရရှိထားသည်။ ရန်ကုန်တက္ကသိုလ်တွင် စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှု ဘွဲ့လွန်ဒီပလိုမာသင်တန်းကိုလည်း တက်ရောက်ခဲ့သည်။

၂၀၂၀ မတ်လမှ စ၍ ဘာသာပြန်စာအုပ်တွေ ရေးသားပြီး. . . ၂၀၂၁ ခုနှစ်တွင် **ဘဝထဲက အသိတရား (What I Know for Sure - Oprah Winfrey)** စာအုပ်၊ ၂၀၂၂ ခုနှစ်တွင် **နှုတ်ဆိတ်သွားသူ (The Silent Patient - Alex Michaelides)** နှင့် **ဧည့်သည်ကြောင်ကလေး (The Guest Cat - Takashi Hiraide)**၊ ၂၀၂၃ ခုနှစ်တွင် **မေတ္တာချိုချို ဘဝခက်ခက် (My Brilliant Life - Ae-ran Kim)** စသည့် ဘာသာပြန်စာအုပ်များ ထွက်ရှိထားပါသည်။

လက်ရှိတွင် အလွတ်တန်းအင်္ဂလိပ်ဘာသာဆရာမအဖြစ် လုပ်ကိုင်ရင်း စာအုပ်များကို ဘာသာပြန်ဆို ရေးသားလျက် ရှိသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

ဒီစာအုပ်ရဲ့ မူရင်းစာရေးသူ Danielle Steel က မြန်မာစာဖတ်ပရိသတ်တွေနဲ့ စိမ်းသူ မဟုတ်ပါ။ ဆရာတင်မောင်မြင့်၊ ဆရာမြတ်ငြိမ်းတို့ ဘာသာပြန်ခဲ့တဲ့ စာအုပ်အတော်များများကို မြည်းစမ်းကြည့်ဖူးမှာပါ။ ဆရာမောင်ပေါ်ထွန်း ဘာသာပြန်ခဲ့တာလည်း ရှိသေးတယ်။ Danielle Steel ဟာ အချစ်ဇာတ်လမ်းတွေကို တသိမ့်သိမ့် ကြည်နူးစဖွယ် ရိုးရိုးကလေး ရေးဖွဲ့တတ်သူ ဖြစ်တယ်။ သူ့စာအုပ် အများစုဟာလည်း Romance တွေချည်းပဲ။ အချစ်ဝတ္ထုရေးရင်း အရောင်းရဆုံးစာအုပ်စာရင်းဝင်ခဲ့တာလည်း များတယ်။

ကျွန်မ ဘာသာပြန်ဖြစ်တဲ့ ဒီစာအုပ်ကတော့ Danielle Steel ရဲ့ **The Dark Side** ဖြစ်ပြီး သူ ရေးနေကျနဲ့ ကွဲထွက်တဲ့ ထူးထူးခြားခြား Psychological Thriller စိတ္တဗေဒလျှို့ဝှက်သည်းဖို အမျိုးအစား ဖြစ်နေတာပါပဲ။ ဒါကြောင့်မို့လည်း ဒီစာအုပ်လေးကို ဖတ်ဖြစ်ပြီး သိပ်ကြိုက်လို့ ကျွန်မ ဘာသာပြန်ဖြစ်ခဲ့ပါတယ်။

ဒီမူရင်းစာအုပ်ဟာ ကမ္ဘာတစ်ဝန်း သန်း ၆၅၀ ရောင်းချခဲ့ရပြီး စာဖတ်သူအများစု ကြိုက်နှစ်သက်ကြတယ်။ မိသားစု ဇာတ်လမ်း၊ အထူးသဖြင့် မိခင်နဲ့ သမီးရဲ့ ဇာတ်လမ်းကိုမှ စိတ်ရောဂါအမျိုးအစားတစ်ခု နှီးနွှယ် ရေးထားတာမို့ စာဖတ်သူတွေအတွက်လည်း ဗဟုသုတ ရစေပါတယ်။ ကျွန်မ ဘာသာပြန်တဲ့အခါ စိတ်ရောဂါအကြောင်းကို Google မှာ သေသေချာချာ လေ့လာဖြစ်သလို ကျွန်မနဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

ရင်းနှီးတဲ့ စိတ်ကျန်းမာရေးဆရာဝန်ကိုလည်း လိုအပ်တာတွေ မေးမြန်းခဲ့ပြီးမှ စနစ်ကျကျ ရေးခဲ့တာပါ။

အမျိုးသမီးတစ်ယောက်မှာ အတိတ်ရဲ့ အရိပ်တွေ၊ စိတ်ဒဏ်ရာတွေ၊ ပစ်ပယ်ခံထားရတာတွေက ကိုယ်ကိုယ်တိုင် မိခင် ဖြစ်လာတဲ့အခါ ဘယ်လိုတွေ သက်ရောက်လာမလဲဆိုတာ ဒီစာအုပ်လေး ဖတ်ပြီးရင် ကျွန်မတို့ သိရမယ်။ အာရုံစိုက်မခံရဘဲ၊ ဂရုစိုက်မခံရဘဲ ကြီးပြင်းလာရတဲ့ လူတစ်ယောက်အနေနဲ့ သူများတွေရဲ့ အာရုံစိုက်တာကို ခံယူချင်လို့ မလုပ်သင့်တာတွေ လုပ်မိလာတဲ့အခါကျရင်ကော ဘာတွေ ဆက်ဖြစ်နိုင်မလဲ။ ဒါတွေကို ဒီစာအုပ်မှာ မီးမောင်းထိုး ရေးပြထားတာမို့ စာဖတ်ပရိသတ်တွေရဲ့ စိတ်ထဲ စွဲငြိသွားလောက်မှာပါ။

ကျွန်မ စာအုပ်လေးကို ထုတ်ဝေပေးတဲ့ စာရိပ်မြိုင်စာပေမှ ကိုပြည့်အာကာ၊ စာအုပ်လေးကို အားပေးဖတ်ရှုကြမဲ့ စာဖတ်ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်နော်။ လိုအပ်ချက် တစ်စုံတစ်ရာ ရှိခဲ့ရင် ကျွန်မ အမှားပဲမို့ မေတ္တာစိတ်နဲ့ ခွင့်လွှတ်ပေးကြဖို့ တောင်းဆိုပါတယ်။

စုမြတ်ချစ်

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

ဝိုးနှင့် ရိုစ်မော်ဂန်တို့သည် ညီအစ်မများအနေဖြင့် လိုက်ဖက်ညီလှသည်။ ဝိုးတွင် ဖြောင့်စင်းနက်မှောင်တောက်ပသော ဆံနွယ်များ ရှိပြီး ရိုစ်တွင်မူ ရွှေအိုရောင်နုနု ဆံပင်ခွေလေးများက ဦးခေါင်းထက်တွင် ဦးထုပ်ပုံစံ။ ငယ်ရွယ်လှသောသူ၏ ပုံစံနှင့် မလိုက်အောင်ပင် ဝိုး အသွင်အပြင်မှာ ထင်ရှားလှပနေသည်။ ရိုစ်နှင့်ပတ်သက်သော အရာရာတိုင်းကတော့ လုံးဝန်းချစ်စရာကောင်းလှသည်။ မျက်နှာသေးသေးကလေးမှာ ပြုံးရွှင်လျက်။ ဝိုးသည် မြင်းပေါက်ကလေးလို ရှည်သွယ်သွယ်ထောင့်ကျကျ ခြေတံလက်တံများ ပိုင်ဆိုင်ထား၏။ ရိုစ်က နူးညံ့ ချစ်စရာကောင်းပြီး ပဲလိုဟု နှုတ်မဆက်တတ်ခင် အနမ်းပွင့်လေး ပေးတတ်နေပြီ။ သူကလေးသည် စွဲမက်စရာကောင်းလှသော ကလေးငယ်ကလေး။ အမြဲတစေ ရှက်ရွံ့နေတတ်သည့် ဝိုးကတော့ အကြောက်အရွံ့ကင်းပြီး မထိန်းချုပ်တတ်သော ရိုစ်လို ညီမငယ်လေးကြောင့် ပိုမို သန်မာရဲရင့်လာတော့သည်။ ရိုစ်က သူ့အစ်မနောက် တကောက်ကောက်လိုက်ရသည်ကို နှစ်သက်သော်ငြား ဝိုးကို စိတ်အနှောင့်အယှက် ဖြစ်စေ၏။ အထူးသဖြင့် ရိုစ်က ဝိုး၏ အရုပ်ကို ကိုင်ကာ ပြေးလွှားနေသည့်အခါ သူ့အစ်မ၏ဆူပူခြင်းကို ခံရလေ၏။ ရိုစ်မွေးဖွားလာချိန်တွင် ဝိုးက သုံးနှစ်သာသာ။ ပုခက်ထဲက ရိုစ်ကို သူ အံ့သြတကြီး ငေးကြည့်နေရှာသည်။ ဝိုး အခန်းထဲ ဝင်လာတိုင်း ရိုစ်မျက်နှာကလေးက လင်းခနဲ လက်ခနဲပင်။ မွေးမွေးချင်းပင် သူ့အစ်မကို ခင်တွယ်

mgyoe.com

mgyoe.com SAMPLE BOOK

သွားလေ၏။

ရိုစ် အသက်သုံးနှစ်အရွယ်တွင် သွေးကင်ဆာရောဂါ ခံစားရချိန်၌ ဇိုးက အသက် ခြောက်နှစ်။ သွေးကင်ဆာဟူသည့် အဓိပ္ပာယ်တော့ ဇိုး မသိပေ။ ရိုစ်၏ သွေးထဲတွင် ခံစားရသော ဝေဒနာဟု ဇိုးမေမေက ဇိုးကို ရှင်းပြလေ၏။ ရိုစ်က ဆေးကုသမှု လုပ်ရမည့်အတွက် ဆေးရုံ အတန်ကြာ တက်ရမည့်အပြင် ဓာတုကုထုံးပါ ခံယူရမည် ဖြစ်၏။ ဇိုးက သူ့မေမေနှင့် နှစ်ယောက်တည်းရှိချိန်တွင် မေးခွန်းထုတ်လေသည်။ ရိုစ် ခံယူရမည့် ကုထုံးက နာကျင်လားဟု မေးရာ အစပိုင်းတွင် နာကျင်ကောင်းနာကျင်နိုင်သော်လည်း သူ နေပြန်ကောင်းသွားမှာပါဟု ဇိုးမေမေက ပြန်ဖြေလေသည်။ ဇိုးက သူ့မိခင်၏ မျက်လုံးထဲတွင် သူ တစ်ခါမျှ မမြင်ဖူးသော အရိပ်အယောင်ကို မြင်ရလေသည်။ သူ့မိဘများ ကြောက်နေသည်ကို သူ မှန်းဆနိုင်၏။ ရိုစ် ဆေးရုံတက်ရသည့်အခါတိုင်း ဇိုးကို သူ့ဖခင်က ဂရုစိုက်ပါမည်ဟု ပြောသည်။ သို့မှသာ သူ့မိခင်က ရိုစ်နှင့်အတူ ဆေးရုံတွင် နေနိုင်မည်ပင်။ ရိုစ် ဝေဒနာသက်သာလာသည့်အချိန်တွင်တော့ အရာအားလုံးက ပုံမှန်အတိုင်း ဖြစ်မည်ဟု သူ့ဖခင်က ကတိပေးသောကြောင့် ဇိုးက ထိုအတိုင်းပင် ယုံကြည်ထားလေတော့သည်။ သူ့ဖခင်လည်း ထိုနည်းလည်းကောင်း ယုံထားမည်ဟု ဇိုး သိနိုင်ပါသည်။

သုံးရက်အကြာတွင် ရိုစ်က သူတို့မိခင် ဘသ်နှင့်အတူ ဆေးရုံသွားလေသည်။ ရိုစ်က ပန်းရောင်ခရီးဆောင်အိတ်အသေးလေးထဲ သူ့အကြိုက်ဆုံး ဝက်ဝံရုပ်ကလေး ပင်ကီကို ထည့်သွား၏။ သူ ဆေးရုံတက်ရမည်မှာ လေးပတ်ဖြစ်ပြီး သူတို့မိခင်ကလည်း ရိုစ်နှင့်အတူ နေပြီး ရက်အနည်းငယ်လောက်မှ တစ်ခါ ပြန်လာသည်။ အိမ်တွင် တစ်နာရီ နှစ်နာရီလောက် နေကာ အဝတ်အစားထည့်ပြီးနောက် ဇိုးကို ပွေ့ဖက်နမ်းရှုပ်၏။ ရိုစ် ဆေးရုံပြန်ဆင်းလာချိန်တွင် သူ့ ဆံပင်ရွှေရောင်အခွေကလေးများ မရှိတော့ပေ။ ခဏခဏ အိပ်ပြီး ဆိုဖာပေါ်မှာသာ လှဲနေတတ်သော်လည်း ဇိုး ကျောင်းမှ အိမ်ပြန်ရောက်ချိန်ဆို ဇိုးနှင့်အတူ ကစားချင်သည်။ ဇိုးကလည်း သူ့မေမေနှင့် ညီမလေး အိမ်ပြန်ရောက်လာသည်ကိုပင် ပျော်မဆုံး။

ရိုစ်သည် ထိုနှစ်တွင် ဆေးရုံ ခဏခဏ တက်ရပြီး ရိုးတွင်းခြင်ဆီ အစားထိုးကုသမှုပါ ပြုလုပ်လိုက်ရသည်။ သူတို့မေမေက ရိုစ်ကို ရိုးတွင်းခြင်ဆီ ပေးလိုက်သောကြောင့် အဆင်ပြေသွားသည်။ ထိုနောက်ပိုင်း ရိုစ် ပြန်ကောင်းလာ၏။ ရိုစ် ဆံပင်ကောက်ကောက်ကလေးများ ပြန်ပေါက်လာသော်လည်း ရွှေရောင်ရင့်ရင့် ဖြစ်သွားသည်။ မျက်ခုံး မျက်တောင်ကလေးများလည်း ပြန်ပေါက်လာသည်။ ရိုစ်က

mgyoe.com

mgyoe.com SAMPLE BOOK

ဖိုးအရုပ်များ ယူလျှင်လည်း ရိုစ်ကို သူ မအော်တော့ပေ။ ရိုစ် အိမ်ပြန်ရောက်လာသည်ကိုပင် ဖိုး ပျော်နေသလို သူတို့မိဘများလည်း ဝမ်းသာနေသည်။ ဖိုးက ခုနောက်ပိုင်း သူ့အဖေနှင့်သာ အချိန်ကုန်လွန်ရသည်မှာ များလာ၏။ အရာရာကို အမြဲတစေ စနစ်ကျကျ စီစဉ်ပေးတတ်သည့် သူ့အမေနှင့် အတူနေရသည်လောက်တော့ အဆင်မပြေပေ။ သို့သော် ထိုနှစ်ကုန်သည်အထိ သူ့အဖေလည်း အမေ့လိုတတ်နိုင်သမျှ အကောင်းဆုံး လုပ်ပေးရှာသည်။ သူ့အဖေ မသိသမျှ ဖိုးက ဒိုင်ခံပြောပေးသည်။ ပေါင်မုန့်မီးကင်ကို သူဘယ်လိုပုံစံ စားကြောင်း၊ ရိုစ်က ဘယ်မနက်စာကို စားကြောင်း စသည်ဖြင့်။ သူ့အဖေက အဝတ်လျှော်ဖွပ်၊ အိပ်ရာသိမ်း၊ ဖိုးကို ကျောင်းအပို့အကြိုလုပ်၊ ထမင်းဟင်းချက် အကုန် လုပ်လေသည်။ ဖိုး စိတ်ပါလျှင်တော့ ညတိုင်း အချို့ပွဲပြင်ဆင်ရာတွင် ကူညီလုပ်ကိုင်စေ၏။ ဖိုးအိပ်ရာဝင်ချိန်တွင် သူ့အဖေက အိပ်ရာဝင်ပုံပြင် ဖတ်ပြပြီး ဖိုး မအိပ်ခင် သားအဖနှစ်ယောက်သား ရိုစ်ကို ဖုန်းဆက်ကြသည်။ ရိုစ် ဆေးရုံတက်နေသည့်အခါမျိုးတွင်ပေါ့။ ရိုစ် ဆေးရုံဆင်းလာသည့်အခါတိုင်း သူတို့မိသားစု လေးယောက် ပါတီပွဲလေး လုပ်ကြသည်။ ရိုစ်ကလေးအတွက် ကိတ်သေးသေးကလေးတွေ လုပ်ပေးလိုက်၊ ကိတ်ကြီးကြီး လုပ်ပေးလိုက်။ ကိတ်ပေါ်တွင် ဖယောင်းတိုင်ထွန်းပြီး ရိုစ်ကို မီးမှုတ်စေသည်။ အပတ်စဉ် ရိုစ်မွေးနေ့ကျင်းပနေသည့်အလား။

သူ့အဖေက သူနှင့်အတူ နေနိုင်သည်ကပင် သူ ကံကောင်းလှကြောင်း ဖိုး သိသည်။ သူ့အဖေက အိမ်မှာပင် အလုပ်လုပ်ပြီး အပေါ်ထပ်တွင် စတူဒီယို အလုပ်ခန်း ရှိသည်။ ဖိုးအဖေ ဘရက်က ဒစ်စနေစတူဒီယိုများတွင် လှုပ်ရှားသက်ဝင်ပုံဆောင်နည်းပညာရှင်အဖြစ် အလုပ်လုပ်ခဲ့ပြီး ကြွက်ကလေး အိုလီ၏ စွန့်စားခန်းများ အကြောင်းကို စာအုပ်တစ်အုပ် ရေးခဲ့လေသည်။ သူကိုယ်တိုင်ပင် သရုပ်ဖော်ပုံများ ရေးဆွဲသည်။ ပထမဆုံး အိုလီစာအုပ်က ချက်ချင်း အောင်မြင်သွား၏။ ဒုတိယမြောက် စာအုပ်ထွက်ပြီးနောက် တီဗွီရှိုးပါ ရိုက်ကူးထုတ်လုပ်ပြီး ကြော်ငြာများ၊ အိုလီ အရုပ်များ ထုတ်လုပ်ဖြစ်ခဲ့သည်အထိပင်။ ထိုနောက်ပိုင်းတွင် ဘရက်က ဒစ်စနေမှ အလုပ်ထွက်ပြီး ဖိုး မမွေးခင် သူတို့ဇနီးမောင်နှံ ဆန်ဖရန်စစ္စကိုသို့ ပြောင်းလာသည်။ စာအုပ်က အကြီးအကျယ် အောင်မြင်သွားလိမ့်မည်ဟု သူတို့ မမျှော်လင့်ထားကြ။ ဘာသာစကား ၁၆ မျိုးနှင့် တစ်ကမ္ဘာလုံးတွင် ရောင်းချရသည်။ သူ့အဖေက အိုလီ စာအုပ်တွေကို သူ့အား ဖတ်ပြတိုင်း ဖိုးမှာ သဘောကျ၍ မဆုံး။ နှစ်စဉ် အသစ်တစ်အုပ် ထွက်လေသည်။ တဖြည်းဖြည်းနှင့် အိုလီတောင်

mgyoe.com

mgyoe.com SAMPLE BOOK

ကြွက်ဖြူမကလေး ဘဲလေးကချေသည် မရီနာနှင့် လက်ထပ်ပြီး ကြွက်အမွှာပူးလေးနှစ်ကောင် မွေးလာသည်။ ချာလီနှင့် ဆရဖီးနား ဟူ၏။ သူတို့မိသားစုကလေးပြီးပြည့်စုံသွားပြီး စွန့်စားခန်းများလည်း ဆက်လက်ဖြစ်နေသည်။ ဘရက်နှင့်ဘသ်တို့ဇနီးမောင်နှံ ဆန်ဖရန်စစ္စကို ရောက်ပြီးနောက် ဇိုးကို မွေးဖွားလာသည်။ ဘရက်ကအိမ်ရှိ စတူဒီယို၌သာ အလုပ်ဆက်လုပ်သည်။ ဇိုး နည်းနည်းကြီးလာသည့်အခါအပေါ် ထပ်ရှိ သူ့အဖေ စတူဒီယိုသို့ သွားရသည်ကို နှစ်သက်၏။ စတူဒီယိုထောင့်နားတွင် ဇိုးအတွက် စားပွဲအသေးကလေး ရှိပြီး ပုံဆွဲစာရွက်များ၊ ရောင်စုံခဲတံများ၊ပန်းချီဆေးများ အစုံအလင်ပါပင်။ အိုလီတို့ ဇနီးမောင်နှံနှင့် အမွှာကလေးများ၏ပုံဆွဲရခြင်းကို ဇိုးတစ်ယောက် သဘောကျနေလေတော့သည်။

ဇိုး၏ မေမေကတော့ အလုပ် မလုပ်ချေ။ သူတို့ သည်နေရာကို မပြောင်းလာခင်က ဘသ်သည် အယ်လ်အေရှိ ဆေးရုံတစ်ရုံတွင် ခွဲစိတ်သူနာပြုဆရာမအဖြစ် အလုပ်လုပ်ပြီး ဇိုး မွေးလာသည်နှင့် ဘသ်က အချိန်ပြည့်မိခင်နေရာကိုယူလိုက်သည်။ သူတို့သားအမိနှစ်ယောက် နေ့တိုင်း ပန်းခြံသွားကြ၊ ကွတ်ကီးများလုပ်ကြ၊ ရေကူးသွားသင်လိုက်ကြ၊ အဖွဲ့လိုက် ကစားခြင်းမျိုး လုပ်လိုက်ကြနှင့်။ မိခင်များနှင့် ကလေးငယ်များအတွက် စီစဉ်ပေးသော ဂီတအတန်းလည်း တက်လိုက်ကြသေးသည်။ အချိန်ပြည့် အလုပ်များနေတော့၏။ ရီ့စ်မွေးဖွားလာချိန်တွင် ဇိုးကမူကြို တက်ခါစ။ ရီ့စ်ကလေးကြောင့် တစ်မိသားစုလုံး အလုပ်များနေပြီး သူတို့မိသားစုက ဘရက်စာအုပ်ထဲက အိုလီတို့ ကြွက်မိသားစုကလေးလို ပြည့်စုံအဆင်ပြေပါလားဟု ဇိုး ထင်မှတ်နေရှာသည်။ ဇိုး၏ ကျောင်းပုံပြင်ပြောပွဲတွင် ရီ့စ်ကလေးကိုပါ ခေါ်သွားရန် ဇိုးတို့မေမေက ခွင့်ပြုသောကြောင့် လေးလအရွယ်ရီ့စ်ကိုလူတိုင်း မြင်ဖူးသွားကြလေသည်။ ဇိုး ရီ့စ်ကို ချီထားချိန်တွင် သူက တွေ့သမျှလူများကိုပြုံးပြနေပြီး နောက် အိပ်ပျော်သွားလေ၏။ သူ လာလည်ပုံက ကြီးကြီးမားမားအနိုင်ရသွားပုံမျိုး။ သူကလေးက နတ်သမီးနှင့် တူပါလားဟု လူတိုင်းက ပြောစမှတ်ပြုကြလေသည်။ ဇိုးနှင့် သူ့ညီမငယ်လေးက လုံးဝမတူဟုလည်း ကလေးများကမှတ်ချက်ပေးကြသည်။ သူတို့မိခင်ကဲ့သို့ မျက်လုံးပြာပြာလေးများကိုတော့ နှစ်ယောက်စလုံး ပိုင်ဆိုင် ထားကြ၏။

ဇိုးက ဆန်ဖရန်စစ္စကိုတွင် နေထိုင်ရသည်ကို နှစ်သက်သည်။ သူ သိသောတစ်ခုတည်းသော အိမ်ကိုး။ သူတို့အိမ်အိုလေးမှ ပင်လယ်အော်နှင့် ဂိုးဒင်းဂိတ်တံတားကို လှမ်းမြင်နေရသည်ကိုလည်း သူ သဘောကျသည်။ ဇိုးတို့ညီအစ်မ

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ယောက်က တစ်ခန်းတည်းမှာ နေပြီး ကစားရန် နေရာကလည်း အတော်ကျယ်သည်။ အစပိုင်းတော့ ရိုစ်က သူတို့မိဘ အိပ်ခန်းထဲရှိ ခုတင်ဘေးက ခြင်းကလေးထဲတွင် အိပ်ပြီး ခြင်းထဲ မဆန့်တော့သည့်အခါ ဇိုးအခန်းထဲက အိပ်ရာနှင့် မျက်နှာချင်းဆိုင် ပုခက်ထဲတွင်သာ အိပ်တော့သည်။ ဇိုးက ပုခက်နား ခြေဖျားထောက်သွားပြီး သူ့ညီမလေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို မြင်မှပင် သူ့အိပ်ရာပေါ် ပြန်တက်လေ၏။ ရိုစ် နေမကောင်းသည့်အချိန်တွင် သူတို့ညီအစ်မနှစ်ယောက် တစ်ခုတင်တည်း အိပ်သည်။ သူတို့ဖခင်က အခန်းနံရံတွင် မှော်ဥယျာဉ်လေးထဲ နတ်သမီးကလေးများ ပျံနေကြပုံ ရေးဆွဲပေးထားသည်ကို ဇိုး သဘောကျသည်။ ကမ္ဘာပေါ်တွင် အကောင်းဆုံးအခန်းကို ပိုင်ဆိုင်ထားရခြင်းပင်။ ရိုစ်ဆေးရုံတက်ရသည့်အခါ ဇိုးခမျာ ညတိုင်း သူ့ညီမလေး၏ နေရာလွတ်ကို ကြည့်ပြီး လွမ်းနေရှာ၏။ ရိုစ် မရှိတော့ အခန်းက ဝမ်းနည်းစရာကောင်းလွန်းလှသည်။ ရိုစ်ပြန်လာမည့် ရက်ကို ဇိုး လက်ချိုးရေတွက်နေတော့သည်။

ဇိုးက အစ်မတစ်ယောက် ဖြစ်ရသည်ကို နှစ်သက်သည်။ ရိုစ်က တစ်ခါတလေ အနှောင့်အယှက် ပေးလျှင်တောင် ဇိုးက သူ့ကို အချစ်မပျက်။ နောက်တော့ ရိုစ် နေမကောင်းမဖြစ်ခင်ထိ ဇိုး ဖြတ်သန်းလာရသည့် ခြောက်နှစ်သာ ပြီးပြည့်စုံသည်ဟု ဆိုနိုင်တော့သည်။ ချစ်ခင်ကြင်နာတတ်သည့် မိဘနှစ်ပါးနှင့် ပျော်စရာနေ့ရက်များ၊ ကစားဖော် ညီမလေး ရှိခြင်း၏ အမှတ်တရများ။ သူနှင့်အတူ ရိုစ်ကိုပါ ကျောင်းတက်စေချင်လှသော်လည်း ရိုစ် နေမကောင်းဖြစ်သွားသောကြောင့် တစ်နှစ်နောက်ကျသွား၏။

ရိုစ် ရိုးတွင်းခြင်ဆီအစားထိုးပြီး တစ်နှစ်အကြာ သွေးကင်ဆာရောဂါက အပြီးတကြီး ပြန်ပေါ်လာလေသည်။ အရင်ကထက် ဝေဒနာ ပိုခံစားရသည့်အတွက် ရိုစ်ခမျာ ဆံပင်များ ပြန်ကျွတ်သည်။ ဓာတုကုထုံးလည်း မကြာခဏ ခံယူရသောကြောင့် သူ့အရေပြားအောက်မှာ ပစ္စည်းလေးတစ်ခု ထည့်ထားရသည်။ သူ့သွေးကြောများကို ထပ်သုံးရန် အဆင်မပြေတော့သည့်မို့ သွေးသွင်းခြင်း၊ ဆေးရည်သွင်းခြင်းတို့အတွက် လိုအပ်သည့် ပစ္စည်းကလေးပေါ့။ သူ ရောဂါထပ်ဖြစ်သည့် အချိန်မှစ၍ ပြန်သက်သာလာခြင်းမျိုး မရှိတော့ချေ။ ယိုယွင်းပျက်စီးလာခြင်းမျိုး နှေးကွေးလာသော်လည်း နောက်ထပ်နှစ်နှစ်လောက် သည်ဝေဒနာက ပုံမှန်ဖြစ်နေလေသည်။ ရိုစ်ဘဝကလေးက ငရဲတမျှပင်။ အသက်ကိုးနှစ်အရွယ် ဇိုးက ကောင်းကောင်း သဘောပေါက်နေပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့မိဘများ ခဏခဏ ငိုယိုနေသည်ကို ဇိုး တွေ့သည်။ သူ့အမေလည်း အိမ်မှာ မရှိသလောက်ပင်။ ရိုးစ်ကို ဆေးရုံမှာ တစ်ယောက်တည်း ထားခဲ့လို့ မဖြစ်သောကြောင့် ဇိုးမှာ သူ့အမေကို မြင်ရခဲလာသည်။ ကိစ္စအတော်များများ ဆုံးဖြတ်ရပြီး ဆရာဝန်အတော်များများနှင့် တွေ့ရ ဆုံရ ခေါ်ရသည်။ ဇိုးအဖေကလည်း ဆေးရုံမှာ ဆရာဝန်နှင့် တွေ့ရခြင်း၊ ရိုးစ်ကို သွားကြည့်ရခြင်းတို့ကြောင့် အပြင် ခဏခဏ သွားရသည့်အခါ ဇိုးခမျာ အိမ်နီးချင်းများနှင့်ပင် နေရရှာ၏။ ဓာတုကုထုံး ခံယူနေရင်းနှင့်ပင် ရိုးစ် အိမ်ပြန်လာသော်လည်း ခဏခဏ ငိုလိုက် အချိန်အတော်ကြာ အိပ်လိုက်ပါပဲ။ ရိုးစ် တစ်စတစ်စ ကွယ်ပျောက်တော့မည်ကို ဇိုး စောင့်ကြည့်နေရသည်။ ရိုးစ် ပြန်ကောင်းသွားမှာပါဟု သူတို့အမေက ပြောသော်လည်း အဖေကတော့ မဖြစ်နိုင်သည့် ကတိများကို ထပ်မပေးတော့ချေ။ ဘာတွေ ထပ်ဖြစ်မလဲဟု ဇိုးက သူ့အဖေကို မေးသည့်အခါလည်း အဖြေ ရေရေရာရာ မသိရပေ။ မကောင်းတဲ့အရာတွေ ဖြစ်နေပါလားဟု သူ့မိဘတွေ၏ အကြည့်တွေထဲမှ ဇိုး မှန်းဆနိုင်သည်။ မနှစ်ကလိုပါပင်။ ယခုဆိုလျှင် ဇိုးက ကိုးနှစ်၊ ရိုးစ်က ခြောက်နှစ်အရွယ်။ ရိုးစ်က ကလေးငယ်လေးသာ ဖြစ်သေးသော်ငြား သူ့မျက်လုံးများက ရင့်ရော်နေပြီ။ တစ်ခါတလေ သူ အိမ်မှာ ရှိနေချိန် ဇိုးက သူ့ခုတင်ဘေးနား ကြမ်းပြင်ပေါ် ထိုင်ပြီး လက်ကလေး ကိုင်သည်။ နတ်သမီးတွေက ကောင်းကင်ပေါ်က ဆင်းလာပြီး သူ့ကို လာခေါ်တော့မှာလားဟု ဇိုးကို တစ်ခါမေးဖူးသည်။ ဇိုးမှာ မျက်ရည်မဆည်နိုင်ဖြစ်ပြီး ရိုးစ် ဘယ်ကိုမှ မသွားရပါဟု ခပ်တင်းတင်း ပြန်ပြောလိုက်၏။

ရိုးစ်သည် သေနိုင်လောက်အောင် ပြင်းထန်သော ရှားပါးသွေးကင်ဆာ ခံစားနေရကြောင်း သူ့မိဘများ ပြောသည်ကို ဇိုး ကြားလိုက်သည်။ အခြားကလေးများက ရောဂါဝေဒနာအမျိုးမျိုးကနေ ပြန်ကျန်းမာလာသော်လည်း ရိုးစ်က သူ့ဝေဒနာကို အနိုင်ယူဖို့ ခက်ခဲလေ၏။ ဆရာဝန်များလည်း အမျိုးမျိုး ကြိုးစားကြပါသည်။ သူ့မိဘများ ပြိုးရွှင်ပြီး သက်သောင့်သက်သာ နေခဲ့ရသည့်အချိန်ကို ဇိုး မမှတ်မိတော့ပေ။ သူတို့ခမျာ အချိန်တိုင်း ကြောက်ရွံ့နေရှာသည်။ အဆုံးသတ်မှာတော့ သူတို့ မည်ရွေ့မည်မျှ ကြိုးစားကြိုးစား၊ မိခင်ဖြစ်သော ဘသ်တစ်ယောက် ရိုးစ်ကို ဘယ်လောက်ဂရုစိုက်စိုက် တစ်ညသောအခါ ဆေးရုံမှာပင် ရိုးစ်ကလေး လောကကြီးမှ ထွက်သွားလေပြီ။ သူနှင့် မခွဲအတူရှိခဲ့သော ဝက်ဝံရုပ်လေး ပင်ကီသည် သူ ကောင်းကင်ဘုံ ရောက်သွားသည့်အခါ ဇိုးနှင့်အတူ အိပ်ချင်ကြောင်း သူ့အမေကို ရိုးစ် ပြောပြဖူးသည်။ နောက်တစ်နေ့မနက် ဘသ်က ဇိုးကို ဝက်ဝံရုပ်

mgyoe.com

mgyoe.com SAMPLE BOOK

ပေးလိုက်ချိန်တွင် ဘာတွေဖြစ်သွားပြီလဲဆိုသည်ကို ဇိုး သိလိုက်ပြီ။ တစ်ယောက်ယောက်က သူ့နှလုံးသားကို ဆုတ်ဖြဲလိုက်သလိုပင် ဇိုး ခံစားရသည်။ ရှီ့စ်က ဘယ်သောအခါမျှ အိမ်ပြန်လာတော့မည် မဟုတ်ပေ။

ဇိုး အသက်ဆယ်နှစ်တွင် သူ့ညီမလေး ကွယ်လွန်သွားခြင်းပင်။ ရှီ့စ် ကွယ်လွန်ချိန်တွင် အသက် ခုနစ်နှစ်သာသာ။ သူ့ခမျာ တိုက်ပွဲကို လေးနှစ်ကြာ တိုက်ခိုက်ခဲ့ပြီး သူ ကွယ်လွန်သွားသည်နှင့် ဇိုးတို့မိဘများလည်း ဇိုး မသိသော လူများအဖြစ် ပြောင်းလဲသွား၏။ ဇိုးအမေက မျှော်လင့်ချက်အားလုံး ဆုံးရှုံးခဲ့ရသောကြောင့် အသက်မပါသလို လေးကန်ထိုင်းမှိုင်းသူ ဖြစ်သွားသည်။ သူတို့ သုံးယောက်လုံးအတွက် မခံမရပ်နိုင်ဖြစ်သော ရှီ့စ်နာရေး ပြီးနောက် ဘယ်က အိပ်ရာထဲက မထတော့ချေ။ ဘရက်က သူ့ဇနီးကို ဆရာဝန်ပြစေချင်သော်ငြား ဘယ်က လက်မခံပေ။ ဘယ်အရာကမှ ရှီ့စ်ကို ပြန်မခေါ် နိုင်တော့ဘူးမို့ ယခုအချိန်တွင် ဘာမျှ အရေးမကြီးတော့ကြောင်း သူက ပြောသည်။ ဇိုးအဖေကလည်း တစ္ဆေတစ်ကောင်လို နေ့ရော ညပါ အိမ်ထဲတွင် ဟိုယောင်ယောင် သည်ယောင်ယောင် သွားနေသည်။ ဇိုးက အဖေနှင့် အမေဆီ ရောက်ဖို့ ကြိုးစားသော်လည်း သူ ဘာပြောပြော ဘာလုပ်လုပ် အကူအညီ ဖြစ်မလာ။ ရှီ့စ် မကွယ်လွန်ခင်က သူတို့ဘဝတွင် ပျော်စရာကာလတွေ အများကြီး ရှိခဲ့၏။ ထိုနောက်ပိုင်း ဇိုးလည်း ဘာကိုမှ အမှတ်မရတော့ချေ။ သူတို့အိမ်က မြို့ဆိုးအလား။ ညဘက်ဆို ဇိုးက အိပ်ရာပေါ် လှဲနေလျက် ပင်ကီဝက်ဝံရုပ်ကလေးကို တင်းတင်းကျပ်ကျပ် ဖက်ထားပြီး ရှီ့စ် ရောဂါ မဖြစ်ခင်က နတ်သမီးပုံစံလေးကို ကြိုးစားပုံဖော်ကြည့်သည်။ ဇိုးမှတ်မိသည်က ရှီ့စ် ရောဂါဒဏ်ကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်ပြီး ဆံပင်မရှိသည့် ပုံစံသာ။ ရှီ့စ်ဓာတ်ပုံအဟောင်းများက ဇိုးသိသည့် ရှီ့စ်ပုံစံ မဟုတ်တော့ပေ။

ရှီ့စ် မကျန်းမာသည့် လေးနှစ်လုံးလုံး မိဘများက သူ့လိုအပ်ချက်များကိုသာ အာရုံစိုက်ခဲ့သည်။ ဇိုးဘဝကတော့ နောက်ချန်ရစ်ခဲ့ရပြီး တစ်နေ့ကျရင် သူတို့ဘဝတွေ ပုံမှန်ပြန်ဖြစ်မယ်ဟု ဇိုးအဖေက ထပ်တလဲလဲ ကတိပေးခဲ့လေသည်။ သို့သော် ရှီ့စ်ကွယ်လွန်သွားသည့်တိုင် ထိုအချိန်ကတော့ ဘယ်တော့မှ ပြန်မဖြစ်လာတော့ပေ။ အဖြစ်အပျက်များ ပြီးနောက် မိဘများက ဇိုးနှင့် ဆက်ဆံရန် သိပ်ထိတ်လန့်နေပြီး မျှော်လင့်ချက် မထားနိုင်တော့ချေ။ သူတို့ တွေးနိုင်သည်က သူတို့၏ ဝမ်းနည်းပူဆွေးမှုပင်။ အိမ်မှာလည်း ခြောက်ကပ်ကပ်။ ဘယ်သူ့နှင့်မှလည်း အဆက်အဆံ မရှိတော့။ တစ်ယောက်ကို တစ်ယောက် စကားပြောသည်တောင်

mgyoe.com

mgyoe.com SAMPLE BOOK

ခပ်ရှားရှား။ ပြောလည်း မပြောချင်ကြပေ။ ဇိုးကို လုံးဝ အာရုံမထားကြတော့ချေ။ ဘရက်က သူ့ဇနီးကို လက်ကမ်းရန် ပိုကြိုးစားသော်လည်း မအောင်မြင်။ ဘသ်က သူတို့မိသားစုအတွက် လေးနှစ်လုံးလုံး မီးပြတိုက်အဖြစ် ရပ်တည်ခဲ့သော်လည်း ရို့စ် မရှိတော့သည့်အခါ ဘသ်၏ အလင်းရောင်အားလုံး ချုပ်ငြိမ်းသွားရှာပြီ။ သူ့ကိုယ်သူပင် မဆိုထားနှင့်၊ ဘယ်သူ့အတွက်ကိုမျှ စိတ်ခံစားချက် မရှိတော့။ သူမှာရှိသမျှ အရာအားလုံး အငယ်ဆုံးသမီးလေးအတွက် ပုံအပ်ထားခဲ့သူမို့ ဇိုးက သူနှင့်အလှမ်းကွာနေပုံပင်။ ဘသ်က အချိန်ပြည့် အိပ်နေတော့သည်။ ဘရက်ကတော့ ဇိုး ကျောင်းအသွားအပြန် အဆင်ပြေအောင် ဖယ်ရီစီးဖို့ စီစဉ်ပေးထားလိုက်၏။ ညဘက်ဆို အသင့်စား အစားအသောက်များ မှာသည်။

မိဘများ၏ အကောင်းဆုံးကလေး သေဆုံးသွားပြီး အခြားတစ်ယောက်နှင့်သာ ကျန်ခဲ့သည်ဟု သူတို့နှလုံးသားထဲမှာ ယုံကြည်ထားပါလားဟု ဇိုး ခံစားမိသည်။ သူတို့စိတ်ပျက်သွားပုံက အကြွင်းမဲ့။ ရို့စ်က သူတို့အတွက် နတ်သမီးငယ်ကလေး ဖြစ်ခဲ့ပြီး ယခု သူ မရှိတော့။ အကယ်၍ ရို့စ် မသေဘဲ ဇိုးသာ သေဆုံးသွားမည်ဆိုပါက မိဘများ ခုလို ခံစားနေရမှာ မဟုတ်လောက်ပေ။ ဇိုး မယုံကြည်နိုင်ဖြစ်နေရှာသည်။ မိဘများ၏ အဆုံးမရှိ ဝမ်းနည်းပူဆွေးမှုကြောင့် ဇိုးက ဒုတိယနေရာပါလား ဟူသည့်အချက်က ထင်ရှားနေလေပြီ။ ရို့စ် မရှိတော့သည့်အကြောင်းကို သူတို့ ပြောဆိုကြသော်လည်း ဇိုး ဖြစ်တည်မှုကိုတော့ သတိမရကြ။ ကိုယ်ပျောက်လူသားလေးဇိုး ဖြစ်လာပြီ။ ရို့စ်ကွယ်လွန်ပြီး နှစ်နှစ်ကြာသည်အထိ သူ့မိဘများ၏ စိတ်ခံစားချက်က အလှမ်းဝေးနေတုန်းပင်။ ဇိုးခမျာ သူ့ကိုယ်သူ ဂရုစိုက်စောင့်ရှောက်ရန်၊ လိုအပ်ချက်များ ဖြည့်ဆည်းရန် သင်ယူရပြီး သူ့မိဘများဆီမှ အရင်တုန်းက ရထားသည့် အရာမှန်သမျှ ဘာမှ မျှော်လင့်မရတော့ပေ။

ဇိုးတို့ တစ်မိသားစုလုံးကို လွှမ်းမိုးဝါးမျိုထားသည့် အိပ်မက်ဆိုးမှ ပထမဆုံး လှန့်နိုးလိုက်သူက ဇိုးအဖေ။ ဇိုး အသက် ၁၂ နှစ် ပြည့်လေပြီ။ သူ ကျောင်းက ပြန်လာချိန်ကို သူ့မိဘများက မီးဖိုချောင်မှာ ထိုင်စောင့်နေပြီး ဇိုး ရောက်တော့ သူတို့ သီးခြား ခွဲနေတော့မည်ဖြစ်ကြောင်း ပြောလေသည်။ ဇိုးအတွက် နာကျင်စရာက ပိုနက်ရှိုင်းသွား၏။ တစ်နေ့တော့ အရာအားလုံး ပုံမှန်အတိုင်း ပြန်ဖြစ်လာမှာပါ ဟူသည့် မျှော်လင့်ချက် တစ်စွန်းတစ်စလေးကို ဖက်တွယ်ထားသူ ဇိုးအဖို့ အခုတော့ ထိုမျှော်လင့်ချက်ကလေး ရိုက်ချိုးခံလိုက်ရပြီ။ သူတို့ မီးဖိုချောင်ရှိ စားပွဲဝိုင်းမှာ ထိုင်နေစဉ် ဇိုးကို သူ့အဖေက သတင်းဆိုး ပြောပြလာခြင်းပင်။ အမေကတော့

mgyoe.com

mgyoe.com SAMPLE BOOK

ဆွံ့အ,နေသည့်အလား ဘာမှ မပြောပေ။ အဖေက အမေနှင့်အတူ ဆွေးနွေးကုထုံး ခံယူချင်သော်လည်း အမေက ငြင်းဆန်ကြောင်း၊ သူ အဆင်သင့် မဖြစ်သေးကြောင်း ဖိုးကို ရှင်းပြလေသည်။ အမေကတော့ သူ့သမီးကို ကြည့်လည်းမကြည့်၊ စကား လည်း မပြောဘဲ ပန်းကန်ဆေးစက်ကိုသာ စိုက်ငေးလျက် ခံစားမှုကင်းမဲ့နေပုံ။ သူ ဘာတွေ ခံစားနေရသည်ကို ရှင်းပြဖို့လည်း မကြိုးစား။ သူတို့ အားလုံး သိပါ သည်။ ဘသ်က သူ့သမီးငယ်လေးအဖို့ အရာရာကို ပေးဆပ်ခဲ့ပြီး ဆုံးရှုံးသွားရသလို ခုတော့ သူ့ခင်ပွန်းကိုပါ ဆုံးရှုံးရတော့မည်။ သူ့မှာ တောင့်ခံရန် အင်အားမရှိတော့ ပေ။ ရေအောက်ထဲ နစ်မြုပ်သွားသည့်နှယ်။

"ဖေဖေတို့ အဆင်ပြေဖို့ မကြိုးစားကြတော့ဘူးလားဟင်" ဟု ဖိုးက မေးတော့ ဘရက်က ခပ်ဖြည်းဖြည်း ခေါင်းယမ်းပြပြီး ဘသ်ကတော့ ဘာမှ မပြောပေ။

"ပြေမယ် မထင်တော့ဘူး သမီး" ဟု ဘရက်က တိုးတိုးကလေး ပြောပြီး တစ်ချိန်က သူချစ်ခဲ့ဖူးသော အမျိုးသမီးအဖြစ် မမှတ်မိနိုင်လောက်အောင် ဖြစ်နေ သည့် ဘသ်ကို ငေးကြည့်နေ၏။ ဘသ် အရင်လို ပြန်ဖြစ်လာရန် ဘရက် စိတ်မကူးနိုင် တော့သလို ဘသ်ကလည်း ကြိုးစားရန် ငြင်းဆန်သည်လေ။ အိမ်ထောင်ရေးနှင့် ပတ်သက်သော ဆွေးနွေးကုထုံးခံယူရန် ဘရက်၏ မေတ္တာရပ်ခံချက်ကို ဘသ်က လုံးဝ လက်မခံ။ ဝမ်းနည်းပူဆွေးမှုတွေ လွှမ်းမိုးလာသောကြောင့် ယူကျုံးမရ ဖြစ်စေသည့် ရလဒ်တွေသာ အဖတ်တင်တော့သည်။

"ဘာတွေ ဖြစ်မလဲ ကြည့်ရမှာပေါ့" ဟု ဘရက်က မသေချာမရေရာ ပြောသည်။ သူတို့ ကွာရှင်းကြမှာ မဟုတ်သော်လည်း ရို့စ် သေဆုံးခြင်းအတွက် သူကိုယ်တိုင် ဆွေးနွေးလမ်းညွှန်မှု လိုအပ်ကြောင်း ဘရက်က ဖိုးကို ပြောသည်။ သူတို့မိသားစုသုံးယောက်လုံး သည်လိုပုံစံ လိုအပ်သော်ငြား ဖိုးကတော့ အဆင်ပြေပါ သည်ဟု ဘသ်က မလျှော့တမ်း ပြောလေသည်။ ဖိုးက ကျောင်းမှာ အမှတ်တွေ ကောင်းပြီး ဘာဆေးမှလည်း သောက်နေရသည် မဟုတ်ပေ။ သူက ကလေးသာသာမို့ ရှင်သန်နိုင်မှာပါလေ။ ဘသ်ကတော့ ရှင်သန်ရုန်းထွက်နိုင်ပါ့မလား သူ့ကိုယ်သူ မသေချာတော့ချေ။ မရှင်သန်နိုင်တော့သည်လည်း ဖြစ်နိုင်ပါ၏။ ဘရက်က သည်အခြေအနေကို ဖြတ်ကျော်ချင်ခြင်းသည် သစ္စာဖောက်သည်ဟုပင် ဘသ် ခံစားရသည်။ ဤကဲ့သို့ အကြီးအကျယ် ပူဆွေးဝမ်းနည်းမှုကို ပြီးပြီးပျောက်ပျောက် သဘောထားလိုက်ချင်သည့် ဘရက်ဆန္ဒက သူ့ဇနီးနှင့် သမီးကို စွန့်ပစ်လိုက်ခြင်းနှယ်။

mgyoe.com

mgyoe.com SAMPLE BOOK
ဘသ်ကတော့ ရိုစ်ကို ဂုဏ်ပြုဖို့ ထာဝရ ဝမ်းနည်းပူဆွေးနေရန် ရည်ရွယ်ထားသည်။ ဇိုးကို လျစ်လျူရှုမိပြန်သည်။ ဇိုးကတော့ သူ့မိဘများ၏ လုပ်ရပ်အပေါ် နေသားကျနေပါပြီ။ သူတို့ကိုယ်တိုင်နှင့် ခံစားချက်များကိုသာ တွေးနေပါကလား။ သူတို့ ရိုစ်အတွက် လုပ်ပေးခဲ့သော အရာတွေကြောင့် သူတို့ ဘယ်လောက် တစ်ကိုယ်ကောင်းဆန်လဲ ဇိုး အရင်က သဘောမပေါက်ခဲ့ချေ။

ဘရက်က ထိုပိတ်ရက်တွင်ပင် ထွက်သွားခဲ့ပြီ။ ဘရော့ဝေးမှာ တစ်ကိုယ်စာ တိုက်ခန်းငယ်လေး ရှာတွေ့ထားသည်။ ကွာရှင်းမှုအတွက် ပထမအဆင့်ဟု ဆိုကြသည်လေ။ ထိုတိုက်ခန်းတွင် ဇိုးနေဖို့ နေရာမရှိ။ တစ်ပတ်တစ်ခါတော့ ဘရက်က ညစာအတူ စားဖို့ ဇိုးကို ခေါ်လာတတ်သည်။ ဆိုလိုသည်က ဇိုးညီမလေး နေမကောင်းဖြစ်စဉ် လေးနှစ်လုံးလုံးနှင့် နောက်ထပ်နှစ်နှစ်တွင် ဇိုး၏ အဓိက အုပ်ထိန်းစောင့်ရှောက်သူက ထွက်သွားပြီး ခဏတစ်ဖြုတ်ဧည့်သည်သာ ဖြစ်လာသည်ပေါ့လေ။ ဇိုးအမေကတော့ အဖေ ထွက်သွားပြီးနောက်ပိုင်း ပို၍ တစ်သီးတစ်သန့် နေတော့သည်။ အခန်းထဲမှ ထွက်လာသည်ပင် ခပ်ရှားရှား။ ဇိုးက သူ့အမေ ဝယ်ထားသော စည်သွပ်ဘူးများ၊ အေးခဲထားသော ညစာများကို မီးဖိုချောင်မှာ ကိုယ်တိုင်ချက်ပြီး အမေအတွက် ပြင်ဆင်ပြီး ရေခဲသေတ္တာထဲ ထည့်ပေးထား၏။ ဘသ်က အစားအသောက် နည်းတော့ ကိုယ်အလေးချိန် ဆိုးဆိုးရွားရွား ကျဆင်းလာသည်။ ဇိုးသည်လည်း အရင်ထက် ပိုပိန်သွား၏။

ဘရက် ထွက်သွားပြီး ခြောက်လအကြာတွင် သူက ကွာရှင်းရန် စီစဉ်ထားပြီး ဖြစ်ကြောင်း ညစာစားလျက် ဇိုးကို ပြောလေသည်။ ဘသ်က မည်သည့် ကုထုံးဖြစ်ဖြစ် ခံယူရန် ငြင်းဆန်တုန်း။ ဘရက်ကို စကားတောင် မပြောဖြစ်တော့။ သူတို့ ခွဲခွာခြင်းနှင့် ကွာရှင်းခြင်းတွင် အငြိုးတစ်စုံတစ်ရာ မရှိသော်ငြား ဆက်ဆံပြောဆိုမှုများ လုံးဝ မရှိသလောက်ပင်။ သူတို့တစ်တွေက တစ်ယောက်နှင့်တစ်ယောက် လိုက်လျောညီထွေမှု လုံးဝ မရှိကြတော့ချေ။ ၁၂ နှစ်ခွဲအရွယ် ဇိုးကို ဘရက် ရှင်းပြသည်မှာ သူတို့အိမ်ထောင်ရေးက ရိုစ်နှင့်အတူ သေဆုံးသွားသည်တဲ့လေ။ ဘသ်က မငြင်းဆန်ပါ။ ဘရက်က သူ့ဆီက ဘာမှ မမျှော်လင့်တော့သည်ကပင် သူ့အတွက် စိတ်သက်သာစရာပဲလေ။ ဘရက် လိုချင်သည်က နှစ်နှစ်ခွဲကြာခဲ့သော အပြင်းအထန် ဝမ်းနည်းပူဆွေးမှုက ရုန်းထွက်လိုက်ခြင်းပင်။ အရာအားလုံး အဆုံးသတ်ပြီး ရှေ့ဆက်ချင်သည်လေ။ ဘသ်က ခုချိန်ထိ ထိုကဲ့သို့ မလုပ်နိုင်သေးသလို ကြိုးလည်း မကြိုးစားပေ။
mgyoe.com

mgyoe.com SAMPLE BOOK

ဇိုးက သူ့အဖေ ကုထုံး ခံယူနေမှန်း သိသည်။ ကွာရှင်းဖို့ စီစဉ်နေချိန် အတောအတွင်း ကုထုံးပညာရှင်တွေ ပြောင်းခဲ့ကြောင်း ဘရက်က ဇိုးကို မရေမရာ ပြောလေ၏။ ဇိုး အသက် ၁၃ နှစ် ပြည့်ချိန်အထိ ဘာကြောင့်လဲဟူသည်ကို ဘရက် မရှင်းပြ။ ကွာရှင်းခြင်းက အပြီးသတ် ဖြစ်သွားသည်။ ဘရက်က သူ့ကုထုံးပညာရှင်နှင့် စတွဲနေပြီ ဖြစ်သောကြောင့် လူ့ကျင့်ဝတ်အရ ထိုအမျိုးသမီးက ဘရက် အခြား ကုထုံးပညာရှင် ရှာရန် မရမက တောင်းဆိုပြီး ဘရက် ရှာနိုင်ဖို့ကိုလည်း သူ ကူညီလေ၏။ ဘရက် ခြောက်လကြာ တွေ့ဆုံခဲ့သော ပထမဆုံး ကုထုံးပညာရှင်က ပမ် ဟူ၏။ သည်လောက်ပင် ဇိုး သိသည်။ ကွာရှင်းမှု ပြီးဆုံးချိန်မှာ ဘရက်က အသက် လေးဆယ် ပြည့်စ။ ပမ်ကတော့ ၃၅ နှစ်။ တစ်ခါမှ လက်မထပ်ဖူးသလို ကလေး လည်း မရှိ။ သူတို့နှစ်ယောက် ဘဝသစ် စ,ချင်နေပြီလေ။ ပမ်၏ အရင်ချစ်သူက လွန်ခဲ့သော နှစ်ပေါင်းများစွာက ကွယ်လွန်ခဲ့ပြီး ဘရက်ကလည်း သမီးအငယ်ဆုံး လေးကို ဆုံးရှုံးထားရသူ။ ကွာရှင်းကာလအတွင်း ဘရက်နှင့် ပမ်တို့ လက်ထပ်ပြီး ဆန်တာဘာဘရာကို ပြောင်းသွားသည်။ ထိုနေရာတွင် ဘရက်က အိမ်ဝယ်ပြီး ပမ်ကလည်း သက်ဆိုင်ရာအလုပ် လုပ်လိုက်သည်။

ဘရက်တို့ လက်မထပ်ခင် ဇိုးက ပမ်နှင့် ခဏ တွေ့ရသည်။ ထိုတွေ့ဆုံမှုက သူ့အမေအပေါ် သစ္စာဖောက်ရာကျပါလားဟု သူ ထင်မိသည်။ ပမ်သည် အမျိုးသမီး ကောင်းတစ်ယောက်ပါ။ ဇိုး လာလည်ချင်သည့်အခါတိုင်း သူတို့ အိမ်တံခါး အမြဲ တစေ ဖွင့်ထားလျက်ရှိကြောင်း ဘရက်နှင့် ပမ်တို့က ခိုင်ခိုင်မာမာ ပြောလေ၏။ သို့သော် ဇိုးက သူ့အဖေနှင့် သွားနေသောအခါ သူက နိုင်ငံတော်သစ္စာဖောက်မှု လိုလို ကျူးလွန်သည်ဟု ဘသ်က ဇိုးကို လှစ်ဟပြလေသည်။ ဘသ်က ဘာမှ မပြော သော်လည်း ဇိုး ပြန်ရောက်သည့်အခါ အရင်ထက် ပိုတိတ်ဆိတ် ငြိမ်သက်ပြနေ သည်လေ။ ဇိုး မတိုင်းတာနိုင်တော့သည့် နံရံတစ်ခု သူနှင့် သူ့အမေကြားမှာ ခြားနားနေပြီ။ ရို့စ် ကွယ်လွန်သွားကတည်းက သုံးနှစ်ကြာသည်အထိ ထိုနံရံကို ဇိုး မဖြိုချနိုင်သေးပေ။ သူ့တစ်ဦးတည်းသော သူငယ်ချင်းဖြစ်သော ရို့စ်အရုပ် ကလေး ပင်ကီနှင့် ဇိုး အတူ အိပ်နေဆဲ။

ဇိုး ၁၄ နှစ်အရွယ်တွင် အထက်တန်း စတက်ပြီး ထိုနှစ်မှာပင် ဘရက်နှင့် ပမ်တို့၏ ပထမဆုံးကလေး မွေးလာသည်။ ဇိုး မတက်ရောက်ခဲ့သော သူတို့မင်္ဂလာ ဆောင်အပြီး ဆယ်လအကြာမှာပေါ့လေ။ ဇိုး၏ အဖေတူအမေကွဲ မောင်လေး နာမည်က ခရစ်စတိုဖာ ဟူ၏။ ဘရက်ကတော့ မီးကုန်ယမ်းကုန် ပျော်နေတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

သူက သားယောက်ျားကလေး လိုချင်ခဲ့သူမို့ ခုတော့ ပိုင်ဆိုင်ရပြီလေ။ ဇိုးကတော့ မေတ္တာရပ်ဝန်း၏ အပြင်ဘက် ရောက်နေသလို ခံစားရသောကြောင့် သည်ကလေး လေးအတွက် ဘာမှ မခံစားရချေ။ ဇိုး၏ သီးသန့်ဖြစ်တည်မှုက နောက်တစ်နှစ် အကြာတွင် ပိုပြည့်စုံသွားလေသည်။ ဘရက်တို့မှာ ဒုတိယသမီးလေး မွေးဖွားလာပြီး နာမည်က အက်ရှလေတဲ့လေ။ ရိုစ်လိုမျိုး ရွှေအိုရောင်နုနု ဆံနွယ်ကလေးနှင့်မို့ သည်ကလေးငယ်လေးကို မြင်ရသည်မှာ အလွန့်အလွန် စိတ်ထိခိုက်စရာပင်။ ဇိုးမှာ ထိုကလေးငယ်လေးကို ကြည့်တောင် မကြည့်နိုင်။ အက်ရှလေက ဇိုး ၁၅ နှစ်အရွယ်တွင် မွေးဖွားပြီး ရိုစ်ကွယ်လွန်ပြီး ငါးနှစ်အကြာပေါ့လေ။ တိုက်တိုက် ဆိုင်ဆိုင် ဘသ်ကလည်း စွမ်းရည် ထပ်မြှင့်ပေးသော လေ့ကျင့်ရေးသင်တန်း တက် ပြီးနောက် သူနာပြုအဖြစ် အလုပ်ပြန်ဝင်နေလေပြီ။ ဇိုးဘဝအတွက်တော့ သူ့အမေ အလုပ်ပြန်လုပ်ခြင်းက အနည်းငယ် ပြောင်းလဲပေးလိုက်သလိုပင်။ ငါးနှစ်လုံးလုံး အချိန်ပြည့် အိပ်နေခဲ့သည့်အစား ယခု လုပ်ငန်းခွင် ပြန်ရောက်သွားပြီလေ။ ဘသ်က ဇိုးဘဝထဲမှာ ပျောက်ကွယ်ခဲ့သည်မှာ ထာဝရလိုပင်။

တစ်နှစ်အကြာတွင် ဘသ်သည် ဆရာဝန်တစ်ယောက်နှင့် တွဲနေပြီ။ ဇိုးက အသက် ၁၆ နှစ်။ ထိုဆရာဝန်တွင် ဇိုးထက် အသက်ကြီးသော ကလေးများ ရှိပြီး သူတို့နှင့် ဇိုး မတွေ့ဖို့သာ ဆုံးဖြတ်ထား၏။ ဘသ်ကလည်း အတင်းအကျပ် မတောင်းဆို။ ဘသ်သည် ထိုဆရာဝန်နှင့် လက်မထပ်သေး၊ တွဲနေတုန်းပင် ရှိသေး သည်။ ဇိုးက ဆန်တာဘာဘရာကို သွားလည်သည်မှာလည်း ခပ်ရှားရှား။ သူ့မိဘ များ ဘဝထဲမှ ဇိုးက သူ့ကိုယ်သူ ဖယ်ထုတ်လိုက်လေပြီ။ သူတို့ နှစ်ပေါင်းများစွာ သူ့ကို ဖယ်ကြဉ်ခဲ့သလိုမျိုး။ အသက်ဆယ်နှစ်အရွယ်ကတည်းက သူ့ကိုယ်သူ စောင့်ရှောက်ရသည်မှာ နေသားကျနေခဲ့ပြီ။ မိမိဘာသာ ရပ်တည် ဖူလုံနိုင်နေပြီလေ။

ဇိုးက အထက်တန်းတစ်လျှောက်လုံး ကျောင်းစာမှာပင် သူ့ကိုယ်သူ နှစ်မြှုပ်ထားပြီး သူငယ်ချင်း သိပ်မရှိ။ သူ့ဘဝနှင့် အိမ်အကြောင်း၊ သူ့မိဘတွေနှင့် ပတ်သက်မှု မရှိတော့ကြောင်းကို သူစိမ်းတစ်ရံဆံကို မရှင်းပြချင်တော့ပါ။ နှစ်ယောက်စလုံးက ရှေ့ဆက်လျှောက်လှမ်းနေပြီး သူ့ကို နောက်ချန်ထားခဲ့ပြီ ပဲလေ။ မမြင်မိသော အပိုင်းအစတစ်ခုလိုပါပဲလေ။

ဇိုးက အတန်းထဲမှာ အမှတ်အမြင့်ဆုံး ကျောင်းသူ ဖြစ်ခြင်းကိုလည်း သူ့မိဘနှစ်ပါးလုံးက အံ့အားတသင့် မဖြစ်ပေ။ ဇိုးဆီက ဘာမှ မမျှော်လင့်ထားကြ ပါ။ သူတို့ သမီးကြီးသည် အထီးကျန်စွာ ကြီးပြင်းခဲ့ရပြီး သူတို့၏မေတ္တာ မရခဲ့တာ

mgyoe.com

mgyoe.com SAMPLE BOOK

တောင် သည်လို ထူးချွန်ပေါက်မြောက်ပါလားဟုလည်း နားလည်ကြပုံ မရ။ ဇိုး လျှောက်သမျှ ကောလိပ်နီးပါး ဝင်ခွင့်ရပြီး ယေးမှာ ဘွဲ့ကြိုဆေးကျောင်းသူအဖြစ် ဝင်ခွင့်ရလေ၏။ ဇိုး၏ ရည်မှန်းချက်က မဖွံ့ဖြိုးသေးသော နိုင်ငံများတွင် ကလေး ဆရာဝန်အဖြစ် အလုပ်လုပ်ချင်ပြီး သေစေနိုင်လောက်မည့် ကလေးတွေ၏ အသက် ကို ကယ်ဆယ်သူ ဖြစ်ချင်တာကိုး။

ဇိုး မိဘတွေ သူ့အထက်တန်းပြီးဆုံးခြင်းအခမ်းအနားကို တက်ရောက်ပြီး ဇိုးအတွက် ဂုဏ်ယူကြောင်း ပြောသည့်အခါ ဇိုးမှာ ယုံရခက်ခက်။ ဇိုးနှင့် ပတ်သက် သည့် အရာများကို မိဘတွေက မသိသလောက်ပင်။ သူတို့ အိမ်ထောင်ရေး မပျက်စီး မီကပင် ဇိုးကို ခွဲခြားထုတ်လိုက်သလိုပင် ဇိုး ခံစားရသည်။ သူ ခြောက်နှစ်လုံးလုံး ပျော်ပျော်ရွှင်ရွှင် ကြီးပြင်းခဲ့ရသည့် မိသားစုက ပျောက်ကွယ်သွားပြီပဲလေ။ ယခု ဆိုလျှင် သူတို့အားလုံးက သူစိမ်းပြင်ပြင်။ ဇိုး ကောလိပ်တက်နေစဉ် ပိတ်ရက်တွေမှာ သူ့မိဘတွေဆီ သွားမလည်မိအောင် အကြောင်းပြချက် ရှာလေ့ရှိသည်။ သူ့အဖေတူ အမေကွဲညီမလေးကို မြင်ရသည်မှာ သိပ်နာကျင်ရသည်ကိုး။ ဇိုး ကောလိပ် စတက် ချိန်တွင် အက်ရှလေက သုံးနှစ်အရွယ်။ သူ့ကြောင့် လူတိုင်း ရို့စ်ကို အမှတ်ရနေ တော့သည်။ အက်ရှလေက ရို့စ်၏ ပုံရိပ်ကလေးကဲ့သို့ပင်။

ဇိုးသည် ယေးကောလိပ်မှ ဂုဏ်ထူးဖြင့် အောင်မြင်လေသည်။ သူ ကောလိပ်တက်ရသည့် နှစ်များအတွင်း မပျော်သော်လည်း စာတော့ ကောင်းကောင်း ကြိုးစား၏။ ချိန်းတွေ့သည်မှာ ခပ်ရှားရှား။ သူ ဆုံတွေ့ရသော လူတိုင်းနှင့် ရောနှော ဆက်ဆံခြင်း မပြုချေ။

ဇိုးက ဂျူးခ်တွင် ဆေးကျောင်းတက်ခွင့်ရပြီး နှစ်နှစ်လောက် ထူးထူး ချွန်ချွန် ဖြစ်ခဲ့သည်။ နှစ်နှစ်ပြီးနောက် နွေရာသီတွင် အလုပ်သင်ဆင်းနေစဉ် သူ့ ကိုယ်သူ ဆေးကျောင်း နောက်ထပ် ခုနစ်လောက်မှာ မကုန်လွန်ချင်တော့ကြောင်း နားလည်သဘောပေါက်သွား၏။ ပိုပြီး ကျေနပ်အားရစရာကောင်းသည့်အရာမျိုး လိုချင်ပြီး ကမ္ဘာကြီးအတွက် ကောင်းသောကိစ္စရပ် တစ်ခုခု လုပ်ချင်လာသည်။

ဆေးကျောင်းမှ ပျက်ကွက်ခွင့် တင်လိုက်ပြီး အမြတ်အစွန်းအတွက် မရည်ရွယ်သော အဖွဲ့တစ်ခုတွင် အလုပ်ဝင်လိုက်သည်။ နယူးယောက် အပ်ပါး ဝက်ဆိုက်မှာ ရှိသော နှိပ်စက်ညှဉ်းပန်းခံ ကလေးသူငယ်များအတွက် ဂေဟာမှာ ပေါ့။ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ နာကျင်ခံစားနေရသော ကလေးများနှင့် ဆက်နွှယ်နိုင်မည့် နေရာပင်။ သူတို့ သောကများ၏ အကြောင်းအရင်းများမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ဇိုးနှင့်တော့ မတူ။ အတော်များများက မိဘများ၏ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်း စွန့်ပစ်ခြင်းကို ခံရသည်။ ဇိုးကတော့ စိတ်ပိုင်းဆိုင်ရာ ပစ်ပယ်ခြင်းကို ခံရသော် လည်း ပူပန်သောကများက ဆင်တူသောကြောင့် ထိုကလေးငယ်များနှင့် ချက်ချင်း ပင် နားလည်မှု ရသွားလေသည်။ ကလေးများနှင့် ဇိုး၏ အထက်လူကြီးများက ဇိုး၏ စာနာနားလည်တတ်မှုကို မြင်တတ်လာသည်။

ဇိုး ဆေးကျောင်းတွင် ရရှိခဲ့သော ပညာရပ်များက သူ့အတွက် အထောက် အကူ ဖြစ်သောကြောင့် နောက်ဆုံးတွင် ဇိုးတစ်ယောက် သည်အဖွဲ့အစည်းတွင် မာစတာဘွဲ့ ရခဲ့သည်။

ဇိုး ဆေးကျောင်းမှ ထွက်ခဲ့ချိန်တွင် အသက် ၂၄ နှစ်။ သူ လက်ရှိလုပ် နေသော အဖွဲ့အစည်းတွင် ရာထူးအဆင့်ဆင့် ခပ်သွက်သွက် တိုးလာသည်။ နယူး ယောက် ဝက်စ်ဗေ့လစ်ဂ်ျရှိ တိုက်ခန်းငယ်လေးတွင် မထင်မရှား သိုသိုသိပ်သိပ် နေထိုင်ရသည်ကို ဇိုး နှစ်သက်၏။ ဇိုးအဖေ ဘရက်က ထုတ်ဝေသူကို လာတွေ့သည့် အခါတိုင်း ပမ်နှင့်အတူ ဇိုးဆီ လာလည်သည်။ ဇိုးအမေ ဘဲသ်ကတော့ ဘယ်တော့မှ ခရီးမသွားပေ။ ဆန်ဖရန်စစ္စကိုရှိ အိမ်ကို ရောင်းချပြီးနောက်ပိုင်း ဘဲသ်က ဆယ်နှစ် နီးပါး တွဲလာသော ဆရာဝန်နှင့်အတူ တိုက်ခန်းမှာ ပြောင်းနေသည်။ ဇိုးအတွက် အခန်းသီးသန့် ရှိသည်ဟု ဘဲသ် ပြောသော်ငြား ဇိုးက တစ်ခါမှ မသုံးပေ။ ဇိုးက သူ့အမေရော အဖေနှင့်ပါ အတူ နေဖို့ ဆန္ဒ မရှိသလို သူတို့ကလည်း ဇိုးကို မရမက မတိုက်တွန်းကြ။ နှစ်ယောက်စလုံးက နာကျင်ရသည့်အတိတ်၏ အမှတ်ရစရာ ဖြစ်နေပြီး တစ်ယောက်ချင်းစီက မတူကွဲပြားစွာ ရှင်သန်နေကြပြီပဲလေ။ ဘဝအသစ် စ,နေကြပြီးပြီ။ ဘရက်နှင့် ပမ်တို့ ဇိုးကို တွေ့သည့်အခါတိုင်း ပမ်က ဇိုးအတွက် စိုးရိမ်သည့် အမူအရာပြပြီး ဇိုးသည်လည်း ဆွေးနွေးလမ်းညွှန်မှု လိုအပ်ကြောင်း ဘရက်ကို ပြောသည်။ ဇိုးက ဖယ်ရှားခံနေရလွန်းသည်ဟု ပမ်က ထင်မြင်မိသည်။ လူတွေနှင့် လုံးဝ မဆက်သွယ်သည့် အပိုင်းအစလေးတစ်ခု ဇိုးမှာ ရှိနေပုံ။ ဧဟာ က သူ သိပ်ဂရုစိုက်သော ကလေးငယ်များနှင့်တောင် အဆက်အဆံ မရှိသည့် အစိတ်အပိုင်းကလေးပေါ့။ ပမ်က ဇိုးကို မယုံသော်လည်း သူ အဆင်ပြေပါသည်ဟု ဘရက်က မလျှော့တမ်း ပြောလေသည်။ ဇိုးတွင် ထူးထူးခြားခြား အောင်မြင်မှုများ ရှိပြီး သူ့ကို လေးလေးနက်နက် စိတ်ကျေနပ်စေမည့် အလုပ်လည်း ရှိနေပြီဖြစ်ကြောင်း ဘရက်က ပမ့်ကို အမြဲတစေ သတိပေးတတ်သည်။ ဘရက်အထင် ဇိုး ပျော်နေသည် ပေါ့လေ။ ပမ်ကတော့ အပျော်ဆိုသည့်စကားလုံးကို ဇိုးအတွက် ဘယ်တော့မှ မသုံး

mgyoe.com

mgyoe.com SAMPLE BOOK

ပေ။ ဇိုးက သူတို့အားလုံး၏ ပစ်ပယ်ခြင်းကို ဘယ်လောက်ခံထားရပြီး စိတ်ဒဏ်ရာ ကျန်နေကြောင်း ပမ်က အလုပ်သဘောအရရော ကိုယ်ရေးကိုယ်တာ ပတ်သက်မှု အရပါ သိမြင်ခံစားမိသည်။ ဘယ်ယောက်ျားနှင့်မှ မပတ်သက်၊ မိဘများနှင့်လည်း အဆက်အသွယ် သိပ်မရှိသည့် ဇိုးကို ပမ် စိတ်ပူမိသည်။ ဇိုး၏ တစ်စိတ်တစ်ပိုင်းက ပျောက်ဆုံးနေပြီး သူ့စိတ်ထဲမှာ သေဆုံးသွားလေပြီ။ ချိတ်ဆက်မိဖို့ ပျက်စီးလွန်းနေပြီ။ အပြင်ပန်းအားဖြင့် ဇိုးက လက်တွေ့ကျကျ လုပ်ဆောင်နိုင်ပုံ ရသော်ငြား အစစ်အမှန်ထက် သရုပ်ဆောင်ခြင်းပင် ဖြစ်နေပြီလားဟု ပမ် တွေးကြောက်မိသည်။

ဘရက်က ပမ်နှင့် ကလေးများ၏ ချစ်ခြင်းတရားကြောင့် အရာရာ ကောင်းလာပြီး အဆင်ပြေလာပြီ။ ဇိုးကို ဂရုတစိုက် ရှိသော်လည်း မည်သို့ လက်ကမ်းရမည်ကိုတော့ ဘရက် မသိတော့ပေ။ ဇိုးအမေ ဘသ်ကလည်း အတူနေထိုင်သည့် ဆရာဝန်နှင့် ပျော်နေသော်လည်း သူ့အငယ်ဆုံးသမီးကလေးကို ဆုံးရှုံးခဲ့ရသည့် ဒဏ်ကတော့ နက်ရှိုင်းနေဆဲ။ ဘသ်က စကားနည်းသော အမျိုးသမီး ဖြစ်သောကြောင့် သူ့နာကျင်မှုက မျက်နှာမှာပင် အထင်းသား။

ဇိုးသည် အသက် ၂၈ နှစ်အရွယ်တွင် နယူးယောက်ရှိ အမြတ်အစွန်းအတွက် မရည်ရွယ်သော အဖွဲ့အစည်း၏ လက်ထောက်အုပ်ချုပ်ရေးမှူး ဖြစ်လာ၏။ သူ အရင်က စလုပ်ခဲ့သော နေရာပင်။ အညှဉ်းပန်းခံကလေးများနှင့် ပတ်သက်လျှင် ပင်ကိုစွမ်းရည်ရှိသောသူအဖြစ် သတ်မှတ်ခံရပြီး သူ့အရည်အချင်းကလည်း တကယ်ထူးကဲလှပေသည်။ ထို့နောက် ဟားဘတ်မှ ဘွဲ့ရတစ်ဦးဖြစ်ပြီး ယောက်ျားပီသခန့်ညားသော အော်စတင်ရောဘတ်နှင့် ဆုံစည်းလေတော့သည်။ အော်စတင်က ကျော်ကြားသော ကလေးသူငယ်ဆိုင်ရာရှေ့နေတစ်ယောက် ဖြစ်ပြီး ဇိုးတို့ ဂေဟာရှိ ကလေးသူငယ်များ၏ အမှုကိစ္စများတွင် အခကြေးငွေ မယူဘဲ မေတ္တာဖြင့် ကူညီသူပင်။ မကြာသေးမီကမှ အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်လာသူလည်း ဖြစ်၏။ သူက ဇိုးအလှမှာ ငြိတွယ်နေပြီး ဇိုး၏ အရည်အချင်းရှိပုံ၊ အလုပ်မှာ နှစ်မြှုပ်ထားပုံ၊ ဗဟုသုတ နှံ့စပ်ပုံတို့ကြောင့် ဇိုးကို အထင်ကြီးနေသူ ဖြစ်သည်။ ဇိုးက အချင်းရော အဆင်းပါ လှသူ ဖြစ်ပြီး အေးဆေးတည်ငြိမ်ကာ တသီးတခြား နေတတ်သူကလေးမို့ အော်စတင် ခံနိုင်ရည် မရှိတော့ပေ။ အော်စတင် ညစာချိန်းသည်ကို ဇိုးက အကြိမ်ကြိမ် ငြင်းပယ်ပြီးမှ နောက်ဆုံးတွင် လက်ခံလိုက်သောကြောင့် အော်စတင်အတွက် အောင်ပွဲတစ်ရပ်ပင်။

အော်စတင့်မိသားစုအကြောင်းကို ဇိုး စိတ်ဝင်စားလေသည်။ အော်စတင့်

mgyoe.com

mgyoe.com
SAMPLE BOOK

အဖေက ရှေ့နေ၊ အမေက စိတ်ပညာမှာ ဒေါက်တာဘွဲ့ ရထားသူ။ နှစ်ယောက်စလုံး က ပရဟိတများကို စိတ်ဝင်တစား လုပ်ဆောင်ကြသည်။ အော်စတင်တွင် အစ်ကို နှစ်ယောက်ရှိပြီး နှစ်ယောက်လုံးက အိမ်ထောင်သည်ဖြစ်ပြီး သားသမီးတွေ ကိုယ်စီ နှင့်။ အော်စတင်က အသက် ၃၆ နှစ်။ ဟားဘတ်တွင် ဥပဒေဘွဲ့အတွက် တက် ရောက်ပြီး အပြင်းအထန် ကြိုးစားခဲ့၏။ သူ့မိသားစုအကြောင်းနှင့် ငယ်ဘဝ အကြောင်း ပြောနေပုံက နွေးနွေးထွေးထွေး။ သူတို့အချင်းချင်း ရင်းရင်းနှီးနှီး ရှိ ကြောင်း ဇိုး မှန်းဆမိပါ၏။ ရိုစ် ကွယ်လွန်သွားသောကြောင့် အစိတ်စိတ်အမြွာမြွာ ဖြစ်ခဲ့ရသော ဇိုးမိသားစုနှင့်များ ကွာလိုက်သည်လေ။ အော်စတင်က သိသိသာသာ ကြည့်ကောင်းသော အမျိုးသား။ အရည်ရှည်ရှည်၊ အားကစား လိုက်စားသူ ဖြစ်ပြီး ဆံပင်နက်နက် မျက်လုံးနက်နက်နှင့်။ ထိုညနေခင်းလေးတွင် သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ရင်းနှီးလာကြပြီး ထိုနောက်ပိုင်းမှာ မကြာခဏ ချိန်းဆိုဖြစ်ကြသည်။ အတည်အတံ့ချိန်းဆိုပြီး သုံးလအကြာ တစ်ယောက်ကို တစ် ယောက် ချစ်နေကြောင်း ဖွင့်ဟဝန်ခံသည်။ ဇိုးအတွက် အော်စတင်က အချစ်ဦး။ အလုပ်သဘောအားဖြင့် သူတို့နှစ်ယောက်က ပြီးပြည့်စုံသည့် အတွဲ။ နှစ်ယောက် စလုံးက ချို့တဲ့သော ကလေးသူငယ်များ အဆင်ပြေပြန်ကောင်းလာဖို့ စိတ်ဝင်စား ကြသူတွေ။ ကိုယ်ရေးကိုယ်တာအရတော့ သူတို့နှစ်ယောက်က ဆန့်ကျင်ဘက် ဝင်ရိုးစွန်းအလား။ အော်စတင်က ရင်းနှီးနွေးထွေးသော မိသားစုမှ ဆင်းသက်လာပြီး မိသားစုနှင့် အချိန်ကုန်လွန်ရသည်ကို နှစ်သက်၏။ သူ့အစ်ကိုတွေ၊ မရီးတွေ၊ တူကလေးတွေကို ချစ်ခင်နှစ်သက်သူ။ ဇိုးက သူ့ငယ်ဘဝအကြောင်း၊ ညီမလေး၏ ရောဂါ၊ ညီမလေး အခြေအနေမကောင်းစဉ် ပျက်စီးယိုယွင်းသွားသော မိသားစု အကြောင်း၊ ညီမလေး ကွယ်လွန်ပြီးနောက် လုံးဝပြိုကွဲသွားသော သူ့မိသားစု အခြေအနေကို အော်စတင့်ကို ပြောပြသည်။ အော်စတင် နားထောင်နေရင်း စိတ်မကောင်းဖြစ်ပြီး နာကျင်ခံစားရလေသည်။ သူ့တူငါးယောက်ကို ကြင်ကြင်နာနာ နွေးနွေးထွေးထွေး ဆက်ဆံတတ်သူ ဇိုးကြောင့် အော်စတင် ဘဝင်ခိုက်ရလေသည်။ အော်စတင်တို့က ယောက်ျားလေးတွေ များသော မိသားစုပင်။ ဇိုးက ကလေးတွေနှင့် ဆက်ဆံရေးကောင်းသည်ကို အော်စတင် သဘောကျ၏။ အော်စတင့်မိဘများ၊ အစ်ကိုများ၊ သူတို့မိသားစုများသည် ဇိုးကို သိကျွမ်းလာသည်နှင့် ချက်ချင်း နွေးထွေး စွာ ကြိုဆိုလေသည်။ အော်စတင် ပြောပြသော ဇိုး ငယ်ဘဝအကြောင်းကြောင့် အော်စတင့်အမေက ကရုဏာသက်ပြီး ဇိုး ထူးချွန်အောင်မြင်လာသည်ကို အလွန်

mgyoe.com

mgyoe.com SAMPLE BOOK
အံ့ဩချီးမွမ်း၏။

"သူလေးက အပြစ်ဆိုစရာကို မရှိတာ မေမေရေ" ဟု အော်စတင်က အားပါးတရပြုံးလျက် သူ့အမေကို ပြောသည်။

"ဇိုးက နွေးနွေးထွေးထွေးနဲ့ ပုံမှန်အခြေအနေ ဖြစ်နေတာက တကယ် အံ့ဩစရာပဲနော် သား" ဟု ကွန်စတန့်ရောဘတ်က သူ့သား ပျော်နေသည်ကို ကျေနပ်ဝမ်းသာလျက် ပြောလေသည်။

"သူခမျာ တော်တော်ခက်ခဲတဲ့ အချိန်တွေ ဖြတ်သန်းခဲ့ရတာပဲ"

"သူ့မိဘတွေက သမီးငယ်အတွက် ပူဆွေးဝမ်းနည်းနေချိန်မှာ ဇိုးက သူ့ ကိုယ်သူ စောင့်ရှောက်ကြီးပြင်းခဲ့ရတာပဲ"

"တစ်ခါတလေ ဒီပုံစံတွေ ဖြစ်တတ်ပါတယ်လေ၊ ပူဆွေးသောကဆိုတာ သီးသန့်ဖြစ်တည်မှုပဲ၊ လူတွေက ပုံစံအမျိုးမျိုးနဲ့ ကြေကွဲပူဆွေးကြတာပဲ၊ အိမ်ထောင်ရေး တော်တော်များများက အဲဒီသောကဒဏ်ကို မကျော်လွှားနိုင်ကြဘူး" ဟု ကွန်စတန့်က တုံ့ပြန်ပြောလေသည်။ သူက ဇိုးကို အလွန်သဘောကျပြီး ဇိုး ဖြတ်သန်းခဲ့ရသော အခြေအနေကို စာနာနားလည်လေသည်။ သူ့မိဘများနှင့် မရင်းနှီးကြောင်း ဇိုးက ဝန်ခံသည်။ ဇိုးအဖေ၏ နောက်အိမ်ထောင် ပမ်ကိုတော့ ဇိုး သဘောကျပါသည်။ သူက အဖေ့အတွက် လက်တွဲဖော်ကောင်းတစ်ယောက် ဖြစ်သော်လည်း ဇိုးဘဝထဲကို သူ ဝင်လာချိန်သည် အချိန်ကောင်း မဟုတ်။ ထိုအချိန်တုန်းက ဇိုးသည် ဆယ်ကျော်သက်အရွယ် ဖြစ်ပြီး နာကျင်ခံစားနေရသောကြောင့် ပမ့်ကို သူ့စိတ်ထဲ နေရာမပေး။ သူ့အဖေက နယူးယောက်လာတိုင်း ဇိုးနှင့် အဆက်အသွယ်လုပ်ရန် အများကြီး ကြိုးစားအားထုတ်သော်ငြား သူတို့မိသားစုအားလုံး အတွက် အဖြစ်အပျက်များ သိပ်များခဲ့ပြီး ပြောင်းလဲရန် မဖြစ်နိုင်ပေ။ ဇိုးအဖေက သူ ရှိရာ ကယ်လီဖိုးနီးယားသို့ ဇိုးလာလည်နိုင်အောင် နားချကြိုးစားခြင်းကိုလည်း လက်လျှော့လိုက်လေပြီ။ သူ့သမီး အက်ရှလေက ရို့စ်နှင့် အံ့ဩလောက်စွာ တူနေခြင်းက ပြဿနာ ဖြစ်လောက်သည်ဟု သံသယ ရှိမိသည်။ သူ ပို့လိုက်သည့် မိသားစု ဓာတ်ပုံများ၌ ဇိုး သတိထားမိမည်။ ရို့စ်သာ အသက်ရှင်သေးလျှင် ရို့စ် ကြီးပြင်းလာသလို အက်ရှလေလည်း ထိုပုံစံပင် ကြီးပြင်းလာလိမ့်မည်။

အော်စတင်နှင့် ဇိုးသည် နှစ်နှစ်ကြာ တွဲပြီးနောက် ဇိုးနေထိုင်ရာ ဝက်စ်ဗေ့လစ်ဂ်ျရှိ အိပ်ခန်းတစ်ခန်းပါ တိုက်ခန်းငယ်လေးမှာ သူတို့နှစ်ယောက်အတူ နေထိုင်လိုက်သည်။ ရပ်ကွက်ကို သဘောကျပြီး တိုက်ခန်းသစ်တွင် လိုအပ်သမျှ
mgyoe.com

mgyoe.com SAMPLE BOOK

ဖြည့်ဆည်းလေသည်။ သူတို့ အတော်သင့်မြတ် အဆင်ပြေကြ၏။ သူတို့နှစ်ယောက် အတူနေထိုင်ကြစဉ်မှာ ဇိုးက အသက် ၃၀၊ အော်စတင်က ၃၈။ အော်စတင်က သည်ထက် နောက်မကျခင် လက်ထပ်ချင်လှပြီ။ နှစ်ယောက်စလုံးက မိသားစုဘဝ စချင်သော်လည်း အလျင်စလိုတော့ မလုပ်ချင်ကြ။ သူတို့နှစ်ယောက်လုံးမှာ အာရုံ စူးစိုက်မှုနှင့် အားထုတ်မှု လိုအပ်သော အလုပ်ကိုယ်စီ ရှိကြသည်လေ။ အော်စတင့် မိသားစုက ဇိုးကို နွေးထွေးစွာ လက်ခံကြသော်လည်း အပြောအဆို သိုသိုသိပ် သိပ်ဖြင့် သူတို့လက်ထပ်ရန် တွန်းအားမပေးကြပေ။ ဇိုးသည် သူ့မိဘများ၏ ကွာရှင်း ပြတ်စဲမှုကြောင့် အမှားတစ်စုံတစ်ရာ လုပ်မိမှာ ကြောက်နေမည်ဖြစ်ကြောင်း အော်စတင့်အမေ ကွန်စတန့်က သေချာပေါက်သိသည်။

အော်စတင်နှင့် ဇိုးတို့ တစ်နှစ်လောက် အတူနေကြပြီးနောက် လက်ထပ်ရန် ဆုံးဖြတ်လိုက်သည်။ လောင်းအိုင်လန်း ဆက်ဟာဘာရှိ အော်စတင့်မိဘများ၏ အပန်းဖြေအိမ် ဥယျာဉ်ထဲ၌ မင်္ဂလာပွဲ ကျင်းပသည်။ သူတို့ အလိုရှိသည့်ပုံစံ အကျဉ်းချုံးလောက်ပင်။ ဇိုးမိဘနှစ်ပါးစလုံး လာပြီး ဘရက်၏ ဇနီးသည် ပမ်နှင့် ဘသ်၏အတွဲ ဟန့်ခ်တို့လည်း လာကြသည်။ သာယာလှပသော နွေရာသီနေ့ကလေး မို့ လူတိုင်း ရင်းရင်းနှီးနှီးနှင့်ပင် အော်စတင်နှင့် ဇိုးတို့၏ အထူးနေ့ရက်လေးကို သာယာကြည်နူးနေကြ၏။ စုံတွဲအသစ်စက်စက်ကလေးက ယိုမင်းသို့ ပျားရည်ဆမ်း ခရီး ထွက်ကြပြီး ထိုနေရာတွင် တောင်တက်၊ ငါးဖမ်း၊ မြင်းစီးခြင်းများ ပြုလုပ်မည် ဖြစ်သည်။ အော်စတင်နှင့် တွဲနေတုန်း ဇိုးက ထိုအရာများကို သဘောတကျ သင်ယူ ခဲ့ခြင်းပင် ဖြစ်၏။ အော်စတင်က စိတ်ဖိစီးမှု များလှသော သူ့အလုပ်ကို ဟန်ချက် ညီစေရန် သဘာဝလောက၏ ဆိတ်ငြိမ်အေးချမ်းမှုကို နှစ်သက်သည်။ ဇိုးသည် လည်း သဘောကျလေ၏။ သူတို့နှစ်ယောက်တွင် တူညီသော စိတ်ဝင်စားမှုများနှင့် ပြောစရာ မလိုလောက်အောင် အဆင်ပြေ လိုက်ဖက်လှသည်။

ဇိုးတို့နှစ်ယောက်သား သက်သောင့်သက်သာ ပျော်ရွှင်စွာ နယူးယောက်ကို ပြန်လာသည်။ ပျားရည်စမ်းခရီးမှာပင် ကိုယ်ဝန်အတွက် စတင်ကြိုးစားကြမည်ဟု သဘောတူထားပြီး ဖြစ်သည်။ ကိုယ်ဝန်ယူခြင်းက သူတို့နှစ်ယောက်ကို ပိုရင်းနှီး စေပြီး ချစ်ကြည်နူးဖွယ်ရာ စွန့်စားမှုတစ်ရပ်ပင်။ သုံးနှစ်အတူ ရှိပြီးနောက် ၃၁ နှစ်အရွယ် ဇိုးနှင့် ၃၉ နှစ်အရွယ် အော်စတင်တို့သည် မိဘများ ဖြစ်လာကြရန် အဆင်သင့်ပင်။ သို့သော် ဘာမှ မထူးခြားလာသေးသည်မို့ ဇိုးရော အော်စတင်ပါ တစ်လပြီး တစ်လ စိတ်ပျက်လာ၏။ သူတို့အိမ်ထောင်ရေးတွင် တင်းမာမှု ပိုလာ

mgyoe.com

mgyoe.com SAMPLE BOOK

သလိုပင်။ လက်ထပ်ပြီး တစ်နှစ်ကြာသည်အထိ မထူးခြားသေးသည်မို့ ဇိုး အကြံပြု ချက်အရ သားဖွားမီးယပ်အထူးကုဆီ သွားပြလေသည်။ ဆရာဝန်က ဇိုးအတွက် ဟော်မုန်းဆေးထိုးရန် ကုသမှု အစီအစဉ်တစ်ခုကို လုပ်ဆောင်ပေးသည်။ ထိုအစီ အစဉ်အရ သူတို့ ကလေးရရန် အိပ်မက်လေး မျှော်လင့်ချက်ရောင်ခြည်သမ်းလာပြီ ဖြစ်သည်။

သူတို့ ဖန်ပြွန်သန္ဓေသားကုထုံးကို လေးကြိမ်မြောက်ကြိုးစားပြီး ၁၅ လ အကြာတွင် အောင်မြင်သွားသည်။ စိတ်လှုပ်ရှားမှုနှင့်အတူ သတိရှိရှိ အောင်ပွဲခံပြီး နောက်ထပ် သုံးလစောင့်ပြီးမှသာ မိသားစုတွေကို ဖွင့်ပြောလိုက်သည်။ အရင်က တည်းက အော်စတင့်အမေ ကွန်စတန့်က သံသယရှိနေသော်လည်း မစပ်စုချင် သောကြောင့် သူတို့ကို မမေးဖြစ်ပေ။ အထိအခိုက် မခံနိုင်သော အကြောင်းအရာ ဖြစ်သည်ကိုလည်း ကွန်စတန့် နားလည်သည်လေ။

ဇိုးကိုယ်ဝန်က အဆင်ပြေချောမွေ့ပြီး သူ လက်လှမ်းမီသမျှ စာအုပ်တိုင်း ဖတ်ဖြစ်သည်။ ကလေးနှင့်ပတ်သက်သော သီအိုရီများနှင့် ကိုယ်ဝန်ဆောင်စဉ် အရေးကြီးပုံများကို ပြင်းပြင်းထန်ထန် လေ့လာ၏။ ဇိုးသည် သူ့ကျန်းမာရေးနှင့် ကလေးကျန်းမာရေးအတွက် လုံ့လဝီရိယရှိရှိ ကြိုးစားပြီး သူနှင့် အော်စတင်တို့ စိတ်လှုပ်ရှားနေကြသည်။ ကလေးက ဘာလေး ဖြစ်မလဲဟူသည်ကို ကြိုတင်မသိ စေဘဲ မွေးတော့မှပင် အံ့အားတသင့် ဖြစ်စေရမည်ဟု ဆုံးဖြတ်ထားသည်။ ဇိုးက အလုပ်မှ မီးဖွားခွင့် လေးလယူရန် စီစဉ်ထားပြီး ကလေးမွေးပြီးနောက် ဇိုးကို ကူညီ နိုင်ရန် အော်စတင်ကလည်း သုံးပတ်ခွင့်ယူမည်။ ဇိုးက ကလေးထိန်းတို့ သူနာပြုတို့ မလိုချင်ဟု မလျှော့တမ်းပြောပြီး အရာအားလုံးကို သူ့ဘာသာ လုပ်ချင်နေသည်။ ကလေးနှင့် သံယောဇဉ်ပိုတွယ်အောင် လုပ်ချင်ပြီး သူ့အမေကို အတုယူချင်သည်။ သူ့အမေက ဘာအကူအညီမှ မပါဘဲ သူတို့ကို စောင့်ရှောက်ခဲ့ပြီး နှစ်သက်သဘောကျ သည်ဟု ပြောခဲ့သည်ကိုး။ ဇိုး ကိုယ်ဝန်ရှိကြောင်း သိရသည့်အခါ ဇိုးအမေသည် ဝမ်းသာပျော်ရွှင်သော်ငြား ဇိုး မီးမဖွားခင်ရော မီးဖွားပြီးနောက်ပါ နယူးယောက်သို့ လာဖို့ အစီအစဉ် မရှိချေ။ အလုပ်မှ ခွင့်ယူ၍ မရကြောင်း ပြောလေသည်။ ဆင်ခြေ ဟု ဇိုး မှန်းဆမိပြီး ကလေးနှင့် သံယောဇဉ် တွယ်သွားခြင်းသည် သူ့အမေအဖို့ နာကျင်စရာအတိတ်များ ပြန်ပေါ်လာမည်ဟု ဇိုး သံသယဝင်မိ၏။

ဂျယ်မီရို့စ်ရောဘတ်ကလေးသည် အလုပ်များလှသော ဗုဒ္ဓဟူးနေ့တွင် ဇိုး အလုပ်မှ ပြန်လာပြီး လေးနာရီအကြာ၌ ထွက်လာလေသည်။ ဇိုး အိမ်ပြန်ရောက်

mgyoe.com

mgyoe.com SAMPLE BOOK

သည်နှင့် ချက်ချင်း ရေမြွှာပေါက်သောကြောင့် အော်စတင့်ကို အလျင်စလို ဖုန်းဆက်ခေါ်လိုက်သည်။ အော်စတင်က ရုံးမှ အပြေးအလွှား ပြန်လာသည်။ မွေးဖွားခြင်းက မြန်ဆန်လွယ်ကူလှပါသည်။ အရာအားလုံးက ပုံမှန်နှင့် ချောချောမွေ့မွေ့။ ဂျယ်မီကလေးကို သူ့အမေ ရင်ခွင်ထဲ ထွေးပိုက်ထားသည်ကို အော်စတင်က ချစ်ခင်ကြင်နာစွာ ငေးကြည့်နေမိသည်။ သူ့ဘဝမှာ သည်အချိန်လောက် ပျော်ရသည့်အချိန် မရှိခဲ့ပေ။ ကလေးက လှလိုက်သည်မှ ဇိုးနှင့် တူသည်။ ဆံပင်နက်နက်၊ မျက်လုံးပြာပြာကလေး။ သူတို့နှစ်ဦးသား စာအုပ်ပေါင်း တစ်ဒါဇင်လောက် ဖတ်ပြီး နာမည်ရွေးထားရသည်။ ဂျယ်မီ ဆိုသည်က ပြင်သစ်လို ချစ်သည်တဲ့လေ။ သည်ကလေးလေးက ကမ္ဘာပေါ်တွင် အချစ်ခံရဆုံး ကလေးများထဲက တစ်ယောက် ဖြစ်သည်မှာ သေချာလှသည်။

ဇိုးသည် ကလေးကို ချီထားနေစဉ် သူ တစ်ခါမှ မခံစားဖူးသေးသည့် ခံစားချက်မျိုးလေး ဖြစ်ပေါ်လာသည်။ ရို့စ်ကွယ်လွန်ပြီး နောက်ပိုင်းကတည်းက သူ့ဘဝမှာ ပျောက်ဆုံးနေသော တစ်စုံတစ်ရာလေ။ သူ အသည်းနှလုံးကျွမ်းမတတ် ချစ်ရသော ညီမလေးက ဇိုး အသက်ဆယ်နှစ်အရွယ်တွင် ဝမ်းနည်းဖွယ်ရာ ဆုံးရှုံးခဲ့ရသည်ကိုး။ ယခု ဇိုးက ၃၄ နှစ်၊ အော်စတင်က ၄၂ နှစ်။ ဇိုးဘဝတွင် ရို့စ် မရှိတော့သော ၂၄ နှစ်လုံးလုံး ဝေဒနာဟင်းလင်းပြင်ကြီး ရှိခဲ့သည်လေ။ ယခုတော့ သည်နေရာလေးကို ဖြည့်စွက်ပေးရန် ဂျယ်မီကလေး ရောက်လာပြီ။ ဇိုးက သူ့ခင်ပွန်းသည်မှတစ်ဆင့် သမီးကလေးကို ကြည့်လျက် သူ့ဘဝ လုံးဝ ပြီးပြည့်စုံနေပြီဟု ခံစားလိုက်ရသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ဂျယ်မီ မမွေးခင်ကဆို ဇိုးက မိခင်တစ်ယောက်ဖြစ်ရန် ယုံကြည်ချက်ရှိရှိ အဆင်သင့် ဖြစ်နေခဲ့သည်။ စာအုပ်များ အများကြီး ဖတ်ပြီး ပြင်ဆင်ထားသလို ကိုယ်ပိုင် သီအိုရီများပါ အဆင်သင့်။ သူရော အော်စတင်ပါ ယုံကြည်ချက် ပြည့်ဝနေခဲ့၏။ ဇိုးကိုယ်တိုင်ကလည်း အရာရာကို စနစ်ကျကျ စီစဉ်ထားပြီး အထိန်းအကွပ်ရှိအောင်ပါ ပြုလုပ်ထားသည်။ ဂျယ်မီက ကျန်းမာသော ကလေးလေး ဖြစ်၍ မီးဖွားခြင်းကလည်း ပုံမှန်အနေအထား။ ထပ်တိုးရောဂါသစ်လည်း မရှိသောကြောင့် သူတို့တွေ ဆေးရုံမှာ တစ်ညသာ နေရပြီး ဆင်းရလေသည်။ သူတို့စုံတွဲခမျာ သမီးကလေးကို အိမ်ခေါ်လာဖို့ စိတ်လှုပ်ရှားနေလျက်။

နှစ်ဖက်အဘိုးအဘွားတွေကလည်း ဂျယ်မီကလေး ရောက်လာလို့ အူမြူးနေကြ၏။ ကလေးက ဇိုးဘက်တွင် ပထမဆုံးမြေးဖြစ်ပြီး အော်စတင်ဘက်တွင်မူ ပထမဆုံး မြေးမိန်းကလေး ဖြစ်သောကြောင့် နှစ်ဖက်စလုံး၏ အသည်းကျော်ကလေး ဖြစ်နေတော့သည်။ အော်စတင်တို့ မောင်နှံက သမီးကလေး၏ ဓာတ်ပုံများကို မိသားစုဝင်တိုင်းဆီ အီးမေးလ် ပို့လိုက်ပြီး သမီးကလေးက လှပချစ်စရာကောင်းလှပါလားဟု တစ်မိသားစုလုံးက ထောက်ခံကြလေသည်။ မွေးမွေးချင်းတုန်းက ရှစ်ပေါင်ရှိသော ဂျယ်မီကလေးသည် ကျန်းမာသန်စွမ်းလှ၏။

ဂျယ်မီကလေး မွေးပြီးနောက် ဆေးရုံရှိ ဇိုးအခန်းထဲမှ ခြင်းတောင်းထဲ၌

mgyoe.com

mgyoe.com SAMPLE BOOK

အေးအေးဆေးဆေး အိပ်ပျော်နေချိန်တွင် ဇိုးသည် တာဝန်ကျ ကလေးဆရာဝန်ကို တွေ့ခွင့်တောင်းလေသည်။ ဆရာဝန်က သူတို့ ဆေးရုံဆင်းနိုင်ဖို့ လက်မှတ်ထိုးပေးရပြီး ဇိုး တောင်းဆိုသည့်အချက်ကို ကြား၍ ထိတ်လန့်သွားလေသည်။ ဇိုးက မွေးဖွားပြီးနောက် ပုံမှန် စစ်ဆေးရမည့် စမ်းသပ်ချက်အမျိုးမျိုးကို အသေးစိတ်ပြောဆိုလိုက်သည်ကိုး။ ထိုအရာများအားလုံးကို ဇိုးက ကြိုတင်ဖတ်ထားပြီး ရလဒ်များကိုပါ သူသိကြောင်း ဆရာဝန်ကို ခိုင်ခိုင်မာမာ ပြောပြလေ၏။ အော်စတင်ကတော့ ဇိုးကို အထင်ကြီးနေသည်။ ဇိုးက သူ ကိုင်တွယ်ရသော အရာရာကို စေ့စပ်သေချာအောင် လုပ်တတ်သူ ဖြစ်ပြီး သူ့တာဝန်များကို အလေးအနက်ထားတတ်သည်။ သူနှင့် သက်ဆိုင်သော အရာများအနက် မိခင်ဖြစ်ခြင်းက အရေးအကြီးဆုံးဟု ခံယူထားသူ။ ဆရာဝန်က ကလေး၏ ရလဒ်များ ပြောပြသောအခါ ဇိုး ကျေနပ်သွားလေသည်။ အိမ်တွင် မည်သို့မည်ပုံ လုပ်ရမည်ကိုလည်း အထောက်အကူဖြစ်စေသော အချက်အလက်များ ပြောပြလိုက်သေးသည်။ မည်သို့ နို့တိုက်ရမည်၊ မည်မျှကြာကြာ နို့တိုက်ရမည်၊ မိခင်၏ ရင်သားများ နာလာလျှင် မည်သို့လုပ်ရမည်၊ ယခုမှ မိဘအသစ်စက်စက်များ ဖြစ်ပြီး ပထမဆုံးကလေး ဖြစ်သောကြောင့် မည်သည့်အရာများကို မစိုးရိမ်ရကြောင်း စသည်ဖြင့်။ ပထမရက်သတ္တပတ်အနည်းငယ်တွင် ကလေးကို အချိန်မှန် နို့တိုက် သိပ်ရန် လုပ်နိုင်မည် ဖြစ်ကြောင်း ဆရာဝန်က သူတို့ကို စိတ်ချလက်ချ ဖြစ်အောင် ပြောလေသည်။ ဇိုးက သဘောမတူသည့် ပုံစံဖြင့် ဆရာဝန်ကို ကြည့်၍ ပြောလေသည်။

"နို့တိုက်အချိန်ဇယားနဲ့ လုပ်ရတာက ပြင်းထန်တဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဖြစ်စေနိုင်တယ်၊ ကလေးတွေအတွက် လိုအပ်တဲ့ အာဟာရကို ထုတ်မပေးဘဲထားသလို ဖြစ်နေတော့ သူတို့ဆာလောင်အောင် လုပ်နေသလိုပဲ၊ ကျွန်မ သမီးကလေးကိုတော့ အဲဒီလို လုပ်မှာ မဟုတ်ဘူး ဆရာ"

ဇိုးက နို့တိုက်ခြင်းနှင့် ပတ်သက်၍ စိတ်အားထက်သန်နေကာ သူ့စိတ်ကူးများကိုသာ တိတိကျကျ လက်ခံလေသည်။ အော်စတင်နှင့် ဆရာဝန်တို့က အကြည့်ချင်း ဖလှယ်လိုက်ကြ၏။ ဇိုးက အချိန်ဇယားကို ဆန့်ကျင်နေကြောင်း အော်စတင် နားမလည်ပေ။

"ပုံမှန်လေး မကြိုးစားရင် နို့ရည်တွေက ပြောင်းလဲတတ်ပြီး ကလေးက လုံလုံလောက်လောက် အာဟာရ ရမှာ မဟုတ်တော့ဘူး၊ မိဘနှစ်ယောက်စလုံး အိပ်ရေးပျက်ရလိမ့်မယ်" ဟု ဆရာဝန်က သူတို့အတွေ့အကြုံ မရှိသေးသည်ကို

mgyoe.com

mgyoe.com SAMPLE BOOK
နားလည်သဘောပေါက်ဟန်ဖြင့် ညင်သာစွာ ပြောလေသည်။ ဇိုးကတော့ စာတွေအများကြီးဖတ် သီအိုရီများ နားလည်သဘောက်ပေါက်ထားပြီးပြီ ဖြစ်သည်။ အော်စတင်က ဇိုးအပေါ် သာ ပုံအပ်ထားသည်။ ဇိုး စားပွဲပေါ်မှာ ကလေးစာအုပ်များ အထပ်လိုက်။ အော်စတင်က ထိုစာအုပ်များ ဖတ်ရန် အချိန်မရှိသောအခါ ဇိုး စိတ်တိုမိသည်။ ကလေးပြုစုစောင့်ရှောက်မှု၊ ကျန်းမာရေးအကြောင်းတို့နှင့် ပတ်သက်လာလျှင် ဇိုးသည် သူကိုယ်တိုင်နှင့် အော်စတင့်ကို ခေတ်မီမိဘများ ဖြစ်စေချင်၏။ ကလေးမီးဖွားခါနီးလေလေ ဇိုးခမျာ အပူတပြင်း ကြိုးစားခဲ့လေလေပင်။

"ကျွန်တော်တို့ ကောင်းကောင်း ကိုင်တွယ်နိုင်မှာပါ" ဟု အော်စတင်က တည်တည်ငြိမ်ငြိမ် ပြောလိုက်သည်။

"ပြီးတော့ ကျွန်တော့်အမေနဲ့ မရီးတွေကလည်း အကူအညီ ပေးနိုင်မှာပါ"

အော်စတင်က ဆေးရုံဆင်း၍ ကလေးကို ခေါ်ပြီး ချစ်စရာကောင်းသော ကလေးငယ်လေး၏ မိဘများအဖြစ် သူတို့ဘဝ စရန် စိတ်အားထက်သန်လျက်ရှိသည်။

"ကံကောင်းပါစေဗျာ" ဟု ဆေးရုံဆင်းရန် ဆရာဝန်က လက်မှတ်ထိုးပေးပြီး နွေးထွေးစွာ ပြောလိုက်သည်။ သူတို့၏ကိုယ်ပိုင် ကလေးဆရာဝန်က ထိုနေ့မနက်စောစောတွင် ဂျယ်မီကို လာစစ်ဆေးပေးပြီး ဇိုးနှင့် တွေ့လေသည်။ ဇိုးတို့က နောက်ငါးရက်အတွင်း ထိုဆရာဝန်ဆီ သွားရန် ရည်ရွယ်ထားပြီးပြီ။ ဇိုးက ကိုယ်ဝန်ခြောက်လတုန်းက ထိုကလေးဆရာဝန်နှင့် တွေ့ဆုံမေးမြန်းခဲ့လေသည်။ ဒေါက်တာကက်သီကလာ့ခ်သည် အရည်အချင်းပြည့်ဝပြီး ကောင်းမွန်စွာ လမ်းညွှန်အကြံပေးနိုင်သော ကလေးဆရာဝန်တစ်ယောက်။ ဇိုးသည် ဒေါက်တာကက်သီ အားပေးသော လေးနက်နွေးထွေးခေတ်မီပြီး သက်သောင့်သက်သာရှိ၍ ပြီးပြည့်စုံသော ဆေးပညာကို သဘောကျလေသည်။ ဒေါက်တာက ဇိုးထက် သုံးနှစ်ကြီးပြီး ဂျူးခ်မှာပင် ဆေးကျောင်းတက်ခဲ့သည်။ ဇိုးက ဆေးကျောင်း နှစ်နှစ်တက်ခဲ့ပြီး မာစတာဘွဲ့ ယူခဲ့သည်ကို ဒေါက်တာမှာ စိတ်ဝင်တစားဖြစ်နေလေ၏။ ဒေါက်တာက မိဘတွေဖြစ်တော့မည့် ဇိုးတို့ကို အထင်ကြီးပြီး ဇိုး၏ မမီးဖွားခင်နှင့် မီးဖွားပြီးနောက် မေးမြန်းသော စေ့စပ်သေချာ ပညာသားပါသော မေးခွန်းများကို သဘောကျလေးစားသည်။

ဇိုးက ဂျယ်မီနှင့်ပတ်သက်ပြီး သူ အသုံးပြုမည့် သီအိုရီတွေ နည်းလမ်းတွေကို ဒေါက်တာကလာ့ခ်ကို ပြောပြသည်။ သူ အလုပ်ပြန်မဝင်ခင် လေးလလုံးလုံး သူကိုယ်တိုင်ပင် ဂျယ်မီကို စောင့်ရှောက်မည့်အကြောင်းကိုရော။ ဇိုးက ဂျယ်မီနှင့်
mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ခဏလေးပင် မကွဲကွာသွားချင်ပေ။ ကက်သီကလာ့ခ်သည် စူပါမေမေလုပ်တော့မည့် ဇိုးကို နားလည်ပေးနိုင်သည်။ သူက တာဝန်ကျေပြီး ဉာဏ်ထက်သော မိခင်များနှင့် အလုပ်အတူ လုပ်ရသည်ကို သဘောကျသည်လေ။ ဇိုးက ထိုအရာများအားလုံးနှင့် အံကိုက်။

ဒေါက်တာ ကက်သီကလာ့ခ်သည် အိမ်ထောင်သည် မဟုတ်သလို ကလေးလည်း မရှိ။ သို့သော် ကလေးတွေကို ချစ်တတ်ပြီး သူ့အလုပ်တွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားသည့် ကလေးဆရာဝန်။ သူက ဇိုး၏ စွမ်းအင်၊ သင်ယူလေ့လာချင်စိတ်၊ စိတ်အားထက်သန်မှုများကို သဘောကျနေတော့သည်။

"ဂျယ်မီလေးကတော့ ကံကောင်းတာပဲ၊ ရှင်တို့က မိဘပီသသူတွေ ဖြစ်ကြမှာပဲ" ဟု ဇိုး၏ ဆေးရုံအခန်းထဲမှ ထွက်မသွားခင် ဒေါက်တာ ကလာ့ခ်က ယုံကြည်ချက်ရှိရှိ ပြောလေသည်။ ထို့နောက် အမွှာမွေးထားသော မိခင်တစ်ယောက်ကို သွားကြည့်သည်။ ဇိုးက ကက်သီကို စတွေ့ကတည်းပင် သဘောကျပြီး သူ့သီအိုရီများကို ကက်သီ လျစ်လျူမရှုသည်ကိုလည်း ကျေးဇူးတင်မိသည်။ ဒေါက်တာ၏ တစ်ခုတည်းသော သတိပေးချက်က စိတ်ခံစားချက်များကို သိပ်ဦးစားမပေးရန်၊ ကလေး နို့ကောင်းကောင်း သောက်နိုင်ရန် အချိန်သေချာပေးရန်ပင်။ ထိုသို့မဟုတ်ပါက ကလေး ဗိုက်ဆာနေမည်။ အရာအားလုံးက ဇိုးနှင့် အော်စတင်တို့အတွက် ရိုးရှင်းပြီး ပိုင်နိုင်သည်ထက်ကိုပင် ပိုနေသည်။ သို့သော် ကလေးအတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ရန် ဇိုး ပြောသည့်အခါ အော်စတင် အနည်းငယ် ဖြူသွားမိ၏။ ဇိုး ဝယ်ထားသည့် ခေတ်ဆန်ဆန် ကားထိုင်ခုံက ခဲရာခဲဆစ်နိုင်လှပြီး အော်စတင် ထိုထိုင်ခုံတပ်ရချိန်တွင် အပြင်းအထန် ကြိုးစားလိုက်ရသည်။ ဇိုးက ဂျယ်မီကို ခုံထဲ နေရာချပေးလိုက်သောအခါ ကလေးက လန့်သွားပြီး ငိုလေတော့သည်။

"သမီးရဲ့ လက်ချောင်းလေးတွေကိုများ ဖိမိသွားလား" ဟု အော်စတင်က စိုးရိမ်တကြီး ပြောသည်။ သူ့ခမျာ လိုအပ်သော ခလုတ်တွေ၊ ကြိုးတွေ အားလုံး တပ်ထားသည်။ ကလေးက သိပ်ငယ်သည့်အတွက် အနောက်လန်ခြင်းမျိုး ကြုံတွေ့ရနိုင်သည်။ ဇိုးကတော့ တည်တည်ငြိမ်ငြိမ်နှင့်ပင် အရှေ့ခန်း ဝင်ထိုင်ပြီး ကလေးလည်း ပြန်အိပ်သွားလေပြီ။ ဆေးရုံမှ သူတို့အိမ်သို့ ဆယ်မိနစ်သာသာ မောင်းရသည်။ ယခုတော့ ဇိုး၏ သီအိုရီများကို သက်သေပြရန်၊ မိဘများအနေဖြင့် သူတို့ မည်မျှအရည်အချင်း ပြည့်မီကြောင်း ပြရန် အိမ်ပြန်ရောက်လာလေပြီ။ ဇိုးကတော့ ရောက်ရောက်ချင်းပင် ချက်ချင်း တင်းမာသွားသည့်ပုံ။

mgyoe.com

mgyoe.com
SAMPLE BOOK

အော်စတင်သည် ကားထိုင်ခုံကို ဖြုတ်ပြီး အိတ်နှစ်အိတ်နှင့် ဇိုးအဖေ ပို့လိုက်သော ပန်းရောင်ဝက်ဝံရုပ်ကြီးကို သယ်လာနေချိန်တွင် ဇိုးက ကလေး ချီ၍ စောင်နှင့် ပတ်လိုက်သည်။ ဇိုးအဖေနှင့် ပမ်တို့က မကြာမီ ကလေးလာကြည့်ရန် စီစဉ်ထားသည်။

ဇိုး ကိုယ်ဝန်ဆောင်ကာလတုန်းက သူတို့ဇနီးမောင်နှံသည် အရင် အဆောက်အအုံရှိ နှစ်လွှာတိုက်ခန်းကို ပြောင်းနေထားပြီး ဖြစ်သည်။ ဇိုး အိမ်ပေါ် ထပ် ရောက်သောအခါ ပန်းရောင်ဖဲကြိုးလေးများဖြင့် အလှဆင်ထားပြီး တွန်းရွှေ့၍ ရသော ခြင်းတောင်းလေးထဲ ဂျယ်မီကို ထည့်လိုက်သောအခါ ဇိုးမှာ ဝင့်ကြွားစွာ ယုံကြည်ချက်ရှိရှိပင်။ ထို့နောက် ကလေးထည့်ထားသည့် ခြင်းတောင်းကလေးကို ဇိုးတို့၏ အိပ်ခန်းထဲ သယ်သွားပြီး သူတို့ခုတင်ဘေးမှာ ချထားလိုက်သည်။ ဇိုးက သူမျှော်လင့်ထားသည်ထက် ပို၍ ပင်ပန်းနေလေသည်။ သူ ကလေးမွေးထားသည်မှာ တစ်ရက်တောင် မရှိသေးဘူးကိုး။ သူနာပြုများ ပြောထားသလို နေရခက်သော ပူလောင်ခြင်းမျိုး ခံစားနေရသည်။ ဟော်မုန်းအပြောင်းအလဲကြောင့် ဖြစ်ပြီး နို့က လည်း မထွက်သေး။ ဇိုးက ကလေးငယ်လေးကို ငေးကြည့်နေစဉ် ကလေးက မျက်နှာရှုံ့မဲ့ပြီး အော်သံလေး ထွက်လာသည်။ ဇိုးခမျာ ထိတ်လန့်စပြုပြီး ဘယ်အရာကြောင့် ဂျယ်မီ ငိုသွားသည်ကို မသိချေ။

အော်စတင်က ဇိုးကို ကူညီရန် အခန်းထဲ ဝင်လာပြီး ဇိုး လုပ်နေသည်ကို အံ့သြတကြီး ကြည့်နေသည်။ ဇိုးက အင်္ကျီကြယ်သီး ဖြုတ်လိုက်ပြီး ကလေးကို သူ့ရင်သားနား ထားလိုက်သည်။ သဘာဝကျကျ ရိုးရှင်းစွာ ပြုလုပ်လိုက်ပြီးနောက် ကလေး နို့ငုံနေချိန်တွင် ဇိုး မျက်နှာ ရှုံ့မဲ့မဲ့ ဖြစ်သွား၏။ အစ ပထမတွင် နာကျင်ပြီး အကြိမ်တိုင်း၌ မျှော်မှန်းထားသည်ထက် ပိုနာကျင်မည် ဖြစ်ကြောင်း သူနာပြုများက ဇိုးကို သတိပေးခဲ့သည်။ ဂျယ်မီကလည်း ခပ်ပြင်းပြင်း နို့စို့သည်ကိုး။ ပထမတစ်ရက် နှစ်ရက်လောက် ဇိုး နို့မထွက်ခင် ကလေးက နို့ရည်ကြည်သာ သောက်နေရသည်။ ကလေးနို့တိုက်နေစဉ် ကလေးကို ငုံ့ကြည့်ပြီး ဇိုး ပြုံးနေလေသည်။ ဂျယ်မီက ဇိုး မြင်ဖူးသမျှထဲ အလှပဆုံးသော ကလေးလေး။ ကလေးက ခဏပဲ နို့သောက်ပြီးနောက် အိပ်ပျော်သွားလေသည်။ ဇိုးက ကလေးကို ရင်ခွင်ထဲ၌ပင် ထားထားပြီး အော်စတင်က နေ့လယ်စာ သွားပြင်ဆင်လေသည်။ မိနစ်အနည်းငယ်အကြာ အသားညှပ်ပေါင်မုန့်များ ယူလာပြီး အော်စတင် ပြန်ရောက်လာချိန်တွင် ဂျယ်မီ ပြန်နိုးလာပြီး နို့ပြန်သောက်ဖို့ ကြိုးစားနေတော့သည်။ ဇိုး ပေးနိုင်သည်ထက် ဂျယ်မီက ပိုသောက်

mgyoe.com

mgyoe.com SAMPLE BOOK

ချင်သည်မှာ သိသာသောကြောင့် ဖိုးခမျာ စိုးရိမ်ပူပန်နေ၏။ အော်စတင်က ဖိုးကို ပူပန်သောက ဖြေဖျောက်နိုင်ဖို့ ကြိုးစားသည်။ ဖိုးမှာ ယခုတော့ အိမ်မှာ သူတို့ချည်းပဲ ဖြစ်နေပြီး ဆေးရုံမှာတုန်းကလို သူနာပြုတွေလည်း ခေါ်မရ၍ ယုံကြည်စိတ်ချမှု လျော့နည်းလာလေသည်။

ဂျယ်မီက တစ်နေကုန် နို့စို့နေတော့သည်။ ဖိုး ခံယူထားသော သီအိုရီဖြစ်ပြီး မှန်ကန်ပုံရသော်ငြား ညနေစောင်းတွင် ဖိုး နို့သီးခေါင်းများ အသားနီလန်ကာ နီရဲနေပြီ။ ကလေးက အဆက်မပြတ် ငိုယိုနေ၍ ထိုငိုသံများက ဖိုးအတွက်တော့ မချိတင်ကဲဝေဒနာပင်။ ဆေးရုံတွင် ကလေးဆရာဝန် သတိပေးခဲ့သည့်အတိုင်း ဖြစ်နေလေပြီ။ ဖိုးအတွက် နို့ထွက်ရန် သိပ်စောလွန်းနေပြီး ရင်သားများမှာ နာကျင်နေသည်။ အော်စတင် ကလေးချီထားတုန်း ဖိုးက ရေသွားချိုးသည်။ သူ ရေချိုးနေစဉ် ကလေးက တစ်ချိန်လုံး ငိုနေတော့သည်။ အော်စတင်လည်း ကလေးအိပ်သွားချိန်ထိ ခြေကုန်လက်ပန်းကျနေလေပြီ။

"ကလေး နို့ဆာနေတယ် ထင်တယ်နော် ဖိုး" ဟု အော်စတင်က စိုးရိမ်တကြီး ပြောလေသည်။

"နို့ထွက်လာသည်အထိ ကလေး နို့ရည်ကြည်တွေ ကောင်းကောင်း သောက်နိုင်တာ သေချာရဲ့လား"

အော်စတင်ကိုယ်တိုင်လည်း ကူကယ်ရာမဲ့ အသုံးမကျသလို ခံစားနေရ၏။

"မသေချာဘူး၊ ခုထိ ကျွန်မ နို့မထွက်သေးဘူး၊ လေ့ကျင့်တုန်းပဲ ရှိသေးတယ်"

ဖိုး နို့သီးခေါင်းတွေက နာကျင်နီရဲနေလေပြီ။ ကလေးက နောက်ဆုံးတော့ အိပ်ပျော်သွားပြီး နှစ်နာရီအကြာမှာ ဖိုး နို့ရည်တွေ ဒလဟော ကျလာပြီး အိပ်ရာပေါ် စိုရွှဲနေတော့သည်။ သူ့ရင်သားတွေ တော်တော် နာကျင်နေသည်။ ကလေးကို ချီ၍ နို့တိုက်ရန် နှိုးလိုက်သည်။ ဂျယ်မီက နို့စို့ရန် အသားမကျမချင်း တအိအိ အော်နေတော့သည်။ ထို့နောက် ဖိုး၏ နို့ရည်တွေ မြန်မြန်ထွက်လာသောကြောင့် ကလေးက မွန်းနေ၍ နို့ကို မြန်မြန်မစို့နိုင်။ အဆင်ပြေပြေ မစို့တတ်ပုံပင်။ သူတို့မိသားစု သုံးယောက်လုံးက လက်သင် ဖြစ်နေသည်ကိုး။ အော်စတင်က ဖိုးကို မည်သို့မည်ပုံ နို့တိုက်ရမည်ကို အကြံပေးရာ နှစ်ယောက်စလုံး စိတ်ဖိစီးနေပြီး ဖိုးက ခပ်မာမာ ပြန်ပြောလေသည်။ နို့တိုက်သည့်ပုံစံအမှန် သူ သိကြောင်း၊ နို့တိုက်ခြင်းနှင့် ပတ်သက်ပြီး စာအုပ်တွေအကုန် ဖတ်ထားကြောင်း။ သို့သော် ဖိုး အဆင်ပြေသည့်ပုံ

mgyoe.com

mgyoe.com SAMPLE BOOK
မပေါ်ပါ။ ကလေးလည်း ရွဲရွဲစိုလာသလို ဇိုး၏ ညအိပ်အင်္ကျီလည်း ရွဲစိုနေလျက်။ စာအုပ်များထဲတွင် ထိုအရာကို မဖော်ပြထားပေ။

"ကိုယ့်အမေ ပြောတာတော့ နို့တိုက်တာ လွယ်တယ်တဲ့လေ" ဟု အော်စတင်က ပြောရင်း စိတ်ရှုပ်နေပုံ။ ကလေးကလည်း ငိုနေသည့်အတွက် ဇိုးလည်း စိတ်ရှုပ်နေပုံပါပင်။

"ရှင့်အမေ နောက်ဆုံးကလေး မွေးခဲ့တာ လွန်ခဲ့တဲ့ ၄၂ နှစ်ကနော်" ဟု ဇိုးက မာဆတ်ဆတ် ပြောသည်။

"သူ နို့တိုက်တာကို မမှတ်မိတာ နေမှာပေါ့၊ ကျွန်မတို့မှာ လိုရမည်ရ ဆိုပြီး နို့ရည်ကျွမ်းကျင်ပညာရှင်တစ်ယောက်ကို မှတ်ထားသေးတယ်" ဟု ဇိုးက ပြောရင်း ကလေးကို အထာကျအောင် ကြိုးစားနေသည်။ ဂျယ်မီ့ပါးစပ်ထဲ နို့ဝင်ဖို့ ကြိုးစားတိုက်သော်ငြား ကလေးက မွန်းလာပြန်သည်။

"နို့ရည်ကျွမ်းကျင်ပညာရှင်ဆိုတာက ဘာများလဲ" ဟု အော်စတင်က စိတ်ရှုပ်ထွေးဟန်ဖြင့် မေး၏။

"နို့ ဘယ်လိုတိုက်ရမလဲဆိုတာ သင်ပေးတာ" ဟု ဇိုးက ချောက်ချားဖွယ်ရာ ပုံစံဖြင့် ပြန်ဖြေလေသည်။ သည်အခြေအနေက သူ စီစဉ်ထားသလို မဟုတ်ပေ။ အနည်းဆုံးတော့ ယခုချိန်ထိ မဟုတ်သေး။ ကလေးက ဘယ်လို နို့စို့ရခြင်းကို သူ့အလိုအလျောက် သိလိမ့်မည်ဟု ဇိုးက ထင်မှတ်ထားသည်လေ။ ကလေးလည်း သူ့မိဘတွေလို အတွေ့အကြုံ မရှိသေးသူပင်။

"ဇိုး ကိုယ့်ဘာသာ မဖြေရှင်းနိုင်တော့ဘူးလား၊ အမျိုးသမီးတွေက နှစ်ထောင်ပေါင်းများစွာ လုပ်ခဲ့ရတာပဲလေ၊ ဒီလောက်ထိ မရှုပ်ထွေးနိုင်ဘူးလေ" ဟု အော်စတင်က ပေါ့ပေါ့ပါးပါး ပြောသော်ငြား ဇိုးမျက်နှာထားက တင်းနေလေသည်။

"ရှင်ကော ကြိုးစားကြည့်ပါလား" ဟု ဇိုးက စိတ်ရှုပ်ရှုပ်ဖြင့် ပြောသည်။ နို့တိုက်ခြင်းက ဇိုး တွေးထားသည်ထက် ပို၍ ခက်ခဲပြီး စိတ်ဖိစီးရလေသည်။ ဇိုး၏ ရင်သားတစ်ဖက်ပင် သွေးထွက်နေပြီ။

"ကိုယ်လည်း လုပ်ချင်ပါတယ်၊ ဒါပေမဲ့ သမီး လိုချင်တာ ကိုယ့်မှာ မရှိဘူးလေ၊ ဝိုင်တစ်ခွက်လောက် သောက်မလား ဇိုး" ဟု အော်စတင်က သဘောရိုးဖြင့် ပြောသော်လည်း ဇိုး ထိတ်လန့်သွား၏။

"မသောက်ဘူး၊ ကျွန်မ နို့တိုက်နေတဲ့ ကာလအတွင်း ဘာမှ မသောက်ဘူး"

ဇိုး ကိုယ်ဝန်ဆောင်နေတုန်းက ဘာမှ မသောက်ဖို့ ကြိုးကြိုးစားစား

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ခဲ့ပြီး သေလောက်သော အရက်ဆိုးကျိုးများကို ထိတ်လန့်ကြောက်ရွံ့ခဲ့သည်။ သို့သော် ယခု ဘာအန္တရာယ်မှ မရှိသဖြင့် အော်စတင့်ကို ရန်မူစရာမလို။ ဇိုးက အော်စတင့်အကြံပြုချက်အတွက် အော်စတင့်ကို အပြစ်သားကဲ့သို့ ဆက်ဆံ လိုက်ပုံပင်။

"မင်း ဝိုင်နည်းနည်း သောက်လိုက်ရင် ကလေးက ပိုအိပ်သွားမှာပါ"

အော်စတင် လေးလေးနက်နက် ပြောနေသည်ကို ဇိုး ခန့်မှန်းမိပါသည်။ ဇိုးက ကလေးကို အဝတ်လဲပေးပြီးနောက် သူလည်း စိုရွှဲနေသော ညဝတ်အင်္ကျီကို ချွတ်ပြီး နောက်တစ်ထည် ပြန်ဝတ်လိုက်သည်။ မိနစ်အနည်းငယ်အကြာ ကလေးက ထပ်ငိုပြန်၏။ ဇိုး ကလေးကို နို့တိုက်သည်။ နို့ရည်တွေ ခပ်မြန်မြန် ထွက်လာသည် မို့ ကလေး မွန်းကျပ်စပြုပြီးနောက်မှ ဘယ်လို နို့စို့ရမည်ကို သိသွားလေသည်။ နှစ်မိနစ်အကြာ သူ နို့ကောင်းကောင်းမစို့မီမှာပင် ပြန်အိပ်ပျော်သွားသည်။ နို့ကောင်းကောင်းစို့နိုင်ဖို့ မိနစ်လေးဆယ်ကြာမည်ဟု ခန့်မှန်းရသည်။ ရင်သားတစ်ဖက်မှာ မိနစ်နှစ်ဆယ်စီပင်။ နို့စို့ပြီး နှစ်မိနစ်ကြာတိုင်း အိပ်ပျော်သွားသူ ဂျယ်မီ့အဖို့ ဘယ် လောက်ကြာ နို့စို့ရမည်ကို ဘယ်သူမှ မရှင်းပြသောကြောင့် သူ နိုးလာတိုင်း ဗိုက်ဆာ နေတော့သည်။ ထို့နောက် နို့တစ်ဖက် စို့ပြီး နောက်တစ်ဖက် ရောက်သည်ကို မရှိ။ ဇိုးခမျာ ခံစားချက်ဝေဒနာတွေ ပေါက်ကွဲထွက်တော့မည့်အလား။

"ကလေးတွေက ကိုယ်ပိုင်လက်စွဲစာအုပ်နဲ့ ရောက်လာသင့်တာကွာ" ဟု အော်စတင်က ဤအခြေအနေကို ပေါ့ပါးစေရန် ဟာသနှောပြောလိုက်၏။ သူတို့ အိမ်ပြန်ရောက်ကတည်းက နို့တိုက်ခြင်းက ခက်ခဲနေပြီး ကလေးကလည်း ဂျီကျပြီး ဗိုက်ဆာလိုက်၊ စိတ်တိုင်းမကျဖြစ်၍ ပင်ပန်းလိုက်။ ဇိုးနှင့် အော်စတင်တို့ လည်း ထိုနည်းလည်းကောင်း။ ဇိုးသည် အရည်အချင်း မပြည့်ဝသော ခံစားချက်ကြီး ကို မုန်းလှသည်။ ဇိုး၏ ထိုပုံစံကို အော်စတင် တစ်ခါမျှ မမြင်ဖူးပေ။ ပုံမှန်ဆိုလျှင် ဇိုးက အခြေအနေ အရပ်ရပ်တိုင်းကို ထိန်းကွပ်နိုင်ခဲ့လေသည်။ နို့တိုက်ရာ၌ သူ မကျွမ်းကျင်မှုကြောင့် ပျော့ညံ့သည့်ပုံစံ ခံစားနေရပြီး အော်စတင်လည်း စိတ် မကောင်း။ ဇိုး ငြင်းလိုက်သော ဝိုင်ကို အော်စတင် သောက်နေစဉ် ဇိုးက ငိုလေ တော့သည်။

"တဖြည်းဖြည်း အဆင်ပြေလာမှာပါ၊ အဲဒီလောက် မရှုပ်ထွေးဘူး ဇိုး၊ သက်သောင့်သက်သာ နေပါဦး၊ ကိုယ်တို့ တီဗွီ ခဏလောက် ကြည့်ကြမလား"

အော်စတင် ပြောနေစဉ် ကလေးက တအိအိမြည်ပြီးနောက် နောက်ထပ်

mgyoe.com

mgyoe.com SAMPLE BOOK

ဆယ်မိနစ်လောက် ငိုပါတော့သည်။ ကလေး အငိုတိတ်ရန် ဖိုးက နို့တိုက်ပြီးနောက် ငယ်သံပါအောင် အော်လိုက်သည်။

"နာလိုက်တာ"

နာကျင်မှုကြောင့် ဖိုး မျက်ရည်များ ဝဲလျက်။

"ကလေးက မင်းကို တစ်နေကုန် ကိုက်နေတာပဲ၊ ကိုယ်သာ လုပ်ရင် သတ်မှာမဟုတ်လား" ဟု အော်စတင်က ဖိုးကို စနောက်ပြီး တီဗွီဖွင့်လိုက်သည်။ ပိုဆူညံသွားသည်မို့ ကလေးက ဆက်ငိုနေ၏။ ဖိုးပါ ရောငိုလေသည်။ ထို့နောက် ဖိုးက မိနစ်အနည်းငယ်အကြာတွင် သူ့လက်ကိုင်ဖုန်းနှင့် နို့ရည်ကျွမ်းကျင်ပညာရှင်ဆီ ဖုန်းဆက်ပြီး နောက်တစ်နေ့မနက်၌ သူ့ကို ပြန်ခေါ် ပေးရန် မှာထားလိုက်သည်။ တစ်ရက်သားကလေး နို့စို့ခြင်းနှင့်ပတ်သက်ပြီး ပြဿနာ ပြင်းထန်နေသည်ဟု ပြောလိုက်သည်။ ဖိုးအသံက အလျှင်လိုပြီး စိုးရိမ်နေပုံ။

ထိုနေ့ည ဆယ်နာရီတွင် ဖိုးနှင့်အော်စတင်တို့ ခြေကုန်လက်ပန်း ကျနေပြီ။ ဂျယ်မီကလေးကတော့ ခြင်းတောင်းထဲ အိပ်ပျော်နေ၏။ တစ်နေကုန်နှင့် တစ်ညနေခင်းလုံး နို့စို့သည်မို့ ကလေးကို နို့တိုက်တိုင်း ဖိုးရင်သားတွေ အထိမခံနိုင်အောင် နာကျင်နေပြီ။ အော်စတင့်အမေ ဖုန်းခေါ် ချိန်တွင် အော်စတင်က ထိုအကြောင်း ပြောပြလိုက်သည့်အခါ နောက်ထပ်ရက်သတ္တပတ်အနည်းငယ်လောက်ဆို ကလေး အသားကျသွားမည် ဖြစ်သလို ဖိုးလည်း နို့တိုက်ရသည်ကို အဆင်ပြေသွားမည် ဖြစ်ကြောင်း အော်စတင့်ကို သူ့အမေက အားပေးသည်။ အော်စတင်လည်း ထိုကဲ့သို့ မျှော်လင့်ထားသည်။ ပထမဆုံးနေ့က သူ စိတ်ကူးထားသလို အေးချမ်းဆိတ်ငြိမ်မှု မရှိသလို ဖိုးကလည်း အော်စတင် စကားပြောသည့်အခါတိုင်း ငိုလိုက် မာဆတ်ဆတ် ပြန်ပြောလိုက်။ အော်စတင် သိသော တည်တည်ငြိမ်ငြိမ် ယုံကြည်မှု ရှိသော အမျိုးသမီး မဟုတ်တော့ပေ။ ကလေးကို နို့တိုက်တိုင်း ဖိုး အမှန်တကယ် နာကျင်နေရသည်ကို အော်စတင် မြင်ပါသည်။ ကလေးက ဗိုက်အလွန်ဆာနေသကဲ့သို့ ပြုမူသော်လည်း နို့စို့သည့်အခါတော့ ဗိုက်ပြည့်အောင် မစို့ဘဲ အိပ်ပျော်သွားတတ်သည်။ ခက်ခဲသော ကိစ္စရပ်တစ်ခုကို ရဲစွမ်းသတ္တိရှိရှိ ဖြေရှင်းရမည့်ပုံစံ ဖြစ်နေပြီး ရိုးရှင်း၍ သဘာဝကျသော ဖြစ်စဉ် မဟုတ်သယောင်။

ကလေးက တစ်နာရီလောက် အိပ်ပျော်သွားပြီး ဖိုးနှင့် အော်စတင်တို့ မှေးခနဲ အိပ်ပျော်သွားချိန်တွင် ကလေး ပြန်ငိုတော့ သူတို့ နိုးလာကြသည်။ ဖိုးက သူ ဗီရိယရှိရှိ ဖတ်မှတ်လေ့လာထားသော နည်းလမ်းမှန်သမျှ ကြိုးစားကြည့်သော်

mgyoe.com

mgyoe.com
SAMPLE BOOK

လည်း ကလေးက ပူးပေါင်းဆောင်ရွက်ဖို့ ဗျာများလွန်းနေပြီး အော်ငိုနေတော့သည်။ သူ့ကလေး၏ စူးရှရှ အော်ငိုသံက ဇိုးအတွက် ဓားနှင့် ထိုးသလို ခံစားရပြီး စိတ်ပျက်လက်ပျက်ပုံစံဖြင့် အော်စတင့်ကို ကြည့်လိုက်သည်။

"ကျွန်မ နို့ညှစ်ထုတ်ပြီး ကလေးကို ဘူးနဲ့ တိုက်ရင် ကောင်းမယ်" ဟု ဇိုးက စာအုပ်ထဲမှ အကြံပြုချက်ကို သတိရသွားဟန်ဖြင့် ပြောသည်။

"ကိုယ်တော့ ဉာဏ်မမီတော့ဘူး"

ကလေး နို့စို့ခြင်းက ပို၍ ရိုးရှင်းသောကြောင့်ပင်။

ဇိုးက အော်ငိုနေသော ကလေးကို အော်စတင့်လက်ထဲ ထည့်ပြီးနောက် ဗီရိုထဲက လေးလံ၍ဝန်ကျယ်သော ဘူးကို ထုတ်လိုက်သည်။ ထို့နောက် စက်တစ်ခုကို ဆွဲထုတ်လိုက်သည်။ အော်စတင့်ကတော့ နဝေတိမ်တောင် ဖြစ်နေပုံ။

"ဒါ ဘာကြီးလဲ"

"နို့ညှစ်စက်လေ" ဟု ဇိုးက ပြန်ဖြေပြီး ညွှန်ကြားချက်များကို ဂရုတစိုက်ဖတ်နေလေ၏။

"အလုပ်ပြန်လုပ်တဲ့အခါ အဆင်ပြေအောင် ဆောင်ထားတာ၊ နို့ရည်တွေ အခဲခန်းထဲ ထည့်ခဲ့ပြီး အိမ်မှာ ထားခဲ့လို့ရအောင်ပါ၊ ပြီးတော့ အလုပ်ကို ယူသွားလို့ရအောင်လဲ ညှစ်စက်အသေးလေး ဝယ်ထားတယ်"

"ကလေး နို့စို့တာထက် ဒါကြီးက ပိုမနာဘူးလား"

အော်စတင် စိုးရိမ်နေ၏။ ဇိုး ညဝတ်အင်္ကျီလဲတုန်းက သူ့နို့သီးခေါင်းတွေ နီရဲနာကျင်နေသည်ကို အော်စတင် မြင်ခဲ့သည်။

"ကလေးကို နို့ပြန်တိုက်ကြည့်ပါလား" ဟု အော်စတင်က ညင်သာစွာ အကြံပြုလေသည်။ သူတို့တစ်တွေ ကလေး နို့ကောင်းကောင်းစို့ရန် မည်သည့်နည်းလမ်းမဆို ရှာရမည်ဖြစ်ပြီး အော်စတင်က ဇိုးကို အပြစ်မမြင်ချင်ပေ။ ဘာလုပ်ရမည်ကို အော်စတင် မသိတော့၍ ကလေးအတွက် သူနာပြုငှားနိုင်ဖို့ကိုပင် သူ အလိုရှိနေသည်။ ရက်သတ္တပတ်အနည်းငယ်လောက်ပေါ့။ ဇိုး ဘာကြောင့် ငြင်းဆန်နေသည်ကို အော်စတင် နားမလည်တော့ချေ။ သူတို့၏ ပထမဆုံးကလေးအတွက် အကူအညီ လိုနေသည်မှာ သိသာထင်ရှားလှသည်။ သူတို့ လင်မယားနှစ်ယောက်စလုံးက ပညာတတ် အသိဉာဏ်ကြွယ်ဝပြီး စဉ်းစားဆင်ခြင်တတ်သူတွေ ဖြစ်သော်ငြား ဤအခြေအနေအားလုံးက သူတို့အတွက် အသစ်အဆန်း။ ဆေးရုံကနေ အိမ်ပြန်ရောက်သည့် သည်မနက်ကတည်းက ကလေးသည် နို့ကောင်းကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

မစို့ရသေးသလို ဝိုးတို့မောင်နှံသည်လည်း ချုံးချုံးကျနေပြီ။ အော်စတင်က ခြေကုန်လက်ပန်း ကျနေ၍ ယခုညတော့ ကောင်းကောင်းအိပ်နိုင်ဖို့ မျှော်လင့်လျက်။ သူတို့ အိပ်ရမည့်ပုံ မပေါ်လောက်ပင်။

ဝိုးက တစ်ကြိမ် ထပ်ကြိုးစားသည့်အခါ ဂျယ်မီက ဝိုး၏ နို့တစ်ဖက်တည်းမှာ အေးအေးဆေးဆေး ဆယ်မိနစ်လောက် နို့စို့ပြီးနောက် အိပ်ပျော်သွားလေသည်။ ဝိုးက ကလေးပါးကို ပွတ်သပ်ပေးလျက် နောက်တစ်ဖက် နို့စို့ရန် နှိုးလိုက်သော်လည်း ဂျယ်မီက ဗိုက်မဆာတော့ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ ဝိုးကတော့ ကလေး မစို့သည့် နို့တစ်ဖက်မှ နို့ရည်များ ကျကာ ပေါက်ကွဲထွက်မတော့ပင်။ နို့ရည်အိုင်ထဲ လှဲနေသယောင်။

အော်စတင်ကတော့ နို့ဘူးတိုက်ခြင်းကို စိတ်ကူးကောင်းဟု ယူဆမိသော်လည်း ဟာသအနေနှင့်တောင် ဝိုးကို သူ မပြောရဲပေ။ ဝိုးက နောက်နို့တစ်ဖက် ကလေးကို တိုက်မှ သူ မနာကျင်တော့မှာကို သိသော်ငြား ကလေးကို မနှိုးတော့ပေ။ ကလေးက တစ်ရက်တည်းနှင့် သူတို့ဘဝကို ဇောက်ထိုးမိုးမျှော် ဖြစ်စေလိုက်သည်။ ထိုအကြောင်းကို အော်စတင်က ဝိုးကို ပြောပြသည့်အခါ ဝိုးက မျက်ရည်တွေ ကျလာပြီး သူ့ကို အပြစ်တင်ပါလားဟု မှတ်ယူနေရှာ၏။

ဝိုးသည် ကလေးကို ခြင်းတောင်းထဲ ပြန်ထည့်ပြီး သူတို့တွေ နာရီဝက်လောက် မှေးခနဲ အိပ်ပျော်အောင် ကြိုးစားကြည့်သည်။ ဝိုးကတော့ ရင်သားတွေ ကိုက်ခဲနေလျက်။ နာရီဝက်အကြာ ဂျယ်မီ နိုးလာပြီး ဗိုက်ဆာပြန်သည်။ အဘယ်ကြောင့်ဆိုသော် သူက နို့စို့လျှင် သောက်ရမည့်ပမာဏအောက် တစ်ဝက်လောက်ပင် မရှိ။ ဝိုးခမျာ ကလေးကို ပြန်ချီပြီး မျက်ရည်များ ကျလျက် နို့တိုက်နေတော့သည်။ ဂျယ်မီကလည်း အလွန်အကျူး စို့သည်ကိုး။ ငရဲတမျှ နာကျင်သော်ငြား ကလေးကလည်း လိုအပ်သည့် ပမာဏ အပြည့်မသောက်ပေ။

ဝိုးသည် ကလေးကို နို့တိုက်ပြီးနောက် သေးခံအဝတ် လဲပေးသည်။ စောင်ပန်းရောင်ကလေးနှင့် တင်းတင်းကျပ်ကျပ် ခြုံပေးပြီးနောက် ခြင်းတောင်းထဲ ပြန်ထည့်လိုက်သည်။ သူနှင့်အော်စတင်တို့ ကလေး ပြန်မနိုးမီ တစ်နာရီလောက် အိပ်လို့ရမည်။ ကလေးက ခုတော့ နို့ဘက်ပြောင်းစို့သော်ငြား နှစ်ဖက်စလုံး စို့ဖို့ ကြာကြာ နိုးမနေပေ။ ထို့ကြောင့် ဝိုးသည် ရင်သား တစ်ဖက်ဘက်တော့ ကိုက်ခဲနေပြီး အနားယူရန်နှင့် နို့ပြန်ထွက်ရန် တစ်နာရီလောက်တောင် အချိန်မရပေ။ ကလေး လိုအပ်သည်ထက် ဝိုးက နို့ပိုထွက်နေပုံ။ ကလေးလိုအပ်ချက်နှင့်အညီ

mgyoe.com

mgyoe.com SAMPLE BOOK

နို့တိုက်နိုင်ဖို့က ရက်သတ္တပတ်အနည်းငယ် အချိန်ယူရမည်ဟု ဇိုးအမေက ဇိုးကို ပြောဖူးသည်။ ထိုအချိန်ထိ ဖြတ်ကျော်နိုင်ပါမည်လား ဇိုး စိတ်မကူးဝံ့တော့ချေ။ ကလေး မွေးရခြင်းက နို့တိုက်ခြင်းထက် လွယ်ကူသော်လည်း ဇိုးခမျာ နှစ်မျိုးစလုံး အတွက် ဖတ်ဖတ်မောနေရှာပြီ။

မနက်မိုးလင်းတော့ မိဘနှစ်ယောက်စလုံး ခြေကုန်လက်ပန်းကျနေပြီး ဂျယ်မီက တစ်ညလုံးနီးပါး ငိုနေခဲ့သည်ကိုး။ ဇိုးက သူတို့၏ ကလေးဆရာဝန်ဆီ ဖုန်းဆက်ပြီး ဘာတွေ ဖြစ်ပျက်နေကြောင်း ပြောပြ၏။ နို့တိုက်ဖို့ တစ်ကြိမ်နှင့် တစ်ကြိမ်ကြားတွင် အချိန်များများ လိုအပ်ကြောင်း၊ အော်စတင်က ကလေးကို ဇိုး၏အဝေး အခြားအခန်းထဲ ခေါ်သွားပြီး အာရုံပြောင်းအောင် ချော့မြူရင်း သိပ် သည်ဖြစ်ဖြစ် လုပ်ရမည်ဖြစ်ကြောင်း ကလေးဆရာဝန်က ပြောသည်။ တအိအိငိုကြွေး နေသော ကလေးငယ်ထက် ထိုအကြံပြုချက်က ပိုလွယ်ကူပုံ။ ကလေး ကျင့်သား ရသွားလျှင် ပိုအဆင်ပြေသွားမည် ဖြစ်ကြောင်း ဆရာဝန်က ဇိုးကို အားပေးသည်။ နို့ရည်ကျွမ်းကျင်ပညာရှင်က မွန်းတည့်ချိန်တွင် ရောက်လာသောအခါ ဇိုးကို တူညီသည့်အကြောင်းများ ထပ်ပြော၏။ နို့စုပ်စက် မသုံးရန်၊ သို့မဟုတ်ပါက ကလေး လိုအပ်သည်ထက် နို့ရည်များများ ထွက်မည်ဟု ဇိုးကို ပြောသည်။ အချိန် ကိုက်လှုပ်ရှားရန်လည်း ပြောလေသည်။ ဖြစ်စဉ်တစ်ခုလုံးသည် ပင်ပန်းနွမ်းလျစေပုံ။ ဒုတိယညသည် ပထမညထက် ပိုခက်ခဲ၏။ ဇိုးသည် သူ့ဘဝတွင် ဤကဲ့သို့ အသုံး မကျသော အခြေအနေမျိုး မခံစားဖူးခဲ့။ မိခင်ဘဝ၏ အခြေခံအကျဆုံးအချက် နို့တိုက်ခြင်းကိုပင် သူ ကျရှုံးနေလေပြီ။

ဂျယ်မီ ငါးရက်သားတွင် ချိန်းဆိုထားသည့်အတိုင်း ဇိုးတို့သည် ကက်သီ ကလာ့ခ်၏ ရုံးခန်းသို့ သွားသည်။ ဇိုးက ရက်အနည်းငယ်လောက် မျက်ရည်နှင့် မျက်ခွက်။ သူနှင့် အော်စတင်ကြားတွင် တစ်ယောက်ကို တစ်ယောက် တစ်ခါမှ မလုပ်ဖူးခဲ့သည့် လေသံမာမာနှင့် ပြောဆိုခြင်းများပင် ရှိခဲ့သည်။ သူတို့ ဆက်ဆံရေး သည် ကလေးမမွေးခင်ထိ အဆင်ပြေ ချောချောမွေ့မွေ့ လွယ်လွယ်ကူကူပင်။ သို့သော် နှစ်ယောက်စလုံး သည်ရက်သတ္တပတ်တွင် ကောင်းကောင်း မအိပ်ခဲ့ရ။ ကလေးက လေထိုးလေအောင့်နာ ဖြစ်သည်ဟု ဇိုးက ဆရာဝန်ကို ပြောသည်။ ဇိုးက ထိုအကြောင်း ဖတ်ထားဖူးပြီး ဂျယ်မီက ယင်းလက္ခဏာများအားလုံး ပြလေ သည်။ ဂျယ်မီသည် နို့ဆက်တိုက် စို့ချင်လောက်အောင် သူ့တွင် အစာအိမ်ပြဿနာ များ ရှိနေလောက်သည်ဟု ဇိုးက စိုးရိမ်မိသည်။ ယနေ့မနက်တွင်လည်း ဂျယ်မီ

mgyoe.com

mgyoe.com SAMPLE BOOK

ပြင်းပြင်းထန်ထန် ပျို့အန်ခဲ့သေးသည်။ ဒေါက်တာကလာ့ခ်က နို့တိုက်ခြင်းအကြောင်း ပါသည့် လက်ကမ်းစာစောင်ကို ဇိုးအား ပေးပြီး သူတို့နှစ်ယောက်စလုံးကို စိတ်ချ လက်ချ ရှိစေရန် အားပေးသည်။ ကလေးတွင် အစာအိမ်ပြဿနာ ဖြစ်စေသော ဘာလက္ခဏာမှ မရှိကြောင်း ဆက်ပြောသည်။ ကလေးဟူသည် အန်တတ်ကြောင်း၊ ပြင်းပြင်းထန်ထန် ပျို့အန်ခြင်းသည် ခြောက်ပေ သို့မဟုတ် ရှစ်ပေ အကွာအဝေးထိ ရောက်ခြင်း၊ ထိုအခြေအနေမျိုး မဟုတ်ကြောင်း ဒေါက်တာက ဆက်ပြောသည်။ ကလေးက လေထိုးလေအောင့် ဖြစ်နေခြင်း မဟုတ်ဘဲ ကလေးလိုအပ်ချက်နှင့်အညီ နို့တိုက်ခြင်း မဖြစ်ကြောင်း၊ စိတ်ရှည်ရန် လိုအပ်ကြောင်း၊ ကြိုးစားအနားယူသင့်ကြောင်း အကြံပေးသည်။ အချိန်ဇယားနှင့်အညီ လုပ်နိုင်ဖို့ ညသူနာပြု ငှားသင့်ကြောင်း၊ အတွေ့အကြုံ ရှိသော သူနာပြုက တစ်ပတ်နှစ်ပတ်လောက် လမ်းကြောင်းမှန်မှန် ပြသပေးနိုင်ကြောင်း၊ မိဘတွေလည်း အချိန်လုံလောက်စွာ အိပ်နိုင်မည် ဖြစ်ကြောင်း ဒေါက်တာက အကြံပြုလေသည်။ ထိုမှသာ သူတို့အားလုံး၏ သောကကို ပြေလျော့ အောင် လုပ်ပေးနိုင်လေမည်။ ဇိုးနှင့် အော်စတင်တို့ မည်မျှ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေသည်ကို ဒေါက်တာ တွေ့ရသည်။ ကလေးလည်း ထိုနည်းလည်းကောင်းပါပင်။

"ကျွန်မရဲ့ ငါးရက်သားကလေးလေးကို အချိန်ဇယားနဲ့ မလုပ်နိုင်ဘူး၊ ရက်စက်လွန်းအားကြီးတယ်"

ဇိုးသည် ဒေါက်တာ၏ အကြံပြုချက်ကို ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ပြန်ဖြေလိုက်သည်။ အော်စတင်ကတော့ ဇိုး နို့တိုက်ခြင်းနှင့်ပတ်သက်၍ သည် လောက်ထိ သည်းလွန်းသော ပုံစံမျိုး မမြင်ဖူးပေ။

ပြီးတော့ ကလေးကို ကျွန်မတို့နှစ်ယောက်ကလွဲလို့ တခြားသူ ကိုင်တွယ် တာမျိုးလည်း မဖြစ်စေချင်ဘူး၊ ကလေးနဲ့ ရင်းနှီးမှု ယူဖို့ လိုအပ်တယ်၊ သူနာပြု မလိုချင်ဘူးရှင်"

အော်စတင်က သူနာပြု အသည်းအသန် ငှားချင်နေသောကြောင့် ဇိုးက အော်စတင် သိအောင်ပါ ပြောလိုက်သည်။ အော်စတင်သည် သူ့ဇနီးကို ပြန်လိုချင် နေပြီ။ ကလေးမွေးပြီးကတည်းက ပူပန်သောကများနှင့် စိတ်ဖိစီးနေသော ဇိုးကို မဟုတ်ပေ။ အော်စတင် ချစ်သော နူးနူးညံ့ညံ့အမျိုးသမီးသည် အပေါက်ဆိုးသော အမျိုးသမီးအဖြစ် ပြောင်းလဲသွားသည်။

"ခုလည်း အချိန်ဇယားနဲ့ပဲလေ၊ သိပ်ကောင်းတာမျိုးတော့ မဟုတ်ဘူး ပေါ့၊ ယုံကြည်စိတ်ချရတဲ့ သူနာပြုစာရင်းတွေ ပေးလိုက်မယ်နော်၊ ဆရာမတို့ အရင်

mgyoe.com

mgyoe.com SAMPLE BOOK

ကတည်းက သူတို့အားလုံးကို ငှားဖူးတယ်၊ အစီအစဉ်ကျတဲ့ ပုံစံလေး ပြန်ဖြစ်လာမှာပါ" ဟု ဒေါက်တာ ကလာ့ခ်က အကူအညီပေးလေသည်။ အော်စတင်က အသနားခံလျက် ဇိုးကို ကြည့်သော်လည်း ဇိုးက ခေါင်းခါလေသည်။

"ကိုယ် အလုပ် ပြန်ဝင်ရတဲ့အခါ ညစဉ် ဒီလိုပုံစံမျိုး မလုပ်နိုင်ဘူး" ဟု အော်စတင်က ဇိုးကို သတိပေးလိုက်တော့ ဇိုးက စူးစူးရဲရဲ ပြန်ကြည့်လေသည်။ သူတို့သည် မဟာမိတ် ဖြစ်ရမည့်အစား ချက်ချင်းပင် ရန်သူတွေ ဖြစ်လာကြသည်။

"ကလေးက သုံးပတ်အတွင်း အဆင်ပြေသွားမှာပါ"

ဇိုးက သိမ်းသွင်းစည်းရုံးဖို့ ကြိုးစားသည်။ ကျန်းမာသောကလေးများသည် တစ်လအကြာတွင် အလိုက်သင့်ပြုမူတတ်ကြသည်ဟု စာအုပ်များမှာ ပါသည်ကိုး။

"ကိုယ်ကော မင်းပါ ဘယ်လို ထိန်းကျောင်းရမလဲ မသိသေးဘူးလေ၊ ပြီးခဲ့တဲ့ ငါးရက်မှာပဲ လိုတာထက်ပိုပြီး သိခဲ့ပြီပဲ"

အော်စတင့်အသံက စိတ်ရှုပ်ထွေးဟန်။ ဇိုး လုပ်နေပုံက ယုတ္တိမရှိသလို အော်စတင့်အတွက် အဓိပ္ပာယ် မရှိလွန်းရာ ဖြစ်နေပြီ။

"ဂျယ်မီက ခွေး မဟုတ်သလို လေ့ကျင့်ပေးထားတဲ့ ဖျံလည်း မဟုတ်ဘူး"

ဇိုးက အော်စတင့်ကို ဝေဖန်တိုက်ခိုက်သည်။

"မဟုတ်သေးဘူးလေ၊ ကလေးတွေက ခေါင်းမာကြတယ်၊ ဒီအရွယ်လေးမှာတောင် ဉာဏ်ကောင်းတတ်ကြပါတယ်၊ ရှင်တို့ တစ်ချက်မှ မနားဘဲ သူတို့ကို ထိန်းပေးတာ သူတို့ နားလည်တယ်၊ ကောင်းကောင်း အသုံးချတတ်တယ်၊ တစ်စုံတစ်ယောက်က ယုံကြည်ချက်ရှိရှိနဲ့ အတွေ့အကြုံ ရှိတာမျိုးကို သူတို့ ခံစားတတ်ကြတယ်၊ သူတို့အတွက် စိတ်ချမ်းမြေ့စေတယ်လေ၊ ကလေးတစ်ယောက်ကို အချိန်ဇယားနဲ့လုပ်ရတာက ရက်စက်တယ်လို့တော့ ဆရာမ မထင်ဘူး"

ကက်သီက တည်တည်ငြိမ်ငြိမ် အားပေးလေသည်။

"ပြီးတော့ ကလေးသူနာပြုကောင်းတစ်ယောက်က ရှင်တို့ကိုလည်း လှည့်ကွက်လေးတွေ သင်ပေးနိုင်တယ်၊ ကျွန်မတို့ဆီက မိဘတွေတော့ သူနာပြုတွေနဲ့ ပတ်သက်ပြီး ကျေနပ်သဘောကျကြတယ်"

"ကျွန်မ လှည့်ကွက်တွေလည်း မလိုပါဘူး၊ ကျွန်မက သူ့အမေပါ၊ ဘယ်သူဘယ်သူဆိုပြီးတော့ ကလေး ရှုပ်ထွေးမှာကိုလည်း မလိုလားဘူး" ဟု ဇိုးက အသည်းအသန် ပြန်ပြောလေ၏။

"ကလေးက မရှုပ်ထွေးသွားပါဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

ကက်သီက ဇိုးတို့ကို ပြုံးပြသည်။

"ဇိုးက နို့တိုက်မိခင်ပဲ၊ သူနာပြုက ဇိုး အိပ်နိုင်ဖို့ပဲ ကူညီတာမို့ ဇိုးအတွက် အဆင်ပြေမှာပါ"

ကက်သီသည် ပြောနေရင်း ဇိုးကို ကြည့်နေသော်လည်း ယုံကြည်ချက် မရှိတော့ပေ။ ဇိုးတို့သည် မိနစ်အနည်းငယ် အကြာတွင် ဆရာဝန်ကို ကျေးဇူးတင်စကား ဆိုပြီးနောက် ထွက်လာသည်။ သူတို့ ကားထဲ ရောက်သည်အထိ ဇိုးက အသံတိတ်နေ့မြဲ။ ကလေးကတော့ အိပ်ပျော်နေလေပြီ။ ဆရာဝန်ဆီ လာရလို့ ဂျယ်မီလေးခမျာ ပင်ပန်းနွမ်းလျနေသလို ဇိုးတို့မောင်နှံလည်း ငါးရက်ဆက်တိုက် မအိပ်ရသောကြောင့် ခြေကုန်လက်ပန်းကျနေပြီ။

"ည သူနာပြုငှားဖို့မင်း ဘာကြောင့် ဆန့်ကျင်နေရတာလဲ" ဟု အော်စတင်က ဇိုးကို မေးသည်။ အော်စတင့်အတွက်တော့ ယုတ္တိမရှိပုံ။ သူတို့ သူနာပြုငှားသင့်သည်ဟု အော်စတင့်အမေလည်း တွေးမိသည်။

"ကိုယ့်အမေဆို ကိုယ်တို့အတွက် ကလေးသူနာပြုတွေ ခေါ်ခဲ့တယ်၊ ကိုယ်ဆိုရင် တလွဲတချော် လုပ်တာတို့ ကိုယ့်အမေ ဘယ်သူလဲ မသိတာတို့ မရှိခဲ့ဘူး"

ဇိုးသည် တင်းမာပြီး အလျှော့မပေးသောကြောင့် အော်စတင့်အတွက် အသစ်အဆန်း ဖြစ်နေတော့သည်။

"ကျွန်မတို့ ကလေးအတွက် သူနာပြု မလိုပါဘူး" ဟု ဇိုးက ခေါင်းမာစွာ ပြောသည်။

"ကလေးမှာ ကျွန်မတို့ ရှိတာပဲလေ၊ ကျွန်မတို့ ကလေးကို သူစိမ်းတစ်ယောက် ထိန်းပေးတာမျိုး မလိုချင်ဘူး"

"ကလေးက ကိုယ်တို့ထက် သူနာပြုနဲ့ဆို ပိုစိတ်ချရတယ်လေ၊ ကိုယ်တို့ ဘာတွေလုပ်ရမလဲဆိုတာလဲ မသိဘူးလေကွာ"

အလိုအလျောက် သိစိတ်က သူတို့နှစ်ယောက်ဆီမှာရော ကလေးဆီမှာပါ မရှိသေးပါ။

"ကလေးကို အချိန်ဇယားနဲ့ မလုပ်ဘဲ နို့စို့ရတာကို ကျင့်သားရအောင် လုပ်ရမယ်၊ ကလေး လိုချင်သလောက် နို့တိုက်ပေးတာ ပိုကောင်းပါတယ်၊ ကျွန်မတို့အတွက် ခက်ခဲနေရင်တောင်မှပေါ့၊ ကျွန်မ ဖတ်ဖူးတဲ့စာအုပ်တိုင်းမှာ အဲဒီလို ပြောထားတာပဲလေ"

mgyoe.com

mgyoe.com SAMPLE BOOK

"မင်း ကလေးမမွေးခင် ရက်ကတည်းက ကိုယ် မအိပ်ရသေးဘူး" ဟု အော်စတင်က ညည်းညူလေသည်။ သူက ပုံမှန်ဆိုလျှင် ညည်းညူတတ်သူ မဟုတ်သော်ငြား အိပ်ရေးပျက်ခြင်းက နှစ်ယောက်စလုံးကို ထိခိုက်နေသည်လေ။ သူတို့ တစ်ပတ်လုံး စကားများကြ၊ နို့တိုက်ချိန်ဆို တင်းတင်းမာမာနှင့် ဗျာများနေကြခြင်း ဖြစ်သောကြောင့် ကလေးလည်း ထိုသို့ ခံစားနေရမည်ပင် ဖြစ်သည်။ အော်စတင့် အမေ အိမ်လာလည်သည့်အခါတွင်လည်း သူတို့နှစ်ယောက်စလုံးအတွက် စိတ်မကောင်း ဖြစ်ရလေသည်။ သူတို့ခမျာ ပူပန်သောကတွေနှင့် စိတ်ဖိစီး နွမ်းလျနေကြပြီး စိတ်ရှုပ်ထွေးနေကြ၏။ ပြီးတော့ ဇိုးသည် ဘယ်သူ့ဆီကမှ အကြံဉာဏ် မယူချင်ပေ။ သူ့တွင် သူ့ကိုယ်ပိုင်စိတ်ကူးများရှိ၍ ထိုအရာများကိုသာ စွဲစွဲမြဲမြဲ လုပ်ရန် ရည်ရွယ်ထားသည်။

သူတို့ အိမ်သို့ တိတ်တဆိတ် ကားမောင်းပြန်လာပြီး အော်စတင်က ကလေး အိပ်ပျော်နေသော ကားထိုင်ခုံကို အပေါ်ထပ်သို့ သယ်လာသည်။ တိုက်ခန်းထဲသို့ ပြန်ရောက်ရောက်ချင်း ဂျယ်မီ နိုးလာပြီး အော်ငိုတော့သည်။ ကလေးကို နို့တိုက်ချိန် ဖြစ်သော်လည်း ဇိုး ရင်သားများသည် နာကျင်ကိုက်ခဲနေ၏။ အထိမခံနိုင်ဖြစ်နေသော နို့သီးခေါင်းများကြောင့် ရင်သားပိုးဝင်မှု ဖြစ်နိုင်သည့် အန္တရာယ်ကို ဆရာဝန်က ဇိုးအား သတိပေးထားဖူးသည်။ အန္တရာယ် သိပ်မဖြစ်နိုင်သော်လည်း ဇိုး အခုရင်ဆိုင်နေရသည့် အခြေအနေထက် ပို၍ နာကျင်လိမ့်မည်။ ဆရာဝန်က ဇိုး သက်သာအောင် လိမ်းဖို့ ခရင်မ်တစ်မျိုးတော့ ပေးထားသည်။

ဇိုးသည် ဂျယ်မီ့ကို ကောက်ချီပြီး အိပ်ရာထဲ အတူ ခေါ်သွားသည်။ နို့ရည်ကျွမ်းကျင်ပညာရှင် ပြောထားသည့်အတိုင်း ခေါင်းအုံးတွေကို ထပ်ပြီး လက်မောင်းတစ်ဖက်ကို ခေါင်းအုံးအထပ်ပေါ်တွင် ထောက်ထားလိုက်သည်။ အင်္ကျီချွတ်ပြီး ကလေးကို နို့တိုက်သည်။ ကလေး နို့ငုံလိုက်သည်နှင့် ဇိုးခမျာ အော်နေရတော့သည်။ သို့သော် ကလေးက ဗိုက်သိပ်ဆာနေသောကြောင့် ပထမဆုံးအနေနှင့် နို့နှစ်ဖက်စလုံးကို စို့ပြီးနောက် ဇိုးလက်ထဲမှာတင် အိပ်ပျော်သွားလေသည်။ ဇိုးမော့ကြည့်လိုက်သည့်အခါ သူတို့ကို စိုးရိမ်တကြီး ကြည့်နေသည့် အော်စတင့်ကို တွေ့ရ၏။

"ဘယ်လိုလဲဟင်၊ အဆင်ပြေလား" ဟု အော်စတင်က မျှော်လင့်တကြီး မေးသည်။ သူက ဇိုးအတွက် စိတ်မကောင်း။ ဇိုးသည် အရင်လိုပင် အရာအားလုံးကို ပြီးပြည့်စုံစွာ လုပ်ချင်နေပြီး သည်အခြေအနေက ဇိုးအတွက် ခက်ခဲနေသည့်တိုး။

mgyoe.com

mgyoe.com SAMPLE BOOK
ဇိုးက အရည်အချင်းပြည့်ဝသော မိခင်တစ်ယောက်ဖြစ်ရန် ဆုံးဖြတ်ထားသည်။ မကျွမ်းကျင်သော ပုံစံ ဖြစ်နေသည်ကို သူ မကြိုက်။ သူသည် အမြဲတမ်း သူ့ကိုယ်သူ သူ့အမေရင်းနှင့် တိုင်းထွာတတ်သည်။ ဇိုးနှင့် ရိုဖ်စ်တို့ ညီအစ်မနှစ်ယောက်အတွက် ငယ်ရွယ်စဉ်က ခြောက်ပြစ်ကင်းသော မိခင်တစ်ယောက် ဖြစ်ခဲ့သည်ကိုး။ ရိုဖ်စ် ကွယ်လွန်ပြီးနောက် အရာရာတိုင်း ပြိုလဲပျက်စီးသွားသော်ငြား ထိုအချိန်မတိုင်ခင်ထိ ဇိုးအမေ ဘယ်က ဘာပြီးလျှင် ဘာလုပ်ရမည်ကို အမြဲတစေ နားလည်ခဲ့သည်ပင်။ ယခုတော့ ဇိုး သူ့အမေကို လွမ်းနေပြီး အမေ့၏ ချင့်ချိန်ဆင်ခြင်တတ်သော အကြံဉာဏ်ကို လိုအပ်နေသည်။ သို့သော်လည်း သူ့အမေက မလာနိုင်ပေ။ သူ့အမေက အလုပ်ကနေ ခွင့်မရသလို ဇိုးကလည်း သူ အဆင်မပြေ ဖြစ်နေကြောင်းကို သူ့အမေအား ဝန်မခံချင်။ သူ့မိခင်သည် ကင်ဆာကလေးငယ်ကို လေးနှစ်ကြာ ပြုစုစောင့်ရှောက်ခဲ့ပြီး ဇိုးကတော့ ကလေးကို ဘယ်လိုနို့တိုက်ရမလဲတောင် မဖြေရှင်းတတ်ချေ။

ဒုတိယအပတ်တွင်တော့ အရာရာ အရင်ထက် ပိုအဆင်ပြေလာပြီ။ ဂျယ်မီက နို့တစ်ခါစို့ချိန်နှင့် တစ်ခါကြား နှစ်နာရီနီးပါးလောက် ရှိလာပြီ။ မှန်းထားသည်ကတော့ သုံးနာရီပင်။ သူတို့တစ်တွေ ကလေးကို အချိန်ဇယားနှင့် အတင်းအကျပ် မလုပ်ဘဲ ဂျယ်မီက သူ့ဘာသာသူ ပုံမှန်ဖြစ်နေတော့သည်။ ဇိုး ရည်မှန်းထားသည့် ပုံစံပင်။ ကလေးလိုအပ်ချက်ကိုသာ ပြည့်မီချင်ပြီး သူတို့လိုအပ်ချက်ကို ကလေးကို တွန်းအားမပေးချင်ပေ။ သီအိုရီက ကောင်းသော်လည်း လက်တွေ့တွင်တော့ အလုပ်မဖြစ်ပေ။ ရက်သတ္တပတ်နှစ်ပတ်အကြာ၌ နို့တိုက်ခြင်းက ဇိုးအတွက် နာကျင် နေဆဲ ဖြစ်သော်လည်း ကလေးက အချိန်တိုင်းတော့ အော်ငိုမနေတော့ပေ။ ညဘက် တွင်တော့ ပိုဂျီတိုက်တတ်သည်။ ကလေးသည် နေ့နှင့် ည ပြောင်းပြန် ဖြစ်နေ၏။ ဇိုး၏ ယောင်းမကတော့ ပုံမှန်ပါဟု ပြောလေသည်။ သူသည်လည်း အမွှာကလေးများတုန်းက ဇိုးပုံစံပင် ဖြစ်ခဲ့ပြီး ကလေးတစ်ယောက်က နေ့မှာ ဂျီကျလျှင် နောက် တစ်ယောက်က ညမှာ ဂျီကျတတ်လေ၏။ သို့သော် သူတို့က ညသူနာပြု ငှားခဲ့လေသည်။ သူသာ မငှားရင် စိတ်ဖောက်ပြန်သွားပြီး သူ့ခင်ပွန်း အဲရစ်က သူ့ကို ကွာရှင်းသွားမည်ဟု ဇိုးကို ပြောပြသည်။

ဇိုးနှင့် အော်စတင်တို့ နှစ်ဦးသား သဘောတူထားသည့် တစ်ချက်က သူတို့ နောက်ထပ်ကလေး တစ်ယောက် ရလာလျှင် မွေးကင်းစကလေးနှင့် လမ်းလျှောက်ခါစကလေးကို ဘယ်လို ကိုင်တွယ်ထိန်းကျောင်းရမည်ကို စိတ်မကူးနိုင်တော့ချေ။ သူတို့ ကလေးသုံးယောက် လိုချင်ကြောင်း အမြဲတစေ ဆွေးနွေးခဲ့သည်။
mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် ဖန်ပြွန်သန္ဓေသားရဖို့ လေးကြိမ်ကြိုးစားပြီးနောက်နှင့် ဆရာဝန် ဘာပြော ပြော ဇိုးက ကလေးတွင် လေထိုးလေအောင့် ရှိနေသည်ဟု မရမက ယူဆထားသည့် အချက်ကြောင့် နောက်တစ်ကြိမ် ကလေးထပ်ယူဖို့က သူတို့နှစ်ယောက်စလုံး အတွက် စိတ်ကူး၍ပင် မရတော့ချေ။ အော်စတင်က တစ်ညတွင် ဇိုးကို ထိုအတိုင်း ပြောလာသည်။ ထိုညက ကလေးသည် ဘာအကြောင်းပြချက်မှ မရှိဘဲ သုံးနာရီကြာ အော်ငို ဂျီကျပြီးနောက် အိပ်ပျော်သွားလေသည်။ ဇိုးကတော့ ကလေးမှာ လေထိုး လေအောင့် ရှိသည်ဟုပင် အတင်းအကျပ် ပြောသည်။

"ကိုယ်တော့ ထပ်မလုပ်နိုင်တော့ဘူး ဇိုး၊ ဂျယ်မီနဲ့တင် ကိုယ်တို့အတွက် လုံလောက်ပြီထင်တယ်"

ဇိုးက အော်စတင့်ကို ဝမ်းနည်းစွာ ကြည့်ပြီး ခေါင်းညိတ်ပြသည်။ ထို အကြောင်းပြောဖို့ စောသေးသော်လည်း ပြီးခဲ့သည့် နှစ်ပတ်တာကာလသည် သူတို့ နှစ်ယောက်ကို တုန်လှုပ်စေလိုက်ပြီ။

"ကျွန်မလည်း ဒီလိုပဲ တွေးနေတာပါ၊ ကလေး နှစ်ယောက် သုံးယောက် လောက်ကို ထိန်းနိုင်မယ်လို့ အမြဲ ယူဆထားခဲ့တာ၊ ဒါပေမဲ့ အရာအားလုံး စိုးရိမ် ပူပန်စရာတွေရယ် ဂျယ်မီမှာ ဖြစ်နေပုံ ကြည့်ရတာရယ် ကလေးတစ်ယောက်နဲ့တင် လုံလောက်နေပါပြီလေ"

ဆုံးဖြတ်ချက်ချရန် စောလွန်းနေသော်လည်း သူတို့နှစ်ယောက်စလုံး သေချာနေပြီ။

"ဂျယ်မီလေး ဘာမှ မဖြစ်ပါဘူး" ဟု အော်စတင်က ဇိုးကို အားပေးပြီး ငုံ့နမ်းလိုက်သည်။ ပြီးခဲ့သော နှစ်ပတ်လုံးလုံး သူတို့ ကလေးကြောင့် စကားများ သည်မှ လွဲ၍ စကားပြောဖြစ်ကြသည်မှာ ခပ်ရှားရှား။ ကလေးက သူတို့ဘဝတွေကို လုံးဝလွှမ်းမိုးလိုက်ပြီး အဆင်ပြေချောမွေ့နေသည့် ဆက်ဆံရေးကိုပါ ပြောင်းလဲစေ လိုက်သည်မို့ အော်စတင်က စိုးရိမ်နေ၏။ ကလေးကြောင့် ဇိုးကို မဆုံးရှုံးချင်ပါ။ သူ့ကိုလည်း အော်စတင် လိုအပ်သည်။ ပြီးတော့ ကလေးတွေ များလာလျှင် သူ့ အတွက် အချိန်နည်းလာမည်။ ယခုအခြေအနေနှင့်တင် မှန်းဆနိုင်သည်။ ဇိုး၏ အရေးကြီးသော အစိတ်အပိုင်းကို အော်စတင် ဆုံးရှုံးလိုက်ရသည်ဟု ခံစားနေရ၏။ ဇိုးက ဇနီးတစ်ယောက်ထက် မိခင် ပိုဖြစ်နေပြီလေ။ သည်လို မျှော်လင့်ထားခြင်း မဟုတ်ပေ။ ကလေး ရှိခြင်းက သူတို့ မှန်းဆထားသည်ထက် ပို၍ ခက်ခဲလေသည်။ အော်စတင် စကားပြောနေစဉ် ဇိုး မျက်ရည်ဝဲလာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကလေးကို ဘာမှ မဖြစ်နိုင်ဘူးဆိုတာ ရှင် ပြောလို့ မရပါဘူး၊ ကျွန်မမိဘတွေလည်း ရိုးစ်တုန်းက ဒီလိုပဲ ထင်ခဲ့တာ၊ ဘဝမှာ ဘယ်အရာမှ မသေချာ မရေရာဘူးလေ၊ ဟိုးအရင်ကတည်းက ကျွန်မ သင်ယူခဲ့ရတာပါ၊ ကလေးကို ဘာမှ မဖြစ်ဖို့ဘဲ ကျွန်မ မျှော်လင့်ပါတယ်၊ ကျွန်မတို့ အကောင်းဆုံး လုပ်နိုင်တာက ကလေးကို အန္တရာယ်ကနေ ကာကွယ်နိုင်ဖို့ပဲ"

လွန်ခဲ့သော နှစ်ပတ်သည် ခက်ခဲသော်လည်း ဇိုးက ကလေးအတွက် သူ့ဘဝကို ပေးအပ်ထားပြီး ဖြစ်သလို သူတို့နှစ်ယောက်စလုံးက ကလေးကို ချစ်နေလေပြီ။

"ဇိုးက အံ့အားသင့်လောက်စရာ အမေပါကွာ" ဟု အော်စတင်က နူးညံ့စွာ ပြောပြီး ဇိုးကို နမ်းလိုက်တော့ ဇိုးက သူ့ကို ပြုံးပြလေသည်။

"အဲဒီလိုပဲ ဖြစ်ချင်ပါတယ်"

"ဖြစ်နေပြီပဲလေ၊ ဗမ်ပိုင်ယားအသေးလေးက မင်း ရင်သားတွေကို ဟမ်ဘာဂါအသား လုပ်ပစ်လိုက်ပြီ၊ တစ်နေ့ ကိုယ်ပြန်လိုချင်တယ် ဆိုတာတော့ မှတ်ထားနော်"

ဇိုးက ပြုံးလိုက်ပြီး သူတို့ ခဏလောက် ပွေ့ဖက်ကြလေ၏။ ဂျယ်မီကလေး ပြန်မနိုးလာခင်ထိပေါ့။ သူတို့သည် ကလေးအသစ်စက်စက်၏ မိဘဖြစ်ခြင်းကို တဖြည်းဖြည်း အထာကျအောင်လေ့လာနေပြီး ကလေး ကိုယ်အလေးချိန် တက်လာသောကြောင့် ပျော်နေကြလေသည်။

နောက်တစ်ပတ်သည် အော်စတင် အလုပ်ပြန်မဝင်ရမီ အိမ်မှာ ရှိမည့် နောက်ဆုံးအပတ်။ ဇိုးသည် သူ့ကို အားပေးဖို့ အော်စတင် ရှိနေခြင်းကို ကျေးဇူးတင်နေသည်။ သူ ရေချိုးခေါင်းလျှော်ချင်သည့်အခါမျိုး၊ အဝတ်လျှော်သည့်အခါမျိုးတွင် အော်စတင်က ကလေးကို ကြည့်ပေးနိုင်သည်လေ။ သူတို့အိမ်ကို တစ်ပတ်နှစ်ခါ သန့်ရှင်းရေးသမား လာသော်လည်း အော်စတင် အလုပ်ပြန်လုပ်သည့်အခါ ကျန်အချိန်များတွင် ဇိုး တစ်ယောက်တည်းပင်။ ဇိုး အလုပ်ပြန်ဝင်လျှင်တော့ ကလေးထိန်းခေါ် ရမည်ကို ဇိုး သိသော်လည်း ခုချိန်ထိ မစဉ်းစားချင်သေးချေ။ ဇိုးတို့ ညီအစ်မ မွေးတုန်းက ဇိုးအဖေသည် အိမ်မှာပင် အလုပ်လုပ်ရသူမို့ ဇိုးအမေ ဘယ်လောက် ကံကောင်းကြောင်း ခုမှပင် သဘောပေါက်တော့သည်။ ဇိုးသည် ကလေး ထားခဲ့ပြီး အလုပ်ပြန်လုပ်ရမည်ကို အကြီးအကျယ် စိုးရိမ်ပူပန်နေ၏။ ဂေဟာအတွက် သူ စီမံအုပ်ချုပ်တာဝန်ယူခဲ့သည်များက အခြားသူတစ်ယောက်၏ အလုပ်တာဝန်လိုပင်။

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးတွေကို လွမ်းနေသော်လည်း သူ့သမီးနှင့် အတူရှိရခြင်းသည် ပို၍ သဘာဝကျလေသည်။

အော်စတင် အလုပ်ပြန်တက်သည့်အခါ သူ မရှိဘဲ တစ်ယောက်တည်း မိမိဘာသာ အရာရာ စီမံရတော့မည်ကို ဇိုး တွေးကြောက်နေမိသည်။ ထို့ကြောင့် ကလေးကို ငုံ့ကြည့်ပြီး အော်လိုက်မိသည်။ ဇိုးနံဘေးတွင် စာဖတ်နေသော အော်စတင် ထိတ်လန့်သွားပြီး ဇိုးကို မော့ကြည့်လိုက်သည့်အခါ ဇိုးမျက်နှာတွင် ကြောက်စိတ်မွှန်နေသည်ကို တွေ့ရသည်။ ထို့နောက် အော်စတင်က ကလေးကို ဖျတ်ခနဲ ကြည့်လိုက်သောအခါ ဖြူဖပ်ဖြူရော် ဖြစ်နေပြီး မတုန်မလှုပ် ရှိနေသည်ကို တွေ့ရပြန်သည်။ ကလေး အသက်ရှူနေသည်လားတောင် မသိတော့။ သူ့မျက်လုံးတွေက အသက်မပါ။ အော်စတင်သည် ဇိုးဆီက ကလေးကို ဆွဲယူပြီး နိုးလာစေရန် ညင်သာစွာ လှုပ်ခတ်လိုက်သည်။ ဇိုးခမျာ ရင်တုန်ရင်း စောင့်ကြည့်နေစဉ် တစ်မိနစ်လောက် ကလေးဆီက ဘာအသံ ဘာတုံ့ပြန်မှုမျှ မပေါ်လာချေ။ ထို့နောက် ကလေး အသက်ပြန်ရှူလာပြီး အားရပါးရ ငိုပါလေတော့သည်။ ကလေးက အသက်ပြန်ရှူလာသော်လည်း ဖြူဖပ်ဖြူရော် ဖြစ်နေဆဲမို့ ဇိုးက အိပ်ရာမှ ခုန်ထပြီး အဝတ်အစားလဲသည်။ အော်စတင်က ကလေးကို ချီနေရင်း ကလေးကဲ့သို့ပင် သူ့မျက်နှာကလည်း ဖြူရော်ရော်။ ကလေးက မိဘနှစ်ယောက်စလုံးကို ကြောက်လန့်တကြား ဖြစ်စေလိုက်သည်။

"ကျွန်မတို့ ကလေးကို ဆေးရုံပို့ရင်ပို့ မဟုတ်ရင် ၉၁၁ ကို ဖုန်းဆက်ရမယ်" ဟု ဇိုးက ဂျင်းဘောင်းဘီနှင့် ရှပ်ကို အမြန်ဝတ်ရင်း ပြောလေသည်။ ထို့နောက် ဖိနပ်စီးပြီး အော်စတင့်ဆီမှ ဂျယ်မီကို လှမ်းချီလိုက်သည်။ ထိုမှသာ အော်စတင်လည်း အဝတ်လဲနိုင်မည် ဖြစ်၏။

"ကျွန်မတို့ ဘာလုပ်ရမလဲနော်"

အော်စတင်လည်း ဂျင်းဘောင်းဘီနှင့် ဆွယ်တာ ဝတ်၍ ဖိနပ်စီးရင်း စဉ်းစားနေသည်။

"ကလေး အခု အသက်ပြန်ရှူနေပြီ" ဟု အော်စတင်က တုန်လှုပ်စွာ ပြောသည်။

"ကလေးကို ဆေးရုံခေါ်သွားကြစို့၊ ဒီကနေ သိပ်မဝေးဘူး"

ဇိုးသည် ကလေးကို စောင်နှင့် လျင်မြန်စွာ ပတ်ပြီး သိုးမွေးဦးထုပ်ပန်းရောင်လေး ဆောင်းပေး၍ သေးခံအိတ်ကို ဆွဲယူလိုက်သည်။ တစ်မိနစ်အကြာ

mgyoe.com

mgyoe.com SAMPLE BOOK

တွင် သူတို့ တိုက်ခန်းအပြင်ဘက် ရောက်ပြီး ဓာတ်လှေကားမှ အောက်ထပ်သို့ သုတ်ခြေတင်ကာ အဆောက်အအုံအပြင်ဘက် ရောက်သည့်အခါ ကားငှားလေ၏။ အော်စတင်က ကားဒရိုင်ဘာကို ဒေါ်လာ နှစ်ဆယ် ပေးပြီး ဆေးရုံသို့ မြန်နိုင်သမျှ မြန်မြန်မောင်းရန် ပြောသည်။ ဂျယ်မီကလေးက မငို။ အံ့အားသင့်စွာ ငြိမ်သက်နေသော်လည်း သတိရှိသည်။ သူတို့ မိနစ်အနည်းငယ်အတွင်း ဆေးရုံရှိ အရေးပေါ် ဌာန ဝင်ပေါက်သို့ ရောက်လာသည်။ အထဲသို့ ခပ်သွက်သွက် ဝင်ပြီး သူနာပြုဆရာမကို ဘာတွေ ဖြစ်ခဲ့ကြောင်း ရှင်းပြလေသည်။ သူနာပြုက သူတို့ကို ခဏစောင့်ရန် ပြော၏။ အော်စတင် ဖောင်ဖြည့်နေစဉ် ဇိုးက ကလေးချီထားပြီး ဆန်ဖရန်စစ္စကိုရှိ သူ့မိခင်ဆီ ဖုန်းခေါ်လေသည်။ အလိုအလျောက် တုံ့ပြန်မှုဟု ဆိုရသော်ငြား ဇိုးမိခင်သည် ကလေးအထူးကြပ်မတ်ကုသဆောင်ရှိ သူနာပြုဖြစ်သောကြောင့် ဘာတွေ ဖြစ်ပျက်နေသည်ကို ဇိုးအား သူ့အမြင် ပြောပြနိုင်မည်။ သည်အခြေအနေက ပြင်းထန်ပြီး ဂျယ်မီ အသက်ဆုံးရှုံးသွားလောက်မည်ကို ဇိုး သိပ်ကြောက်နေမိသည်။ ကံကောင်းစွာ ဇိုးအမေက ဇိုး ဖုန်းခေါ်နေသည်ကို တွေ့၍ ဖုန်းကိုင်လိုက်၏။ သူက အလုပ်မှာပင် ရှိသေးသည်။ ဇိုးဆီက ဖုန်းလာသောကြောင့် သူ အံ့သြနေသည်။

"ဇိုးရေ ဘာဖြစ်လို့လဲ"

ဇိုးက အခြေအနေ ပြောပြသည့်အခါ ဘသ်သည် သူ့အတွေ့အကြုံများပေါ် အခြေခံ၍ မှန်းဆကာ ဖြေပေးသည်။

"အိပ်ရင်း အသက်ရှူ ခဏရပ်သွားတာမျိုးပဲ၊ မျက်ဖြူလန်ပြီး တက်တာလည်း ဖြစ်နိုင်တယ်၊ အမေက ဆရာဝန် မဟုတ်ဘူး၊ သူတို့တွေ တကဲကဲ လုပ်ချင်ရင်တော့ ဒုတိယအမြင်ကိုပဲ ချက်ချင်းလက်ခံပါ၊ စောင့်မနေနဲ့နော်" ဟု ဘသ်က အကောင်းဆုံးအကြံဉာဏ် ပေးလေသည်။ သို့သော် တည်ငြိမ်ဟန် ဖြစ်သောကြောင့် ဇိုးကို စိတ်သက်သောင့်သက်သာ ဖြစ်စေ၏။

"တခြားကော ဘာဖြစ်နိုင်သေးလဲဟင်"

ဇိုးခမျာ ကြောက်စိတ်မွှန်နေသည်။ သူသည် ကလေးလေးကို သိကျွမ်းပြီး ချစ်ခင်နှစ်သက်ရသည်မှာ သုံးပတ်တောင် မပြည့်သေး။ ကလေးက သူတို့နှလုံးသားထဲတွင် နက်နက်ရှိုင်းရှိုင်း ဝင်ရောက်နေပြီ ဖြစ်သောကြောင့် မဆုံးရှုံးချင်ပေ။ ဤအတွေးကြီးကြောင့် ဇိုး နေရခက်လာပြီး ရှိုက်ကို တွေးမိသည်။

"ဘာမှ မဖြစ်တာလဲ ဖြစ်နိုင်ပါတယ်၊ ဆရာဝန်နဲ့ တွေ့ပြီးရင် အမေ့ကို ဖုန်းဆက်ပါ" ဟု ဘသ်က ပြောပြီး အလုပ်ပြန်လုပ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အရေးပေါ် ဌာနမှ ဆရာဝန်သည် ဂျယ်မီကို သေချာစွာ စမ်းသပ်ပြီးနောက် စစ်ဆေးမှုများ ပြုလုပ်နေသည်။ အစာမကြေသောကြောင့် အသက်ရှုရပ်သွားခြင်းမျိုး ဖြစ်နိုင်သည်ဟု ပြောသည်။ ကလေး နို့စို့ပြီးနောက် အစာခြေစနစ်မှ အရည်တွေက နောက်ပြန်တက်လာပြီး အသက်ရှူ ခဏရပ်သွားခြင်းမျိုး ဖြစ်နိုင်လောက်သည်။

"ကံကောင်းတာက ဒီလိုမျိုး ထပ်မဖြစ်နိုင်တော့ပေမဲ့ ကလေး နို့စို့ပြီးတိုင်း သေသေချာချာ မျက်ခြည်မပြတ် စောင့်ကြည့်နေပါ၊ ဈေးကွက်ထဲမှာ စောင့်ကြည့် ကိရိယာတွေ ရှိပါတယ်၊ အဲဒါမျိုး တပ်ထားရင် ကလေး အသက်ရှူရပ်သွားတာနဲ့ ခင်ဗျားတို့ သိနိုင်တာပေါ့၊ ဒါပေမဲ့ စက်တွေက ချို့ယွင်းချက်တွေ ရှိနိုင်တော့ သတိပေးမှားတာမျိုးတော့ ဖြစ်နိုင်တယ်၊ တစ်ညလုံး မြည်နေတတ်သလို နေ့အချိန်မှာလည်း အသံမြည်နိုင်တယ်နော်"

"ကျွန်မ ကလေးနဲ့ စက္ကန့်မလပ် အတူ ရှိနေတာပါ၊ လိုအပ်ရင် တစ်ညလုံး ထိုင်စောင့်နိုင်ပါတယ်" ဟု ဇိုးက ချက်ချင်းပင် ပြန်ပြောသည်။ သူ့ကိုယ်သူ စွန့်လွှတ်အနစ်နာခံပြီး ကလေးအပေါ် မှာပင် မြှုပ်နှံထားသော မိခင်တစ်ယောက်ပင် ဖြစ်သည်။

"ကလေးက အခုလို အရွယ်လေးမှာ ပိုအန္တရာယ် ရှိနိုင်တယ်၊ သူ့အစာခြေစနစ်က တဖြည်းဖြည်းနဲ့ အဆင်ပြေလာပြီး ထပ်ဖြစ်တော့မှာ မဟုတ်ဘူး၊ အချို့ ကလေးတွေမှာ ဖြစ်တတ်ပြီး ကြီးလာတာနဲ့အမျှ ပျောက်သွားတတ်ပါတယ်"

"ထပ်မဖြစ်ဖို့ဘဲ ကျွန်မ မျှော်လင့်ပါတယ်" ဟု ဇိုးက ပြောသောအခါ အော်စတင်က ခေါင်းညိတ်ပြ၏။ သူလည်း သည်အခြေအနေမျိုး ဘယ်တော့မှ ထပ်မဖြစ်ချင်တော့ပေ။ သူတို့မျက်စိရှေ့မှာတင် ကလေးက သေမလို ဖြစ်ခဲ့သောကြောင့် သူတို့သာ ကလေးကို စောင့်ကြည့်မနေလျှင် ဘာများ ဖြစ်သွားမည်နည်း။ ကံကောင်းထောက်မလို့ ဇိုး မြင်ပြီး တုံ့ပြန်ခဲ့ခြင်း ဖြစ်သည်။

သူတို့ ဒေါက်တာကက်သီကလာ့ခ်ဆီ ဖုန်းဆက်လိုက်၍ ဒေါက်တာက ဂျယ်မီကလေးကို လာကြည့်ပြီး သိပ်မစိုးရိမ်ရကြောင်း ခိုင်ခိုင်မာမာ ပြောသည်။ ကလေးများမှာ ဖြစ်တတ်သော အသက်ရှူခေတ္တရပ်သွားခြင်းနှင့် ထပ်မဖြစ်နိုင်တော့သည့်အကြောင်း သူက ဆက်ပြောသည်။ ကလေးသည် ပြင်းထန်သော စစ်ဆေးမှုများ မခံစားရအောင် ဤအခြေအနေမျိုး ထပ်မဖြစ်အောင် သူတို့သည် ကလေးကို မျက်ခြည်မပြတ် စောင့်ကြည့်တော့မည်။ အော်စတင်သည် ဒေါက်တာ၏

mgyoe.com

mgyoe.com SAMPLE BOOK
မယုတ်မလွန် ကိုင်တွယ်ဖြေရှင်းနည်းကို သဘောကျသည်။ ဇိုးကတော့ ကလေးကို စမ်းသပ်မှုများ လုပ်သင့်လားဟု မေးခွန်းထုတ်လေသည်။

ဇိုးတို့သည် ကလေးကို ဆေးရုံဝန်ထမ်းများ ကောင်းကောင်း စောင့်ကြည့်နိုင်ရန် ဆေးရုံ တစ်ညတင်လိုက်သည်။ ကလေး နို့စို့ပြီးတိုင်း ပက်လက်မထားခင် နာရီဝက်လောက် မတ်မတ်လေး ထားရန် နောက်တစ်နေ့မနက်တွင် ကလေးဆရာဝန်က သူတို့ကို ပြောသည်။ ထိုမှသာ ကလေး၏ အစာခြေစနစ်က နောက်ပြန်မသွားဘဲ အောင့်အန်ခြင်းမျိုး မဖြစ်မှာပင်။

ဇိုးသည် ဆေးရုံ၌ပင် အမေဇုန်မှ စောင့်ကြည့်ကိရိယာစက်ကို လှမ်းမှာလိုက်သည်။ ဆရာဝန်က စက်ကို သိပ်အားကိုးလို့ မရကြောင်း ပြောသော်လည်း ဘာမှ မရှိသည်ထက် ပိုကောင်းသောကြောင့်ပင်။ ဇိုးသည် ကလေးဆုံးရှုံးရသည်ထက် စက်ချို့ယွင်းသည်ကိုပင် စိတ်ရှုပ်ခံလိုက်တော့မည်။ ပြီးတော့ ရုတ်တရက် ကလေးငယ်သေဆုံးခြင်း (SIDS) ဖြစ်စဉ်ကိုလည်း စက်က သတိပေးနှိုးဆော်နိုင်ပေမည်။ ဂျယ်မီ တစ်စုံတစ်ခု ဖြစ်သွားလျှင် အကာအကွယ်အနေနှင့် သူတို့ နောက်ထပ် ကလေးယူသင့်ကြောင်း သည်ဖြစ်ရပ်က ဇိုးကို တွေးမိစေသည်။ သို့သော် အော်စတင့်အတွေးက မတူ။ အော်စတင့်အဖို့ ကလေးတစ်ယောက်တည်းကိုပင် စိုးရိမ်ပူပန်နိုင်ပြီး ကိုင်တွယ်နိုင်မည် ဆိုသည်မှာ ပို၍ သေချာသွားသည်။ ဂျယ်မီက အော်စတင့်အတွက်သာ။ ခုချိန်ထိ တစ်ပြားသားမျှ မလျှော့။ ယခု ဖြစ်ရပ်သည် သူ့ကို အလွန်ထိတ်လန့်သွားစေခဲ့သည်။

ကလေးသည် အိမ်အပြန်လမ်းတစ်လျှောက် အိပ်သွားပြီး တိုက်ခန်းပြန်ရောက်သည့်အခါ ဇိုးနှင့် အော်စတင်တို့ ကလေးမနိုးမီ သဘောတူညီချက်တစ်ခု လုပ်ကြလေသည်။ ကလေးတစ်ယောက်သာ သူတို့အတွက် လုံလောက်ပြီ။ သူတို့ ခရီးလမ်းအစက ကြမ်းတမ်းသည်လေ။ သို့သော် သူတို့မှာ ဂျယ်မီကလေး ရှိနေပြီမို့ ကမ္ဘာပေါ်တွင် အကောင်းဆုံးမိဘများ ဖြစ်ရန် ဆုံးဖြတ်ထားကြ၏။ သူတို့ကလေးကို အကြွေးတင်နေပြီ။ အော်စတင်က နားလည်သဘောပေါက်စ ပြုလာပြီ။ ဂျယ်မီကလေး လုံခြုံအေးချမ်းရန် သတိဝီရိယရှိရှိနှင့် စိတ်ရောကိုယ်ပါ မြှုပ်နှံထားရတော့မည်။ သူ့နှလုံးသားထဲတွင် ထိုအကြောင်းသာ အပြည့်အနှက်။ မနေ့ညက ကလေးအသက် ဆုံးရှုံးသွားလောက်မည်ကို သူ အလွန်အမင်း တုန်လှုပ်သွားသည်။

ဇိုးသည် သူ့အမေ၊ ယောက္ခမ၊ ယောက်မများကို ဖုန်းဆက်ပြီး ကလေးနှင့် သူ ဘယ်လောက်ရင်းနှီးကြောင်း ပြောပြသည်။ ဂျယ်မီ အသက်ရှူ ရပ်သွားချိန်
mgyoe.com

mgyoe.com
SAMPLE BOOK

ဇိုးသာ ချီထားပြီး မတွေ့လျှင် ဂျယ်မီကလေး သေသွားနိုင်ကြောင်း ပြော၏။ ဂျယ်မီ အသက်ရှုရပ်သွားသည်ကို ဇိုး မြင်သွားသောကြောင့် သည်ဖြစ်ရပ်တွင် ဇိုးသည် သူရဲကောင်း ဖြစ်သည်ဟု အော်စတင်ကလည်း ဝန်ခံသည်။ သို့မဟုတ်ပါက နောက်ကျသွားသည်အထိ သူတို့ သိနိုင်မှာ မဟုတ်ပေ။ ကြောက်စရာကောင်းသော အတွေးပင်။ ကလေး သတိပြန်လည်လာအောင် အော်စတင် လှုပ်နှိုးလိုက်သည် ကတော့ အသေးအဖွဲလေးပင် ဖြစ်သောကြောင့် မပြောပြဖြစ်တော့ပေ။ ဇိုးသည် ကလေးအသက်ရှုရပ်ခြင်းကို တွေ့ပြီး အော်ခဲ့သည်။ သူသည် အမေတစ်ယောက် အနေနှင့် ပထမဆုံးရှေ့ကြယ်ပွင့်ကို ဆွတ်ခူးပြီး ကလေးအသက်ကို ကယ်ခဲ့သူ။ မိခင်ဘယ်နှယောက်ကများ သည်လို လုပ်ရန် အခွင့်အရေး ရပါသနည်း။

ဇိုးမိခင်ရင်းသည် အများကြီး ကြိုးစားခဲ့သော်လည်း ရှီစ်အသက်ကို မကယ်တင်နိုင်ခဲ့။ အော်စတင့်အစ်ကိုအကြီးဆုံး၏ ဇနီး အမ်လီယာသည်လည်း သူ့ကလေး အမွှာနှစ်ယောက်ထဲမှ တစ်ယောက်က မွေးနေ့ပါတီတွင် ဟော့ဒေါ့အပိုင်း အစလေးကြောင့် မွန်းကျပ် အသက်ရှုပိတ်သွားသည့်အခါ အရေးပေါ် အသက် ကယ်နည်းဖြင့် ကလေးကို ကယ်ခဲ့၏။ ယခုဆိုလျှင် ဇိုးသည် လူကုံထံအသိုက်အဝန်း ထဲ ဝင်ဆံ့သွားလေပြီ။ သူက သူနာပြုအနေဖြင့် အလုပ်မလုပ်ခဲ့သော်ငြား ဂျယ်မီ့ အသက်ကို ကယ်နိုင်ခဲ့သည်။ ထိုညတွင် ဇိုးသည် အော်စတင်ရင်ခွင်ထဲ ခိုနားရင်း အိပ်ရသည်မှာ ထူးကဲလှသော ခံစားမှုပင်။ အကောင်းဆုံး ခံစားမှုဟု ဆိုရမည်။ ထိုအခိုက်အတန့်မှ စ၍ ဂျယ်မီသည် ဇိုးကြောင့် အသက်ရှင်ပြီး ဝမ်းနည်းစရာ အဖြစ်ကနေ မိသားစုတစ်စုလုံးကို ဇိုး ကယ်လိုက်နိုင်ခြင်းကို အော်စတင်အပါအဝင် တစ်မိသားစုလုံး နားလည်သဘောပေါက်ကြသည်။ ဇိုး၏ ပင်ကိုအသိစိတ်က နောက်ဆုံးတော့ သက်ရောက်မှု ရှိခဲ့ပြီ။ ဇိုးသည် မိခင်ဖြစ်ခြင်းကို ကမ္ဘာပေါ်တွင် အကောင်းဆုံးခံစားချက်အဖြစ် မှတ်ယူထားသည်။ လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်က သူ ခံစားခဲ့ရသော နာကျင်မှုနှင့် ရှုပ်ထွေးစရာအားလုံး ရုတ်တရက် ထိုက်တန်ပါလားဟု ထင်မြင်မိလေသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

အော်စတင် အလုပ်ပြန်ဝင်ပြီးနောက်ပိုင်း ဇိုးအတွက် နို့တိုက်ခြင်းကတော့ ခက်ခဲရှုပ်ထွေးနေတုန်း။ သူ့ကို ကူညီဖို့ ဘယ်သူမှ မရှိ။ ပြီးတော့ ဂျယ်မီကလေး၏ အသက်ရှူရပ်သွားသော ဖြစ်ရပ်က အရာအားလုံးကို ကြောက်ခမန်းလိလိ ဖြစ်စေခဲ့သည်ကိုး။ ဇိုးခမျာ ကလေးကို လုံးဝ မျက်ခြည်အပြတ်မခံဘဲ နေ့ရော ညပါ နို့တိုက်ပြီးတိုင်း မတ်မတ်အနေအထား ပြုလုပ်ပေးသည်။ သူ ဝယ်ထားသော စောင့်ကြည့်စက်က အသံမြည်လာတိုင်း အကြောက်တရား ပိုတိုးနေ၏။ အရေးပေါ် ဌာနမှ ဆရာဝန် သတိပေးခဲ့သည့်အတိုင်း စက်က ခဏခဏ ထမြည်ပြီး ဇိုးတို့ အိပ်ပျော်နေသည့်အချိန်တိုလေးကိုပင် အလွတ်မပေး။ အသံမြည်လာတိုင်း ထကြည့်ပြီး ကလေး အဆင်ပြေရဲ့လား၊ ကောင်းကောင်း အိပ်နေရဲ့လား စစ်ဆေးနေရသည်။ အော်စတင်က စက်အသုံးမဝင်ကြောင်း သွင်သွင်ငြင်းသော်လည်း ဇိုးက ဆက်သုံးနေလေသည်။ သူတို့၏ ကလေးဆရာဝန် ကက်သီကလာ့ခ်သည် ဇိုးတို့ ညသူနာပြုငှားရန် ထပ်ပြီး အကြံပြုသော်ငြား အရာမရောက်သောကြောင့် လက်လျှော့လိုက်ရသည်။ ဇိုးသည် သူ အလုပ်ပြန်ဝင်မည့်အချိန်ထိ အချိန်ပြည့်မိခင် တစ်ယောက်ဖြစ်ရန် ဆုံးဖြတ်ထားပြီးပြီ။ ကလေးထိန်းလည်း ခုချိန်ထိ မရှာရသေး။ ကလေးနှင့်ပတ်သက်၍ ဇိုး၏ လုံ့လဝီရိယအတိုင်း လိုက်လုပ်နိုင်ရန် ကလေးထိန်း ရှာရသည်မှာ မလွယ်ကူလောက်ဟု အော်စတင် နားလည်ထားသည်။ သို့သော် သည်ကိစ္စကို

mgyoe.com

mgyoe.com SAMPLE BOOK

စိုးရိမ်ပူပန်ရန် စောလွန်းနေပါသေးသည်။ ဂျယ်မီ့တွင် လေထိုးလေအောင့်ရှိသည်ဟု ဇိုးက မလျှော့တမ်းပြောနေဆဲ။ ဂျယ်မီ မွေးလာကတည်းက ဇိုးသည် စိုးရိမ်သောက ရောက်တတ်သူတစ်ယောက် ဖြစ်သွားပြီ။ ထိုအခြေအနေက ပျော်စရာကောင်းပြီး စိတ်အေးချမ်းသာ ပေါ့ပါးသော သူတို့ဆက်ဆံရေးကို ဗျာများ၍ တင်းမာပြီး အငြင်းအခုံသန်သော အနေအထားအဖြစ် ပြောင်းလဲစေခဲ့သည်။ အော်စတင်က အိပ်ရေးပျက်ရသောကြောင့် ဖြစ်သည်ဟု အပြစ်ဖို့ပြီး အဆင်ပြေသွားမှာပါဟု မျှော်လင့်နေသည်။

ကလေးဆရာဝန်က မလိုအပ်ပါဟု အာမခံသော်လည်း နှစ်ပတ်အကြာတွင် ဇိုးသည် အင်တာနက်၌ လိုအပ်သည့် ရှာဖွေမှုများ လုပ်ပြီးနောက် ဂျယ်မီ့ကို ကလေးအစာအိမ်ဆရာဝန်ထံ ခေါ်သွား၍ အစာအိမ်အတွက် စစ်ဆေးပေးဖို့ ပြောသည်။ ကလေးသည် နို့ကောင်းကောင်း မစို့ကြောင်း၊ ဒုတိယရင်သားတစ်ဖက်ကို မစို့မီ အိပ်ပျော်သွားကြောင်း၊ နို့စို့ပြီးနောက် အန်တတ်ကြောင်း ဇိုးက ဆရာဝန်ကို ပြောပြသည်။ ဆရာဝန်က ကက်သီနှင့် ဆွေးနွေးပြီး ကလေးကိုလည်း စမ်းသပ်ပြီးနောက် ထပ်တိုး စစ်ဆေးမှုများ မလိုအပ်ကြောင်း ယူဆသည်။ ကလေး နို့စို့ပြီးနောက် ဒုတိယအကြိမ် အသက်ရှူရပ်ခြင်းမျိုး ထပ်မဖြစ်လျှင်၊ သို့မဟုတ် နာတာရှည် အော့အန်ခြင်းမျိုး မဟုတ်လျှင် ထပ်စစ်ဆေးစရာ မလိုအပ်တော့ပေ။ ကလေးက ဆက်အန်နေလျှင် ကလေးကို နို့တိုက်ဖို့ အစာပိုက်ထည့်ရန် လိုအပ်လားဟု ဇိုးက ဆက်မေးသည့်အခါ ဆရာဝန် လန့်သွားလေသည်။ ကလေးငယ်များ အာဟာရ လုံလုံလောက်လောက် မရဘဲ ကိုယ်အလေးချိန် ပုံမှန်ကျနေသည့် ပြင်းထန်သော အခြေအနေမျိုးတွင်မှ အစာပိုက် လိုအပ်ကြောင်း ဆရာဝန်က ရှင်းပြသည်။ ဇိုး၏ သမီးကလေးသည် အလေးချိန်တက်နေပြီး ပုံမှန်ကလေးများက အန်တတ်သည်ပင်။ ဇိုး အသုံးပြုနေသော စက်က ကောင်းကောင်း အလုပ်မလုပ်၍ မလိုအပ်ကြောင်း ဆရာဝန်က ပြောသော်လည်း ဇိုးက လိုရမည်ရ ဆက်အသုံးပြုဖို့ အစီအစဉ် ရှိနေသည်။ သတိပေးသံများ မှားယွင်းနေခြင်းက ထိတ်လန့်ဖွယ်ရာ ဖြစ်သော်လည်း ဇိုးက ဂျယ်မီ လုံခြုံအောင် အကာအကွယ်အနေနှင့် အရာရာလုပ်ထားချင်သည်။ အစာအိမ်ဆရာဝန်က သူ့ကို စိတ်မူမမှန်သူဟု ထင်နေလောက်မည်ဟု ဇိုး ခံစားမိသော်လည်း ဂျယ်မီ့အကျိုးအတွက် သူ ဘာမှ ဂရုမစိုက်ချေ။

ဇိုးက ဆရာဝန်ထံ သွားခဲ့ကြောင်း အော်စတင့်ကို ပြောပြသည့်အခါ အော်စတင် လန့်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်း မသွားခင် ကိုယ့်ကို ဘာလို့ မပြောတာလဲ"

ဖိုး မပြောပြသောကြောင့် အော်စတင် စိတ်နည်းနည်း ထိခိုက်သွားသလို အံ့အားသင့်နေတော့သည်။

"ရှင့်ကို မစိုးရိမ်စေချင်လို့ပါ၊ ကလေးကို သေသေချာချာလေး စမ်းသပ်စေချင်ရုံပါပဲ၊ ဒေါက်တာ ကက်သီက သိပ်လေးလေးနက်နက် မပြောသလိုဘဲ၊ အထူးကုနဲ့ ပြပြီး ကလေးအဆင်ပြေရဲ့လား သေချာစေချင်လို့ပါ"

ဖိုးသည် သူ့ညီမလေး စောစောစီးစီး ကွယ်လွန်သွား၍ ထိုအခြေအနေမျိုး ထပ်မဖြစ်ချင်သောကြောင့် ဝီရိယပိုလွန်းသည်ဟုပင် အော်စတင် သတ်မှတ်ထားလေ၏။ ဖိုး အသက် ၁၀ နှစ်အရွယ်တွင် သွေးကင်ဆာနှင့် ကွယ်လွန်သွားသော အသက် ၇ နှစ်အရွယ် ညီမငယ်ကြောင့် ကလေးငယ်များတွင် ဖြစ်တတ်သော ဝေဒနာကို ဖိုး သိပ်ကြောက်နေခြင်းပင်။ ဖိုးညီမလေး၏ ဝေဒနာနှင့် သေဆုံးမှုကြောင့် ဖိုးတို့ မိသားစု ပြိုကွဲခဲ့ရသည်ကို အော်စတင် သိ၍ ဖိုး၏ စိတ်အားထက်သန်မှုကို အပြစ်မတင်ရက်ပေ။ သို့သော်လည်း သူ့သမီး ဆေးရုံပြသည်ကိုတော့ အဖေတစ်ယောက်အနေနှင့် သိချင်မိသည်။ ဖိုး၏ ပူပန်ကြောင့်ကြမှုများက အခြေအမြစ်ရှိရှိ မရှိရှိ အော်စတင်ကတော့ မျှဝေခံစားချင်သည်။ သို့သော် ကလေး အဆင်ပြေပါသည်ဟု ကြားရတော့ အော်စတင့်ကန့်ကွက်ချက်များ ပျောက်ပျက်သွားပြီး ဘာစောဒကမှ မတက်တော့ချေ။

အော်စတင်သည် အလုပ်ပြန်တက်တက်ချင်း သူ့အစ်ကိုများနှင့် နေ့လယ်စာ စားသောအခါ ကလေးများနှင့် ပတ်သက်ပြီး သူတို့ ဘယ်လောက်တည်တည်ငြိမ်ငြိမ် ဖြစ်နေသည်ကို မြင်ရတော့ အံ့အားသင့်မိသည်။ ဖိုးသည် မည်မျှ စိုးရိမ်ပူပန်နေကြောင်း၊ နို့တိုက်ရသည်မှာ ဘယ်လောက် ခက်ခဲကြောင်း၊ သူတို့ဘဝတွေ အရာရာ ပြောင်းလဲသွားကြောင်း အော်စတင်က ပြောပြသည်။ အော်စတင့်ခမျာ သူ့ဇနီးကို ဆုံးရှုံးလိုက်ရသည်ဟု အတိုင်းအတာတစ်ခုထိ ခံစားနေရပြီး သူတို့ နှစ်ယောက်က ခုချိန်တွင် ဇဝရက်တောင်ကို တက်နေသလိုမျိုး ခက်ခဲသော စွန့်စားမှုကို ပြုလုပ်နေသော လက်တွဲဖော်တွေပင်။ ပြီးတော့ ဖိုး၏ သတိဝီရိယရှိလွန်းခြင်းက စိတ်ဖိစီးစရာ ဖြစ်သည်။ သူတို့၏ ချစ်စရာကောင်းပြီး ရမ္မက်ကြွစေသော ယခင်ဆက်ဆံရေးက ပျောက်ကွယ်သွားလေပြီ။ ဖိုးသည် ကလေးအတွက် ၂၄ နာရီလုံး မပြတ်စောင့်ကြည့်နေတတ်သော လူတစ်ယောက် ဖြစ်သွားလေသည်။

အော်စတင့်အစ်ကိုများသည် လွန်ခဲ့သောရက်သတ္တပတ်အနည်းငယ်က

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ခဲ့သော အသက်ရှုရပ်သည့် ဖြစ်ရပ်နှင့် ပတ်သက်၍ အထင်ကြီးနေကြ၏။ သူတို့ကလေးများ ငယ်ငယ်က ဘာမှ မဖြစ်ခဲ့ကြောင်းပါ ပြောပြလေသည်။ သူတို့ ဇနီးသည်များက ဇိုးလောက် မပြည့်စုံဟုပါ မှတ်ချက်ပြုကြလေသည်။ အော်စတင် ကတော့ တစ်လလောက် ဖခင်ဖြစ်ရုံနှင့်ပင် နောက်ထပ်ကလေး ထပ်ယူရန် စိတ်မကူး တော့ကြောင်း ဝန်ခံ၏။ အော်စတင့်အစ်ကိုများကတော့ အမြွှာရှိနေသည်တောင် ကလေးများများ ရှိခြင်းကို သဘောကျသည်။ ဂျယ်မီသာ တစ်ဦးတည်းသောသမီး ဖြစ်လျှင် ဇိုးက ပို၍ ကဲလွန်း သည်းလွန်းလောက်မည် ဖြစ်ကြောင်း အစ်ကိုနှစ်ယောက် စလုံးက အကြံပြုသည်။ နှစ်ယောက်လောက် မွေးမှ ဇိုး ပိုတည်ငြိမ်သွားလောက်မည်။

"နှစ်ဆ စိုးရိမ်ရမှာပေ့ါ" ဟု အော်စတင်က မချိသွားဖြဲ ပြောလေသည်။ ယခုဆိုလျှင် သူ့ဇနီးကို သိပ်နားမလည်နိုင်တော့ပေ။

"ဇိုးက ရှိရှိသမျှ ကလေးစောင့်ရှောက်နည်းစာအုပ်တွေ ဖတ်ထားတယ်၊ သူ့စိတ်ကူးတွေကလည်း တိတိကျကျပဲ၊ ဇိုး အသက်ဆယ်နှစ်မှာ သူ့ညီမလေးက သွေးကင်ဆာနဲ့ ဆုံးသွားတာလေ၊ ဒါကြောင့် ကျန်းမာရေးကိစ္စတွေနဲ့ ပတ်သက်ရင် သူ သိပ်စိုးရိမ်တတ်တယ်၊ သူ့မှာ အရာရာတိုင်းအတွက် သီအိုရီတွေ မနည်းမနောပဲ"

အော်စတင့်ကတော့ ရှေ့ဆက် ခရီးကြမ်းနေတော့မှာပဲဟု သူ့အစ်ကိုနှစ် ယောက်က ယူဆမိသော်လည်း ဇိုးကို သူတို့အားလုံး သဘောကျသောကြောင့် ပြစ်တင်ဝေဖန်ခြင်းမျိုး မလုပ်ချင်ပေ။ ဇိုးသည် လက်ဖျားခါရသော အမျိုးသမီး။ သူတို့အတွက် အနည်းငယ် တင်းမာသယောင် ရှိသော်ငြား အော်စတင့်အတွက် တော့ မမှုပေ။ ဇိုးက ကလေးညှဉ်းပန်းနှိပ်စက်မှုများ ကိုင်တွယ်ရာတွင် ကျွမ်းကျင် ပညာရှင်မို့ အော်စတင်၏ စိတ်ဝင်စားမှုများနှင့် အလုပ်အတွက် လိုက်ဖက်ညီလှ သည်။ အော်စတင် ကလေးရလာပြီမို့ သူ့အစ်ကိုများ ဝမ်းသာပီတိဖြစ်မိပါသည်။ ကလေးတွေ ကြီးလာလျှင် မောင်နှမဝမ်းကွဲတစ်တွေ အချင်းချင်း ရင်းနှီးခြင်းကို သူတို့အားလုံး သဘောကျကြသည်။ ပြီးတော့ ယောကျ်ားကလေးများကြားထဲ သမီး မိန်းကလေး ရောက်လာသောကြောင့် ပျော်စရာကောင်းနေတော့မှာပဲဟု မှတ်ယူ ထားကြလေသည်။

ညတာက ရှည်ကြာလွန်းလှသည်။ ဇိုးသည် ဂျယ်မီ့ကို မျက်စိအောက်က အပျောက်မခံ စောင့်ကြည့်ကာ ထိုင်နေသည်။ နောက်ထပ် အသက်ရှုရပ်ခြင်းမျိုး မဖြစ်အောင် နိုးနိုးကြားကြား ဖြစ်နေ၏။ နို့တိုက်သည့် တစ်ကြိမ်နှင့် တစ်ကြိမ် ကြားတွင် ခဏကလေးသာ မှေးရသည်။ နှစ်လသားအရွယ် ဂျယ်မီသည် တစ်ညလုံး

mgyoe.com

mgyoe.com SAMPLE BOOK

တောက်လျှောက်အိပ်ခြင်းမျိုး မရှိ။ ပထမတစ်နှစ်လောက်တော့ လုံခြုံစိတ်ချအောင် စောင့်ကြည့်စက်ကို ဆက်သုံးမည်ဟု ဇိုးက မလျှော့တမ်း ပြောထား၏။ နောက်ဆုံး တော့ အော်စတင်တစ်ယောက် အိမ်တွင် အလုပ်ခန်းအဖြစ် အသုံးပြုထားသော ဧည့်သည်အခန်းငယ်လေးတွင် သွားအိပ်ရတော့သည်။ တစ်ညလုံး ဇိုးက ငုတ်တုတ် ထိုင်နေပြီး ကလေးက ငိုလိုက် စက်က မဟုတ်မဟတ် မြည်လိုက် မီးဖွင့်ထားလိုက် နှင့်တော့ အော်စတင် ကောင်းကောင်းအိပ်ရမည် မဟုတ်ပေ။ နောက်တစ်နေ့ အလုပ်တွင် ကိခိုက်သွားနိုင်သည်။ အော်စတင် ကြိုးစားခဲ့သော်လည်း အလုပ်မဖြစ်။ ဇိုးနံဘေး အိပ်ရခြင်းကို လွမ်းနေသော်ငြား ပိတ်ရက်များတွင်သာ အတူ အိပ်နိုင် တော့သည်။ ပြီးတော့ ဂျယ်မီကို ဇိုး ချီထားလျှင်ထား သို့မဟုတ် သူတို့နှစ်ယောက် ကြားတွင် သိပ်လျှင်သိပ် ဆိုတော့ အော်စတင်သည် ဇိုးနှင့် ရမ္မက်ဆန်ဆန် အချစ်ည ကိုလည်း မခံစားနိုင်တော့ချေ။

သူတို့နှစ်ယောက် ညစာအတူ ထိုင်မစားဖြစ်တော့ပေ။ ဇိုးက ကလေးနှင့် အမြဲ အလုပ်များနေသောကြောင့် အော်စတင်က ပါဆယ် ဝယ်စားခြင်းမျိုး၊ ရုံးက ပြန်လာလျှင် အနီးအနားရှိ ဆိုင်တွင် ဝင်စားလိုက်ခြင်းမျိုး၊ ဇိုးနှင့် သူ့အတွက် သူ ကိုယ်တိုင်ပင် ချက်လိုက်ခြင်းမျိုး လုပ်ဖြစ်သည်။ သူ့အစ်ကိုတစ်တွေ တစ်ခုမှ မလုပ် ခဲ့ရသော အရာများပေ့ါ။ သို့သော် ကလေးတစ်ယောက်မှ အသက်ရှုရပ်ခြင်းမျိုး မဖြစ်သလို ကလေးဝေယျာဝစ္စများအတွက် အတူနေ အကူမိန်းကလေးလည်း ရှိ လေသည်။ ဂျယ်မီ နည်းနည်း ကြီးလာသောအခါ ထိုသို့ အကူထားရန် အော်စတင်က ဇိုးကို အကြံပေးသော်လည်း ဇိုးက ချက်ကျလက်ကျ ထောက်ပြလေသည်။ ထိုမိန်းက လေး များသည် ကောင်းကောင်းလေ့ကျင့်ထားခြင်း မရှိကြောင်း၊ တိုင်းတစ်ပါးမှ ဖြစ်ပြီး အသက် နှစ်ဆယ်ပတ်ချာလည်တွေမို့ ဂျယ်မီကို သူတို့နှင့် စိတ်မချကြောင်း ဇိုးက ပြောသည်။ အော်စတင်က ထိုအချက်ကို ပြန်မငြင်းဘဲ ဂျယ်မီနှင့် စိတ်ချ ယုံကြည်စွာ ထားဖို့ ဘယ်သူ့ကို ရှာတွေ့နိုင်မလဲတော့ သိချင်မိသည်။ ဇိုး၏ သတ်မှတ် ချက်များနှင့် ကိုက်ညီသူ၊ သူ့သီအိုရီများနှင့် စည်းကမ်းများကို လိုက်နာနိုင်သူကို တွေ့ဖို့တော့ ခက်ခဲပေလိမ့်မည်။ ဇိုးက ဂျယ်မီ့ကို နို့တိုက်ပြီးလျှင်တောင် အော်စတင့် ကို ချီခွင့် မပေး။ ကလေးကို မတ်မတ်အနေအထားနှင့် သူကိုယ်တိုင်ပင် ချီထားပြီး စက္ကန့်မလပ် စောင့်ကြည့်နေသည်။ ပြီးတော့ ဇိုးသည် အနည်းဆုံး တစ်နှစ်လောက်ထိ နို့တိုက်ရန် စီစဉ်ထားသည်က အော်စတင့်အတွက် သိပ်ကြာလွန်းလှသည်။

ဂျယ်မီ မမွေးခင် သူတို့ နှစ်ယောက် ဖြတ်သန်းမျှဝေခဲ့သော အေးချမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ပျော်ရွှင်သော ဘဝကို ပြန်ရပ့ါမည်လားဟု အော်စတင် တစ်ခါတစ်ရံ သိချင်မိသည်။ တင်းမာပြီး နိုးနိုးကြားကြား ရှိလွန်းသော ဇိုး၏ တစ်ဖက်ခြမ်းက ပေါ်လာပြီ။ အရင် တုန်းက အမျိုးသမီး မဟုတ်တော့သော်လည်း အော်စတင်က ဇိုးကို သိပ်ချစ်၍ သူ့ထူးခြားသော စရိုက်များကို ခွင့်လွှတ်ပေး၏။ ဘယ်လိုပဲ ဖြစ်ဖြစ် သူတို့နှစ်ယောက် စလုံးက ကလေးကို တတ်နိုင်သမျှ အကောင်းဆုံးဘဝလေး ပေးရန် ဆုံးဖြတ်ထားပြီ ဖြစ်သည်။ ထို့အတွက် ဘယ်သူက ဇိုးကို အပြစ်တင်နိုင်ပါမည်နည်း။ ဂျယ်မီ ကြီးပြင်း လာသည်နှင့်အမျှ ဇိုးလည်း သက်သောင့်သက်သာ ဖြစ်လာမည်ဟု အော်စတင် သေချာပေါက် သိနေသည်။ ခရီးကြမ်းအစသာသာ။ သူ့အစ်ကိုလည်း ထိုအတိုင်းပင် ပြောခဲ့သည်။ သူ့အစ်ကိုများနှင့် ဇနီးသည်များသည် ကလေးရစဉ်တုန်းက အော်စတင့် ယခုအရွယ်ထက်ပင် ပိုငယ်ကြသည်။ ညဉ်းပန်းနှိပ်စက်ခံရသော ကလေးငယ်များနှင့် အလုပ်တွဲလုပ်နေရသူ အသက် ၃၄ နှစ်အရွယ် ဇိုးသည် ဆေးကျောင်း နှစ်နှစ်လည်း တက်ခဲ့ဖူးသည်မို့ ဤအခြေအနေကို ပို၍ ဉာဏ်ရှိရှိ ချဉ်းကပ်နိုင်သည်။ အကြောက် တရားများကို ပိုအားကောင်းစေရန် စွန့်စားမှုများ၊ ဆိုးကျိုးများ၊ အန္တရာယ်များနှင့် ပတ်သက်၍ လုံလုံလောက်လောက် ဗဟုသုတများ ဇိုးတွင် ရှိသည်။

ဇိုး နို့တိုက်စဉ်ကာလတွင် အစားအသောက် ဂရုစိုက်ရန် အော်စတင့်မိခင် က အကြံပေးသည်။ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အစပ်၊ ဂေါ်ဖီထုပ်၊ နို့ထွက်ပစ္စည်း များ၊ ချောကလက် စသည်တို့ကို ရှောင်ရန် ပြော၏။ အရက်ကတော့ အန္တရာယ် ဖြစ်စေမည်ဟု သူ မထင်ပေ။ ကလေး ကောင်းကောင်း အိပ်ပျော်နိုင်လောက်သည်။ ဇိုးသည် သူ့ယောက္ခမ ကွန်စတန့်ကို သဘောကျသော်လည်း သူ့အကြံပေးချက်များက စိတ်အနှောင့်အယှက်ဖြစ်စရာဟု ထင်မြင်မိသည်။ ထိုအကြံပေးချက်များက ရှေးကျ နေပြီ ဖြစ်ပြီး ဂျယ်မီ့အစာအိမ်ပြဿနာအတွက် ကောင်းသော သက်ရောက်မှုမျိုး မဖြစ်ပေ။ ကက်သီကလာခဲ့သည်လည်း ကလေး၏ အစာအိမ်ပြဿနာကို ပုံမှန် ဟုသာ ဆိုတုန်းပင်။ ဂျယ်မီက အများကြီး အန်သော်လည်း ကလေးအချို့က အန်တတ်ကြပြီး နို့တွေ ထွေးထုတ်တတ်သည်ဟု ကက်သီက ပြောလေသည်။

အော်စတင်သည် သူ့အမေ တားမြစ်ထားသော အစားအစာများကို ဇိုး စားနေသည်ကို မြင်ရသောအခါ ဘာမှ မပြောပေ။ ဇိုး ထိုအစားအစာများကို ရှောင်ဖို့ သွင်သွင်ငြင်းနေသောကြောင့် နည်းနည်း စားလိုက်ခြင်းတော့ ကောင်းပါ သည်ဟု အော်စတင် တွေးမိသည်။ ဇိုးက ချောကလက်၊ အစပ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကို သိပ်ကြိုက်တော့ သူ့ယောက္ခမအကြံကို လျစ်လျူရှုပြီး စားမြဲတိုင်း

mgyoe.com SAMPLE BOOK

စားနေတော့သည်။ ထိုအကြံဉာဏ်များကို သူ လက်မခံ။ ထို့ကြောင့် အော်စတင် စိတ်ရှုပ်ရသော်ငြား ဇိုးနှင့် စကားနာမထိုးခြင်းကို အကောင်းဆုံးဟုသာ သူ တွေးထား၏။ အရာရာတိုင်းသည် ဂျယ်မီ နို့စို့ခြင်းကဲ့သို့ တင်းမာနေတော့သည်။ ပြီးတော့ ဂျယ်မီက လွန်လွန်ကဲကဲ အန်သည်ဟုလည်း အော်စတင် မထင်ပေ။ သူ့တူလေးတွေ ဂျယ်မီ့အရွယ်တုန်းက အန်သလောက်ပင်။ သို့သော် ဇိုးက ဂျယ်မီ တစ်နေ့လုံး အန်ကြောင်း၊ ညဘက်တွင်တော့ နည်းနည်းပဲ အန်ကြောင်း မလျှော့တမ်း ပြောလေသည်။ အော်စတင်ကလည်း ဤအခြေအနေများကို မတွေ့ရသောကြောင့် ဇိုးက သူပြောသည့်အကြောင်းများကို ကောင်းကောင်းနားလည်သည်ဟုသာ ယူဆထားလေ၏။

အော်စတင် အိမ်ပြန်လာချိန်တွင် ဂျယ်မီကတော့ သူ့အတွက် အမောပြေပင်။ ကလေးနှင့် ကစားရသည်ကို အော်စတင် သိပ်ကြိုက်သည်လေ။ ဂျယ်မီကလေးသည် ပုံမှန်တိုးတက်ဖွံ့ဖြိုးနေသည်။ ပြုံးတတ်လိုက်၊ လှိမ့်တတ်လိုက်နှင့်။ အော်စတင် သူနှင့် ကစားသည့်အခါ ဂျယ်မီသည် ခွက်ထိုးခွက်လှန် ရယ်တတ်နေပြီ။ ဂျယ်မီကလေးတွင် အံ့သြလောက်စရာ နက်နက်ရှိုင်းရှိုင်း တခစ်ခစ်ရယ်သံလေး ရှိတာမို့ သူ့မိဘတွေမှာ ပြုံးပျော်မဆုံး။ သူ့ပျော်ရွှင်မှုက ကူးစက်တတ်သည့်သဘော။ အော်စတင်က ဂျယ်မီ့ဗိုက်ပေါ်တွင် ရက်စ်ဘယ်ရီသီးလေးတွေ တင်ပြီး မှုတ်သည့်အခါ ဂျယ်မီ သိပ်ကြိုက်တော့ ပျော်လွန်းသောကြောင့် တခစ်ခစ် ရယ်နေတော့သည်။

အရာရာက အဆင်ပြေပြေ ဖြစ်နေပြီး လွယ်ကူလာတော့သည်။ ဇိုး နို့တိုက်ခြင်းတောင် ဂျယ်မီ့ လိုအပ်ချက်နှင့် အသားကျ အဆင်ပြေနေချိန်တွင် ကံဆိုးမှုတစ်ခု ဖြစ်လာ၏။ ဇိုးသည် ဂျယ်မီ့သေးခံအဝတ်ကို လဲပေးနေချိန်တွင် တစ်စက္ကန့်လေး လက်လွှတ်ပြီး စင်ပေါ်ရှိ သေးခံအထုပ်ကို လှမ်းယူသည်။ သူက ကလေးနှင့် ခြေလှမ်းတစ်လှမ်းအကွာလောက် ရောက်သွားပြီး သူ နောက်ပြန်မဆုတ်ခင် ဂျယ်မီက သူ့စွမ်းရည်အသစ်ကို ပြသသောအားဖြင့် စားပွဲပေါ်မှ ကြမ်းပြင်သို့ လှိမ့်ချလိုက်သည်။ ကြမ်းပြင်တွင် ခေါင်းဆောင့်သွားသောကြောင့် စူးစူးဝါးဝါးအော်သံ ထွက်လာ၏။ ဇိုးလည်း ကလေးကို ကြောက်အားလန့်အားနှင့် ဆတ်ခနဲ ပြန်မ,လိုက်၍ ကလေးက သတိရှိသော်လည်း အငိုတိတ်ရန် အချိန်အတော်ကြာသွားသည်။

စားပွဲအောက်နှင့် ဂျယ်မီ့ပစ္စည်းများထားရာ အခန်းတွင် အောက်အခင်း မရှိပေ။ ဇိုးသည် သူ ငယ်ငယ်က ဖြစ်ခဲ့ဖူးသော ဓာတ်မတည့်ခြင်းနှင့် ပန်းနာရင်ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

ကို ကြောက်သောကြောင့် အခန်းထဲမှာ မာကျောသော အရာများသာ ထားလေသည်။ ဂျယ်မီ ကြမ်းပြင်ပေါ် ခပ်မြန်မြန်ကျသွားသည်ကတော့ ခွင့်မလွှတ်နိုင်စရာ ဖြစ်သွား၏။ အချိန်တိုလေးအတွင်း ဂျယ်မီ့ခေါင်း၌ အဖုကြီး ပေါ်လာသည်။ ဇိုးသည် ကက်သီ့ဆီ ဖုန်းဆက်တိုက်ခေါ်လျက် ဂျယ်မီ့ကို ဂွမ်းထိုးအိတ်လေးထဲ ထည့်ပြီး စောင်နှင့် သူ့ပိုက်ဆံအိတ်ကို ဆွဲယူ၍ အလျင်အမြန် အရေးပေါ်ဌာနသို့ သွားလေသည်။ ဂျယ်မီ ကြမ်းပြင်ပေါ် ပြင်းပြင်းထန်ထန် ကျပြီး အသံအကျယ်ကြီး ထွက်ခဲ့ကာ ခေါင်းက အဖုအနေအထားကို ကြည့်ပြီး သတိမေ့နိုင်သွားသည်ဟု ဇိုး သေချာပေါက် သိသည်။

ဇိုးသည် အငှားကားပေါ်မှာတင် အော်စတင့်ဆီ ဖုန်းဆက်ပြီး သူ့မိုက်မဲမှုကို ဝန်ခံလေသည်။ ဂျယ်မီသည် ယခင်က တစ်ခါမှ စားပွဲပေါ်တွင် မလှုပ်ရှားဖူးချေ။ ဇိုးက အန်ဝိုင်ယူ(NYU)ဆေးရုံ အရေးပေါ်ဌာနသို့ သွားမည်ဖြစ်ကြောင်း အော်စတင့်ကို ပြောသည်။ အော်စတင်ကလည်း တတ်နိုင်သမျှ မြန်မြန်လိုက်လာမည်ဟု ကတိပေးသည်။ သူ့ရုံးခန်းက မြို့ထဲတွင် ရှိသောကြောင့် ဇိုးသာ ဆေးရုံသို့ အရင်ရောက်လိမ့်မည်။

အရေးပေါ်ဌာနရှိ ကလေးဆရာဝန်က ဂျယ်မီ့ကို မကြည့်ပေးမီ ဇိုး ခဏတော့ စောင့်လိုက်ရသည်။ သူနာပြုက ရေခဲကပ်ပေးထားလေသည်။ ဂျယ်မီကတော့ သူ့ခေါင်းမှာ အဖုအကြီးကြီး ဖြစ်သော်လည်း ငိုယိုခြင်း မရှိတော့၍ ဇိုးက ဖြစ်ခဲ့သမျှကို မလုံမလဲစိတ်ဖြင့် ငိုယိုကာ ရှင်းပြနေသည်။ သူ ဘယ်လောက်မိုက်မဲပြီး တာဝန်မဲ့ကြောင်းတွေကိုရောပေါ့။

"ကလေးတွေ ဒီလို လုပ်တတ်ကြပါတယ်လေ"

မတော်တဆမှုအတွက် ဇိုး စိတ်ထိခိုက်နေသည်ကို မြင်ရတော့ ဆရာဝန်က သူ့ကို အားပေးဖို့ ကြိုးစားလေသည်။

"ကလေး သူငယ်အိမ်တွေလည်း ကောင်းတယ်၊ သတိမေ့တာမျိုး မရှိပါဘူး၊ ကလေးကို စောင့်ကြည့်နေပြီး အန်တာနဲ့ ဆရာ့ကို ခေါ်ပါ၊ ခေါင်းမှာ ဖုထသွားရုံလောက်ပါ" ဟု ဆရာဝန်က အားပေးသည့်ပုံစံဖြင့် ပြောလေသည်။ ဇိုးက စိတ်ချစေဖို့ ဦးနှောက်နှင့် အာရုံကြောဆရာဝန်ကို ခေါ်ပေးရန် တောင်းဆိုသည့်အခါ ဆရာဝန် ထိတ်လန့်သွားလေ၏။ ဆရာဝန်က မလိုအပ်ကြောင်း ပြောသော်လည်း ဇိုးက မလျှော့တမ်း တောင်းဆိုနေသောကြောင့် ခေါ်ပေးလိုက်ရသည်။ ဂျယ်မီ့ စီတီစကန်(CT Scan) ရိုက်ဖို့ လိုအပ်လားဟု ဇိုးက ဦးနှောက်နှင့် အာရုံကြောဆရာဝန်

mgyoe.com

mgyoe.com SAMPLE BOOK
ကို မေးမြန်းရာ သူက ကလေးဆရာဝန်နှင့် သဘောထားချင်း တိုက်ဆိုင်လေသည်။ ခေါင်းထိခိုက်၍ သတိမေ့သွားသည့် လက္ခဏာမျိုး မရှိ။ ဂျယ်မီ့ခေါင်းတွင် မနှစ်မြို့ဖွယ်ကောင်းသော အဖုကြီး ရှိသွားသော်ငြား ကလေးက အဆင်ပြေပါသည်။ နာရီဝက်အကြာတွင် အော်စတင် ရောက်လာသည့်အခါ ဆရာဝန်နှစ်ယောက်စလုံး စမ်းသပ်ခန်းထဲ၌ ရှိနေသည်။ ဂျယ်မီ အဆင်ပြေကြောင်း အော်စတင် ကြားရတော့မှပဲ စိတ်သက်သာရာရသွားလေသည်။ ဖြစ်စဉ်ကို ဇိုး ပြောပြတုန်းက ဂျယ်မီကလေး ကိုမာများ ဖြစ်သွားပြီး ဦးနှောက် ထိခိုက်လောက်မည်ဟု အော်စတင် တွေးထားသည်။ ကလေး အဆင်ပြေသည်ကို သိရတော့ သူ သိပ်ပျော်သွားပြီး အိမ်အပြန်လမ်းတစ်လျှောက် အင်္ဂါးကားပေါ် တွင် ကလေးကို အော်စတင် ချီထားသည်။ သူ နမ်းတော့ ဂျယ်မီကလေးက တခစ်ခစ် ရယ်နေတော့သည်။ ဇိုးသည် ဂျယ်မီ ပြုတ်ကျသွားသော အဖြစ်အပျက်ကြောင့် တုန်လှုပ်နေပြီး အပြစ်ရှိသလို ခံစားနေရသော်လည်း ဂျယ်မီ ကလေးကတော့ ဘာမှ ဆိုးဆိုးရွားရွား မဖြစ်ပေ။ ဇိုးခမျာ သူ ဘယ်လောက်မိုက်မဲတုံးအ,ကြောင်း တတွတ်တွတ် ပြောနေရှာသည်။

"ကလေးကတော့ အဖုတွေ ဒဏ်ရာတွေ ရမှာပဲ၊ အကုန်လုံးတော့ ဇိုးကာကွယ်နိုင်မှာ မဟုတ်ဘူးလေ" ဟု အော်စတင် ပြောကာ ဇိုးကို နမ်းလိုက်သည်။ အိမ်အပြန်လမ်းတစ်လျှောက် အော်စတင့် စိတ်ထဲ ထင်နေသည့် မှတ်ချက်တစ်ခု ပြောလေသည်။

"ဇိုး ဆေးကျောင်းတက်ခဲ့တုန်းက လေ့ကျင့်ရေးတွေကြောင့် ကလေးကို ပိုစိတ်ပူနေတာမျိုး ဖြစ်မယ်၊ ကိုယ့်ကိုယ်ကိုယ် ကြောက်လန့်အောင် လုပ်ဖို့ ဗဟုသုတတွေ ရှိတာကိုး၊ အဲဒါတွေနဲ့ အဆက်ဖြတ်ပြီး စာအုပ်တွေ လျှော့ဖတ်ဖို့ လိုတယ် ဇိုး၊ ဇိုးက တော်ပြီး စဉ်းစားဆင်ခြင်တတ်သူပါ။ ကလေးကိုလဲ သိပ်ဂရုစိုက်တာပဲလေ၊ အချိန်တိုင်း အဆိုးဆုံးကိုပဲ တွေးလို့ မရဘူး၊ ကလေး အဆင်ပြေနေတာပဲလေ၊ ခေါင်းမှာ ဖုထွက်ရုံနဲ့ သတိမေ့တာမျိုးမှ မဟုတ်တာ၊ ကိုယ့်အစ်ကို ကလေးတွေဆိုရင် တစ်ယောက်နဲ့ တစ်ယောက် တိုက်မိလိုက် ပြေးလိုက်နဲ့ သတိမေ့တာမျိုးသာ ဖြစ်ရင် အခုဆို ဦးနှောက်သေနေလောက်ပြီ"

"ဒါပေမဲ့ ဒီလိုအရာတွေ ဖြစ်လာရင် လျစ်လျူရှုလို့တော့ မရဘူးလေ၊ လူတွေက အန္တရာယ်လက္ခဏာတွေကို မမြင်လို့ ဘာမှအရေးမကြီးဘူးလို့ ယူဆမိလို့သာ ဝမ်းနည်းစရာ အဖြစ်တွေ ကြုံလာရတာပဲ"

"အခြေအနေတိုင်းက အန္တရာယ် ရှိတာ မဟုတ်ဘူးလေ" ဟု အော်စတင်က
mgyoe.com

mgyoe.com SAMPLE BOOK

ပြန်ချေပသည်။

"ဇိုးက တကယ်တော်တဲ့ မိခင်ပဲလေ၊ သိပ်စိုးရိမ်နေစရာ မလိုပါဘူး ဇိုးရယ်"

"တော်တဲ့အမေတွေတောင် သူတို့ကလေးတွေကို ဆုံးရှုံးရတာပဲ" ဟု ဇိုးက တိုးညင်းစွာ ပြောတော့ အော်စတင်က ဇိုးကို နမ်းလိုက်သည်။ ထိုအရာသည် ဂျယ်မီနှင့် ပတ်သက်၍ ဇိုး၏ အတောမသတ်သော စိုးရိမ်ပူပန်မှု ရင်းမြစ်ဟု အော်စတင် နားလည်သည်။ ဂျယ်မီ သေဆုံးမှာကို ကြောက်နေခြင်းပင်။ ထို့ကြောင့် ဇိုးက အရာရာ သတိဝီရိယပိုလွန်းပြီး ကလေးကို ကာကွယ်ဖို့သာ သူ့ဘဝ၏ အခန်းကဏ္ဍတစ်ခု ဖြစ်လာတော့သည်။ သို့သော် မတော်တဆမှုများက ဘယ်လိုမဆို ဖြစ်နေ၏။ ရှောင်လွှဲ၍ မရသော အရာမို့ ဇိုးကို စိတ်မူမမှန် ဖြစ်စေလောက်သည်။

အိမ်ပြန်ရောက်တော့ ဇိုးက ဂျယ်မီကို နို့တိုက်ပြီး အော်စတင်ကတော့ ရုံးပြန်သွား၏။ ဇိုး နို့တိုက်ပြီးပြီးချင်းတော့ ဂျယ်မီ မအန်ပေ။ ခေါင်းက ဖုကြီးက ရုပ်ဆိုးသောကြောင့် ဇိုး၏ အမှားကို သတိပေးနေသယောင်။ သို့သော် ရက်အနည်းငယ်အတွင်း ပျောက်သွားပြီး ထိုနောက်ပိုင်း ရေးရေးသာ မှတ်မိတော့သည်။ ဇိုးကတော့ ထိုအဖြစ်အပျက်ကို သတိပေးချက်အဖြစ် မှတ်ယူပြီး ဂျယ်မီ့ကို ပိုဂရုစိုက်၏။ သေးခံတို့၊ အဝတ်တို့ လဲပေးချိန်တွင်လည်း အနားမှ တစ်ဖဝါး မခွာပေ။ ဇိုး အလုပ်ပြန်ဝင်နိုင်ဖို့ ကလေးထိန်း ငှားရာတွင်လည်း ပိုသတိကြီးကြီး ထားဖို့ ဇိုးကို ထပ်မံ တပ်လှန့်နေသယောင်။ ကလေးထိန်းက ဇိုးလုပ်သလို ဂျယ်မီပြုတ်ကျအောင် လုပ်ခဲ့လျှင် ဇိုးက ချက်ချင်း အလုပ်ဖြုတ်ပစ်မည်။ ဇိုး မီးဖွားခွင့် မကုန်မီ ကလေးထိန်းရှာရန် တစ်လသာ ကျန်တော့သည်မို့ ထိုအကြောင်း တွေးမိတိုင်း ဇိုး အချိန်ပြည့် ငိုနေသည်။ ဇိုးက သူ့အလုပ်ကို သိပ်သဘောကျသော်လည်း သူ့ကလေးကို ပိုချစ်သောကြောင့် နေ့တိုင်း ထားခဲ့ဖို့ အတွေးကို မခံမရပ်နိုင်အောင် ဖြစ်နေ၏။ ဝမ်းနည်းကြေကွဲစရာ ခွဲခွာမှုပင်။ ဇိုး အလုပ်ပြန်ဝင်လျှင်တောင် နို့တော့ ဆက်တိုက်နေမည်။ ဂျယ်မီ့ကို နို့ဖြတ်စေချင်ပြီး လေးလအရွယ်မှာ မိခင်နို့မှ ရသော ကလေးလိုအပ်သည့် ကိုယ်ခံအားများ ရနေပြီဟု အော်စတင်က တွေးထင်မိသော်လည်း ဇိုးက သဘောမတူ။ တစ်နှစ်လောက်ထိ နို့တိုက်ခြင်းက ပိုကောင်းသည်ဟု ဇိုး ဖတ်ထားရပြီး ခြောက်လအရွယ်ထိ တိုက်ခြင်းကလည်း ကောင်းမွန်သော အပေးအယူဟု ကက်သီကလာ့ခ်က ထင်မြင်မိသည်။ သို့သော် ဇိုးက တစ်နှစ်ထိ သတ်မှတ်ထားသည်။ အော်စတင်လည်း ပြန်မငြင်းတော့ချေ။ ဇိုးသည် သူ မြင်ဖူးသမျှထဲတွင် အကောင်းဆုံးနှင့် စိတ်ရော

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်ပါ မြှုပ်နှံထားသော မိခင်ပင်။ အော်စတင်က အရင်ကထက် ဇိုးဆီက အာရုံစိုက်မှု သိပ်မရဘဲ အတူရှိချိန် နည်းလာသလို ချစ်တင်းနှောမှုသည်လည်း တစ်စ တစ်စလျော့ပါးလာသည်။ သို့သော် ဂျယ်မီကလေးက ဇိုး၏ စိတ်ထက်သန်ပြင်းပြမှုနှင့် သတိဝီရိယရှိခြင်း၏ ကံအကောင်းဆုံး အကျိုးခံစားခွင့် ရသူပင်။ ဇိုး၏ မိခင်တစ်ယောက်ဖြစ်တည်မှုသည် လက်ဖျားခါရလောက်အောင်ပင်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

ဂျယ်မီ့ နေ့ကလေးထိန်းအတွက် အယောက် ၂၀ လောက် အင်တာဗျူး ပြီးနောက် ဂျယ်မီ့ကို ထားခဲ့ဖို့ သိပ်ငယ်သေးကြောင်း ဇိုး ကောက်ချက်ချလိုက်သည်။ ဇိုးသည် မီးဖွားခွင့်ကို နောက်ထပ်နှစ်လလောက် တိုးလိုက်မှပင် စိတ်သက်သာရာရ သွားတော့သည်။ ယခုအချိန်တွင် ဇိုးသည် သူ့အလုပ်၊ နေ့စဉ် တွေ့ကြုံနေရသော စိန်ခေါ်မှုများ၊ အလုပ်မှာ တွေ့ရသော ကလေးများကို လွမ်းနေသော်ငြား ဂျယ်မီနှင့် အတူရှိဖို့က ပိုအရေးကြီးသောကြောင့် အလုပ် ပြန်ဝင်ရန် အဆင်သင့် မဖြစ်သေး။ ပြီးတော့ ဂျယ်မီနှင့် ခွဲခွာရမည့်အတွေးကြောင့် ဇိုး စိတ်ပူပန်လာသည်။ ဇိုးနေရာတွင် အစားထိုးထားသည့် သူက ဇိုး၏ နောက်ထပ်ခွင့်ကြောင့် သူ အလုပ်ဆက်လုပ်ရန် ဝမ်းသာနေ၏။ ဂေဟာက ချောချောမွေ့မွေ့ လည်ပတ်နေပြီး ဇိုးက မကြာခဏ ဖုန်းဆက်သည်။ အရေးကြီးသော ဆုံးဖြတ်ချက်များချရန် ဆွေးနွေးညှိနှိုင်းပွဲများ တွင်တော့ ဇိုး အဆင်သင့် ရှိနေသည်။ ဂျယ်မီ အသက်ရှူရပ်သွားသည့် ဖြစ်ရပ်ကို ဇိုး ရှင်းပြလိုက်ပြီး ကလေးနှင့် အတူနေရန် နောက်ထပ် နှစ်လ လိုအပ်ကြောင်း ပြောတော့ ဘယ်သူ့ကမှ ဇိုးကို မနာလိုဝန်တို မဖြစ်ချေ။ ဂျယ်မီနှင့် ပတ်သက်ပြီး ဒုတိယအကြိမ် ဘာမှ မဖြစ်သော်လည်း သူ့သမီးကို အချိန်ပြည့် စောင့်ရှောက်နိုင်ဖို့ အကောင်းဆုံးဆင်ခြင် ပေးလိုက်ခြင်းသာ။ ထိုမှသာ အဆင်ပြေသော ကလေးထိန်း ရှာရန် အချိန်ပိုရမည်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ထပ်နှစ်ပတ်အတွင်း ဇိုးသည် အေဂျင်စီလေးခုမှ လျှောက်ထားသူ အယောက် ၃၀ ကျော်ကို အင်တာဗျူးပြီးနောက် သူ သဘောကျသော အမျိုးသမီးကို နောက်ဆုံးတွင် တွေ့ခဲ့ပြီ။ ထိုအမျိုးသမီးက ဇိုး၏ များစွာသော စည်းမျဉ်းများ၊ သီအိုရီများကို ငြင်းပယ်ခြင်း မပြုဘဲ လိုက်နာဖို့ ဆန္ဒရှိသည် ဖြစ်ကြောင်း ပြောလေသည်။ ဂျမေကာမှ အသက် ၅၀ ကျော် ယင်းအမျိုးသမီးသည် နွေးနွေးထွေးထွေးနှင့် ချစ်စရာကောင်းလှသည်။ ကလေးသူနာပြုအဖြစ် အတွေ့အကြုံ နှစ်များစွာ ရှိပြီး သူ့တွင် အရွယ်ရောက် သားသမီး ခြောက်ယောက်ရှိ၏။ သူ့နာမည်က ဂျမာလာ။ သူ့လေယူလေသိမ်းက သာယာပျောင်းနွဲ့ပြီး ကလေးကို စကားပြောသောအခါ တခစ်ခစ် ရယ်မောစေသည်။ ဂျယ်မီသည် ချက်ချင်းပင် သူနှင့် အဆင်ပြေပြီး ဂျမာလာ ချီသောအခါတွင်လည်း ငြင်းဆန်ခြင်း မပြုသောကြောင့် ဇိုး အံ့သြနေသည်။ ဂျယ်မီသည် သူ့အဘွား ချီဖို့ ကြိုးစားရင်တောင် ငြင်းဆန်ပြီး ငိုနေကျ။ ဘရက်နှင့် ပမ်တို့ လာလည်ချိန်ပေါ့။ ဂျယ်မီက လူစိမ်းတွေနှင့် အသားမကျသေး။ အော်စတင့် အဖေကတော့ လာလည်သည်မှာ ခပ်ရှားရှား။ သူ့မြေးတွေ စကားပြောမည့် အရွယ်ရောက်မှ ပိုကောင်းမည်ဟု ပြောတတ်သည်။ ဘသ်ကတော့ ကယ်လီဖိုးနီးယားမှ ခုချိန်ထိ လာမလည်သေးချေ။ အထူးကြပ်မတ်ကုသဆောင်တွင် အလုပ်ချိန် နှစ်ချိန်စာ လုပ်နေရပြီး နွေရာသီ မတိုင်ခင် မလာလည်နိုင်သေးကြောင်း ဘသ်က ပြောသော်လည်း ကလေးကို စကိုင့် (Skype) မှာ မြင်ဖူးထား၍ သိပ်လှကြောင်း တွေးမိလေသည်။

ဝမ်းနည်းစရာကောင်းသည်က ဘသ်နှင့် ဇိုးတို့သည် ပြန်ရင်းနှီးသွားခြင်းမျိုး မရှိ။ ဘသ်က နှစ်ပေါင်းများစွာ အဆက်ဖြတ်ပြီး ဝမ်းနည်းပူဆွေးမှုများနှင့် နစ်မွှောပြီးနောက်ပိုင်းမှာပေါ့။ သို့သော် သူတို့တွင် မိတ်ဖြစ်ဆွေဖြစ် ဆက်ဆံရေးတော့ ရှိ၏။ ဇိုးသည် သူ့အမေက ရိုစ်နှင့် ဗျာများနေပြီးနောက် ဝမ်းနည်းပူဆွေးကာ မလှုပ်မယှက် ဖြစ်နေချိန်တွင် အဖေနှင့်သာ ပိုရင်းနှီးခဲ့ရသည်။ ဇိုးနှင့် သူ့အမေကြား ကွက်လပ်ကြီးက ထိုနောက်ပိုင်းတွင်လည်း ဘယ်တော့မှ ကျဉ်းမြောင်းသွားခြင်းမျိုး မရှိ။ ရိုစ် မကွယ်လွန်ခင်ရော ကွယ်လွန်ပြီးနောက်ပိုင်းပါ သူ့အမေက သူ့ကို အာရုံမစိုက်သည်ကိုသာ ဇိုး မှတ်မိတော့သည်။ သူတို့သားအမိနှစ်ယောက်ကြား မလိုမုန်းတီးမှုတို့၊ ခါးသီးမှုတို့ မရှိဘဲ ဝေးကွာရုံသာ ဖြစ်နေသည်။ ဂျယ်မီ ခြောက်လပြည့်တွင် ဘသ် လာမလည်ခြင်းကြောင့်လည်း ဇိုးနှင့် ဘသ်တို့ ပြန်ရင်းနှီးဖို့ အခွင့်အရေး မရသွားပေ။ ဘသ် ယခုအချိန်ထိ ဖမ်းမဆွဲလိုက်သော လွတ်သွားသည့် အခွင့်

mgyoe.com

mgyoe.com SAMPLE BOOK

အရေးပင်။ ဘသ်သည် ရို့စ်အတွက် ထူးကဲသာလွန်သော မိခင် ဖြစ်သော်လည်း ဇိုးအတွက်တော့ မဟုတ်ပေ။ ယခင်အတိုင်း ပြန်ဖြစ်ရန် သိပ်နောက်ကျသွားပြီ။

အော်စတင်နှင့် ဇိုးတို့သည် ဂျမာလာကို အေဂျင်စီကနေ မဟုတ်ဘဲ သူငယ်ချင်းများအဆက်အသွယ်နှင့် တွေ့သွားခြင်း ဖြစ်၏။ ဂျမာလာက သူတို့ဆီတွင် ခြောက်နှစ်လောက် အလုပ်လုပ်ခဲ့ပြီး သူက ကလေးတွေကို ဘယ်လောက် ဂရုစိုက်ကြောင်း ဘယ်လောက်ချစ်ပြီး စိတ်ရောကိုယ်ပါ မြှုပ်နှံ၍ အလုပ်လုပ်တတ်ကြောင်း အော်စတင်တို့၏ သူငယ်ချင်းများက အလွန်အမင်း အမွှမ်းတင်လေသည်။ သူတို့ ကလေးတွေက ကျောင်းတက်နေပြီ ဖြစ်သောကြောင့် ဂျမာလာကို မလိုအပ်တော့ပေ။ ဂျမာလာ အလုပ်လုပ်ခဲ့သည့် စုံတွဲအိမ်တွင် အိမ်ရှင်မက အပြင်အလုပ် မလုပ်သောကြောင့် ကလေးများ ကျောင်းသွားချိန်တွင် အိမ်မှာရှိနေခြင်းတို့ အိမ်အကူက ကလေးများ ကူထိန်းပေးခြင်းတို့ကြောင့် ဂျမာလာသည် အလုပ်သစ်ရှာရန် ပြင်ရတော့သည်။ သူ့ကို လိုအပ်သည့်နေရာတွင် ပြန်စတင်ရန် ခြောက်လကလေးကို ထိန်းရမည့် အလုပ်ကို တွေ့၍ ကြည်နူးနေ၏။ သူ့သားသမီးများနှင့် မြေးများက ဂျမေကာတွင် နေထိုင်သောကြောင့် သူ့မိသားစုကို လွမ်းနေရှာသည်။ အထင်တကြီး ညွှန်းပေးခံရသော ဂျမာလာကဲ့သို့ လူမျိုးကို ဇိုး ရသောကြောင့် စိတ်သက်သာရာ ရသွားသည်။

ဇိုး အလုပ်ပြန်မဝင်ခင် နှစ်ပတ်အလိုတွင် ဂျမာလာ အလုပ်လာလုပ်သောကြောင့် ဇိုးက သူ့ကို စောင့်ကြည့် အကဲခတ်နိုင်သွား၏။ ပြီးတော့ ဂျမာလာ လုပ်ကိုင်သမျှ မြင်ရသောအခါ ဇိုး သဘောကျနေတော့သည်။ ဂျမာလာက စည်းကမ်းတွေကို အမှန်တကယ် လိုက်နာသည်။ တိုက်ခန်းရှိ မမြင်ရသော နေရာများ၌ ကင်မရာခြောက်လုံး တပ်ဆင်ထား၍ ဂျမာလာ ဘာလုပ်လုပ် ဇိုးတို့ စစ်ဆေးနိုင်သည်။ ထိုအရာက ဇိုးစိတ်ကူး ဖြစ်ပြီး အော်စတင်ကတော့ မလိုအပ်ဘဲ ဇာချဲ့သည်ဟု တွေးနေသည်။ သို့သော် ထိုသို့လုပ်ခြင်းကြောင့် ဇိုး စိတ်ချလက်ချ ရှိလျှင် အော်စတင်လည်း လိုက်လုပ်ရန် ဆန္ဒ ရှိလေသည်။ ကလေးကို နေ့တိုင်း ထားခဲ့ရန် ဇိုးအတွက် ဘယ်လောက်ခက်ခဲနေကြောင်း အော်စတင် နားလည်ပါသည်။ ဂျယ်မီ မွေးလာကတည်းက ဇိုးသည် ကလေးနှင့် မခွဲဖူးပေ။ ဇိုးသည် ဂျယ်မီ မပါဘဲ သူငယ်ချင်းနှင့် နေ့လယ်စာ သွားစားသည်တို့ ဈေးဝယ်ထွက်သည်တို့ မလုပ်ဖူးချေ။ သူနှင့် အော်စတင်တို့ ရုပ်ရှင်လည်း သွားမကြည့်။ ဂျယ်မီ့ကို လက်တွန်းလှည်းနှင့် ခေါ်သွားလို့ ရသော စားသောက်ဆိုင်များကိုသာ သူတို့ သွားလေသည်။ ဇိုးသည် သူ့သမီးနှင့် ၂၄ နာရီ ၇ ရက်လုံး အတူရှိနေချင်ပြီး ထိုအရာက ဂျယ်မီ၏ စောစီးစွာ

mgyoe.com

mgyoe.com SAMPLE BOOK

ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးကြောင်း ခံစားရသည်။

ဇိုးနှင့် အော်စတင်တို့ အတူအချိန်ကုန်လွန်ခြင်း လျော့နည်းလာသော်လည်း ဂျမာလာက အချို့ညပိုင်းတွေနှင့် ပိတ်ရက်တွေ အလုပ်လုပ်ချင်လားဟု အော်စတင် မျှော်လင့်နေသည်။ ထိုမှသာ သူနှင့် ဇိုးတို့ အပြင်ထွက် ချိန်းတွေ့နိုင်မည်ပင်။ အော်စတင်က ထိုအရာကို တောင့်တနေပြီး ဂျမာလာကလည်း အလုပ်လုပ်နိုင်ကြောင်း ပြော၏။ အော်စတင်လည်း သိပ်မျှော်လင့်နေပြီး သူ့ဇနီးနှင့် အချိန်အတူဖြုန်းချင်လှပြီ။ အော်စတင် ထိုအချိန်လေးကို သိပ်လွမ်းနေသောကြောင့် တစ်ခါတစ်ရံ ဇိုးကို ကလေးနှင့်အတူ မျှဝေနေရသည်ကိုပင် စိတ်တိုနေသည်။ သူ ကလေးကို ချစ်သော်လည်း သူတို့ဘဝတွေက ခပ်မြန်မြန် ပြောင်းလဲသွားသောကြောင့် သူတို့ ဆက်ဆံရေး၏ ရင်ခုန်ကြည်နူးစရာကို ပြန်ဖမ်းဆုပ်ချင်နေပြီ။ ဇိုးကလည်း အော်စတင့်အကြံကို ကောင်းသည်ဟု ထောက်ခံသော်လည်း ခုချိန်ထိ ဘာမှ မထူးသေးပေ။ ဇိုး၏ ပထမဦးစားပေးက ဂျယ်မီ ဖြစ်ပြီး အော်စတင်ကတော့ အမေ့လျော့ခံ လူသားပင်။

ဇိုး နီးနီးကပ်ကပ် စောင့်ကြည့်နေသည့် နှစ်ပတ်အတွင်း ဂျမာလာက စည်းမျဉ်းအားလုံးများကို လိုက်နာသည်။ ဂျမာလာက သူ လုပ်ရမည့် တာဝန်အားလုံးကို နားလည်သည်ဟု ဇိုး ယုံကြည်သော်လည်း ဇိုး အလုပ်ပြန်တက်ရမည့် ပထမနေ့တွင် မျှော်လင့်ချက်ကင်းမဲ့နေသလို ခံစားရသည်။ ရေခဲသေတ္တာထဲတွင် နို့ရည်အပြည့် ထည့်ခဲ့ပြီး အရင်အပတ်ကပင် နို့ညှစ်စက်ဖြင့် ထုတ်ထားခဲ့သည်။ တစ်လလောက် ကလေးကို ထားခဲ့ဖို့ နို့အလုံအလောက် ရေခဲသေတ္တာထဲ ရှိနေ၏။ နို့ညှစ်စက်အသေးကို ရုံးသို့ ယူသွားမှာဖြစ်၍ ဇိုး၏ နို့တိုက်ခြင်းအမှုက အလျဉ်မပြတ်စေဘဲ နို့ရည်တွေလည်း မလျော့နည်းမှာပင် ဖြစ်သည်။ ဇိုးသည် လွန်ခဲ့သောညကပင် ထပ်တိုးညွှန်ကြားချက်များနှင့် အရေးပေါ်နံပါတ်များ ရေးထားခဲ့ပြီး ဖြစ်၏။

ဇိုးအတွက် အရေးကြီးခဲ့သော အလုပ်ကို ပြန်ဝင်ရန် ပထမနေ့မှာပင် အိမ်အပြင်ရောက်အောင် မလုပ်နိုင်ဟု အော်စတင် တွေးထားသည်။ ဇိုး၏ စိတ်အား ထက်သန်မှုအရာရာ ဖြစ်သည့် သူ့သမီးလောက်တော့ အလုပ်က အရေးမကြီးတော့ပေ။ ဇိုးသည် အဝတ်လဲနေလျက် ငိုသည်။ မနက်စာလည်း မစားနိုင် ဖြစ်ပြီး စိတ်ထိခိုက်နေကာ ဂျယ်မီ့ကို နို့တိုက်လျက် ငေးကြည့်နေသည်။ ကလေးကို သူ နောက်ထပ် ဘယ်တော့မှ မတွေ့နိုင်လောက်မည့်အတိုင်း။

"ဂျယ်မီလေးက ညကျ သူ့အမေကို ပြန်တွေ့ရင် ပျော်နေမှာပါ မစ္စက်

mgyoe.com

mgyoe.com SAMPLE BOOK

ရောဘတ်" ဟု ဂျမာလာက ပြောရင်း ဇိုးလက်ထဲမှ ကလေးကို ပွေ့ယူသည်။ ဇိုး၏ ပါးမှာတော့ မျက်ရည်စီးကြောင်းနှင့်။ အော်စတင် ဦးဆောင်ပြီး ဇိုးကို အိမ်အပြင် ခေါ်ထုတ်သွား၏။ ဇိုးကို လိုက်ပို့မည် ဖြစ်ကြောင်း အော်စတင် ပြောသည်။ ဇိုး သိပ်လှနေသည်လေ။ ကလေးမွေးပြီး ခြောက်လအကြာတွင် ဇိုးက အရင် ကိုယ်လုံး ကိုယ်ထည် ပြန်ရနေပြီး ပို၍တောင် ကြည့်ကောင်းနေ၏။ ဇိုးသည် ဂျယ်မီ့ကို လက် တွန်းလှည်းဖြင့် ခေါ်သွား၍ ရသော လေ့ကျင့်ခန်းအတန်းများကို တက်သောကြောင့် ကိုယ်အလေးချိန် အနည်းငယ်တောင် လျော့ကျသွားသည်။ ဇိုးက အနီရောင် ဆွယ်တာနှင့် အနက်ရောင်ဂျင်းဘောင်းဘီကို ဝတ်ထားပြီး မျက်လုံးများကလည်း တောက်ပ အသက်ဝင်နေလျက်။ ဆံပင်ကလည်း တောက်ပနက်မှောင်နေကာ ပခုံးအတိလေး ညှပ်ထားသည်။ အော်စတင် သူ့ချစ်ဇနီးကို ကြည့်နေရင်း ယခင် ပုံစံလေး ပြန်ပိုင်ဆိုင်ရပြီဟု ခံစားရသည်။ ဇိုးသည် အိမ်နေရင်း အားကစားအင်္ကျီ သို့မဟုတ် နို့ရည်များ စွန်းထင်းနေသည့် ညဝတ်အင်္ကျီဖြင့် အိမ်မှာ ဟိုဟိုသည်သည် လျှောက်သွားနေခြင်းမျိုး မရှိတော့ချေ။ အလုပ်ပြန်ဝင်သည့်အခါ သူ့ကနဦးပုံစံ အတိုင်း သွက်သွက်လက်လက် ချက်ချက်ချာချာ။ ဇိုးသည် ရှုထောင့်အသစ်တစ်မျိုးဖြင့် ထက်မြက်ထူးချွန်သော ပညာရှင်ပင်။ သူသည် စိတ်ရောကိုယ်ပါ မြှုပ်နှံထားသော မိခင်တစ်ဦးလည်း ဖြစ်၏။ သူ့အာရုံစူးစိုက်မှုကို လိုအပ်နေသော ကလေးများနှင့် ဆက်ဆံရာတွင် ပို၍ နက်နက်နဲနဲ ကိုင်တွယ်နိုင်မည်လားဟု ဇိုးတို့နှစ်ယောက်စလုံး သံသယဝင်မိသည်။

အော်စတင်သည် လက်ရှိတွင် ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်သည့်အမှုနှစ်ခုရယ် ထိုအမှုများအတွက် အုပ်ထိန်းခွင့်လျှောက်ထားမှုတို့ကို အမှုလိုက်ခ တစ်ပြားတစ်ချပ်မှ မယူဘဲ လိုက်ပေးနေသည်။ ဇိုးသည်လည်း ထိုကလေး များ ရင်ဆိုင်နေရသည်များကို ကူညီရန် စိတ်အားထက်သန်နေ၏။ အော်စတင်သည် ဇိုး တစ်ယောက်တည်း မငိုနေစေရန် လမ်းတစ်လျှောက်လုံး ကားအတူလိုက်စီးပြီးမှ သူ့ရုံးခန်းသို့ ဆက်သွားသည်။ ဇိုး ကားပေါ်မှ ဆင်းချိန်တွင် အော်စတင်က ကြင်နာ ယုယစွာ နမ်းလိုက်သည်။

"ပျော်ပါစေနော်၊ ညတွေ့မယ်နော် ဇိုး"

အော်စတင်က ဇိုးကို ပြုံးပြလျက် ယခင်ကထက် ပိုဂုဏ်ယူနေသည်။ ယခင်ဘဝမျိုး ပြန်ရလာသည်ကို သဘောကျနေ၏။ သူတို့ အိမ်ထောင်သည်ဘဝသည် အလျင်ဘဝဟန်မျိုး ပြန်ဖြစ်လာမည်ဟု မျှော်လင့်နေသည်။ ယခုချိန်ထိ မဖြစ်သေး

mgyoe.com

mgyoe.com SAMPLE BOOK

သည်ကလည်း အိမ်မှာ အကူမရှိသောကြောင့်ပင်။ အော်စတင်က ဇိုးနှင့်အတူ ချစ်တင်းနှောဖို့ ကြိုးစားတိုင်း စောင့်ကြည့်ကိရိယာစက်က ထမြည်လိုက် ဂျယ်မီ နိုးလာပြီး ငိုလိုက်။ ဇိုးက ကလေး ထချီလိုက်ရတော့ သူတို့ကိစ္စလည်း မပြီးမြောက်ဘဲ နောက်တစ်ကြိမ် ကြိုးစားရလိုက် နှောင့်ယှက်ခံလိုက်ရနှင့် သံသရာလည်နေသည်။

လွန်ခဲ့သော ခြောက်လအတွင်း သူတို့ ချစ်တင်းနှီးနှောမှု အနည်းငယ်သာ ရှိခဲ့သောကြောင့် အော်စတင်က အလွန်အမင်း တောင့်တနေပြီ။ ဇိုးသည် ထိုအရာများ တည်ငြိမ်သွားမည်ဟု အဆက်မပြတ် ကတိပေးနေသော်လည်း ယခုချိန်ထိ မဖြစ်လာသောကြောင့် တစ်ခါတလေ ထိုအရာများ တည်ငြိမ်ပါဦးမည်လားဟု အော်စတင် သိချင်မိသည်။ သူ့အစ်ကိုများကို ထိုအကြောင်းများ မေးသောအခါ သူတို့ငှားထားသော အကူမိန်းကလေးများကသာ သူတို့အိမ်ထောင်ရေးကို ကယ်တင်လိုက်သည်တဲ့လေ။ ထိုမိန်းကလေးများရှိနေ၍ ဇနီးသည်နှင့် အချိန်ကုန်လွန်နိုင်သည်တဲ့။ အော်စတင့်အစ်ကိုအကြီးဆုံးကတော့ အမွှာကလေးတွေ မွေးပြီးနောက်ပိုင်း သူ့အတွက် ဇနီးသည်က အချိန်မပေးနိုင်သောကြောင့် ခြေရှုပ်ခဲ့သည်ဟု မလုံမလဲ ဝန်ခံ၏။ သို့သော် သူတို့ကျော်ဖြတ်နိုင်ပြီး အိမ်ထောင်ရေးက ပုံမှန် ပြန်ဖြစ်ခဲ့သည်။ သူ ခြေရှုပ်ခဲ့ခြင်းက အမှားကြီး ဖြစ်၍ နောင်တရသည်ဟု ပြောလေသည်။ အော်စတင်ကတော့ ထိုအမှားမျိုး ကျူးလွန်ဖို့ ရည်ရွယ်ချက် မရှိသော်ငြား သူ့အစ်ကို၏ ရိုးသားစွာ ဖွင့်ဟဝန်ခံမှုကိုတော့ အသိအမှတ်ပြုသည်။ သူတို့ညီအစ်ကိုချင်းက ဆွေးနွေးကြ၍ အော်စတင်က ဇိုးနှင့် အခြေအနေကို ဝန်ခံသည်။ ဇိုးက သူ့သမီးကို သဲသဲလှုပ်နေပြီး ညတွင်းချင်းပင် အလွန်တော်သော မိခင်အဖြစ် ပြောင်းလဲသွားသည်။ အော်စတင် ချစ်ချင်တိုင်း ချစ်၍ရသော အမျိုးသမီးကို သိပ်လွမ်းနေသော်လည်း သူတို့ ကနဦးအတိုင်း ပြန်ဖြစ်မည်ဟုပင် အော်စတင် ယုံကြည်စိတ်ချနေတော့သည်။

"အင်း. . . ဂျယ်မီ ကောလိပ်တက်တဲ့အချိန်ကျရင်ပေါ့" ဟု အော်စတင့် အစ်ကိုက နောက်နေလေသည်။ အော်စတင်ကတော့ အမှန်တရား မဟုတ်ပါဟု မျှော်လင့်နေသည်။ သူတို့ အိမ်ထောင်ရေးသည် ဂျယ်မီ မမွေးခင်က အချိန်အတိုင်း ပြန်ဖြစ်မည်လို့ မျှော်လင့်ချက်ကြီးကြီး ထားရှာသည်။ နေ့လယ်စာစားချိန်တွင် ဇိုးက ဒေါသတကြီးဖြင့် အော်စတင့်ကို ဖုန်းဆက်သည်။

ဇိုးသည် ကလေး နို့တိုက်ဖို့ အကြောင်းမကြားဘဲ အိမ်ပြန်လာခဲ့သည်။ ထိုအခါ ဂျမာလာလက်ထဲ နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် ဂျယ်မီ့ကို တွေ့ရသည်။ ကလေးက နို့သောက်ပြီးပုံပင်။ ဂျမာလာက ကလေးကို သီချင်းညည်းပြနေလေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

"အဲဒါ ဘာများ ဖြစ်လို့လဲ ဇိုး" ဟု ဇိုး ပြောပြနေစဉ် အော်စတင်က ကြားဖြတ်မေးသည်။ အော်စတင့်အတွက် ဂျမာလာက သူတို့ လိုချင်သည့်ပုံစံ ကွက်တိ။ သူက မြီးကောင်ပေါက်မကလေးလို ဝတ်ပြီး နားကြပ်တပ် ကခုန်နေခြင်းမျိုး၊ ရည်းစားနှင့် ဖုန်းပြောနေခြင်းမျိုးလည်း မဟုတ်။

"ဂျမာလာက သမီးကို ရေခဲသေတ္တာထဲက နို့ တိုက်တာလား"

သူက ကလေးကို နို့မှုန့်တိုက်လိုက်ခြင်းများလား။ ဇိုးအတွက်တော့ ဂျမာလာ ကြီးလေးသော ပြစ်မှု ကျူးလွန်လိုက်လေပြီ။

"သူက သမီးကို ပက်လက်ချီထားတာ၊ ကျွန်မ ပြထားသလို မတ်မတ်လေး မထားဘူး၊ ပြီးတော့ စောင့်ကြည့်ကိရိယာစက်လည်း မဖွင့်ထားဘူး"

ဇိုးက ပြောနေရင်း ငိုတော့မယောင်။ အော်စတင်ကတော့ ယုတ္တိတန်သည်ဟုသာ မြင်မိသည်။ ဂျမာလာသာ ကလေးကို ချီထားလျှင် အသက်ရှုရပ်သွားနိုင်ခြင်းကို တွေ့မည်ပင်။ ဘယ်လိုပဲဖြစ်ဖြစ် အသက်ရှုရပ်ခြင်းကလည်း ထပ်ဖြစ်တော့မည်မဟုတ်။ အော်စတင်ကလည်း စောင့်ကြည့်ကိရိယာစက် ချို့ယွင်းသည်ကို စိတ်ကုန်နေလေပြီ။ ကလေးကိုရော သူတို့ကိုပါ နိုးစေသည့်အတွက်ပင်။

"သူက ကျွန်မ စည်းကမ်းတွေကို မလိုက်နာဘူး၊ ဂျယ်မီကလေး သေသွားနိုင်တယ်လေ"

"သူက သမီးကို ချီထားတာလေ ဇိုး၊ ဘာတွေ ဖြစ်နေလဲ မြင်ရတာပဲလေ၊ ပုခက်ထဲမှာ တစ်ယောက်တည်း ထားထားတာမှ မဟုတ်တာ"

ဂျယ်မီက ခြင်းထဲ မဆန့်တော့သောကြောင့် ပုခက်ထဲမှာ သိပ်နေရပြီ။ ဇိုးတို့၏ ကျဉ်းကျဉ်းကျုတ်ကျုတ်အခန်းထဲတွင် ပုခက် ထပ်ထည့်လိုက်သောအခါ ကလေးက သူတို့နှင့် တစ်ခန်းတည်း အတူ အိပ်နိုင်ပြီး ဇိုးလည်း ကလေးကို အချိန်ပြည့် စောင့်ကြည့်နိုင်၏။ ဇိုးသည် သို့ဗ္ဗက်ကင်မရာ ခြောက်လုံးအပြင် ကင်မရာတွေ ထပ်တပ်ထားသော်လည်း မယုံကြည်ပေ။ ဇိုး သိပ်အကဲပိုလွန်းသည်ဟု အော်စတင် ခံစားရသည်။

"ကျွန်မ ဂရုမစိုက်ဘူး၊ ကျွန်မ ပြောသလို သူ မလုပ်ဘူးလေ၊ သူ့ကို မယုံနိုင်တော့ဘူး၊ အလုပ်ထုတ်ပစ်ချင်တယ်၊ ဒီနေ့လယ် အလုပ်တွေ ဖျက်ပြီး သူ့ကို အိမ်ပြန်ပို့လိုက်ပြီ၊ ကလေးထိန်း နေမကောင်းလို့ ကလေးစောင့်ရှောက်ရေးနဲ့ ပတ်သက်ပြီး အရေးပေါ်ဖြစ်လို့ ဆိုပြီး ရုံးကို ပြောခဲ့တာ"

"ဂျမာလာကို အလုပ်မထုတ်ပါနဲ့ ဇိုး၊ ဂျွန်ဆန်မိသားစုက သူ့ကို သိပ်ညွှန်း

mgyoe.com

mgyoe.com SAMPLE BOOK

ထားတာ၊ ကလေးတွေနဲ့ ပတ်သက်ရင်လည်း ဂရုတစိုက် ရှိတာပဲလေ၊ သူ့ကို တွေ့ဖို့ တောင် ဘယ်လောက် ခက်ခဲခဲ့လဲ မင်း သိတာပဲ၊ မင်း ဘယ်နှယောက် အင်တာဗျူး ခဲ့လဲ။ ၃၀ လား၊ ၄၀ လား၊ ၅၀ လား၊ သူ့ကို နောက်ထပ် အခွင့်အရေး ပေးလိုက်ပါ ဝိုးရယ်၊ ကလေးထိန်းတွေကို ဒီလို အလုပ်ဖြုတ်နေရင် အလုပ်ဝင်လို့ ရမှာ မဟုတ် ဘူးနော် ဝိုး"

အော်စတင်က ဝိုးအတွေးကို အားမပေး။ ဝိုးကတော့ တင်းတင်းမာမာ။

"ကျွန်မ အလုပ်ပြန်ဝင်သင့်ရဲ့လားတောင် စဉ်းစားနေရပြီ၊ တကယ် သင့်တော်တဲ့ ကလေးထိန်းတွေ ရှိပါ့မလားတောင် သေချာမသိတော့ဘူး"

ဝိုးသည် သူ့လင်ညီအစ်မများ ခေါ်ထားသော အကူမိန်းကလေးများ၏ မကျွမ်းကျင်မှုကို တုန်လှုပ်ချောက်ချားပြီး ခွေးရှိလျှင်တောင် သူတို့နှင့် မထားခဲ့ပါဟု ပြောလေသည်။ ခွေးမွေးဖို့ကတော့ ဂျယ်မီ့အတွက် ကျန်းမာရေးနှင့် မညီညွတ်ဘဲ ကြောင်များကလည်း ကလေးများ သေစေနိုင်သော ရောဂါများကို သယ်ဆောင် တတ်ကြလို့ အိမ်မွေးတိရစ္ဆာန်မွေးရန် ထည့်စဉ်းစားစရာ မလိုသေး။ အော်စတင် ကတော့ သူ့ကဲ့သို့ ဂျယ်မီ့ကို ခွေးတစ်ကောင်နှင့်အတူ ကြီးပြင်းစေချင်သည်။ သူ့ အစ်ကိုများ၏ ကလေးများတွင် ဂျယ်မီ့ထက်ကြီးသော ခွေးများ ရှိ၏။ အော်စတင့် ကတော့ ကလေးများကို တာဝန်ယူတတ်ခြင်း သင်ရာတွင် ခွေးမွေးထားခြင်းက အကောင်းဆုံးဟု တွေးသည်။ သို့သော် ဝိုးတွင် ငယ်စဉ်ကရော အရွယ်ရောက်လာ သည့်အချိန်မှာပါ ခွေး မမွေးဖူးတော့ အော်စတင့်စိတ်ကူးကို မလိုလားချေ။ အော်စတင်ကတော့ နောင်တစ်ချိန်ချိန်တွင် ဤစိတ်ကူးကို အကောင်အထည်ဖော်ရန် စိတ်ကူးထား၏။

"သူ့ကို နောက်ထပ်အခွင့်အရေး ပေးလိုက်ပါလား" ဟု အော်စတင်က ညင်သာစွာ ပြော၏။ ဝိုးသာ ကလေးထိန်း ရှာဖို့ အချိန်ထပ်ယူလျှင် ရှုတ်ရှုတ်သဲသဲ ဖြစ်တော့မည်ကို အော်စတင် တွေးမိသည်။ အော်စတင်က ဂျမာလာကို သဘော ကျပြီး ဂျယ်မီ့အတွက် ချစ်ခင်ကြင်နာတတ်သော ကျွမ်းကျင်သည့် ကလေးထိန်း ဟုပင် ထင်မြင်မိလေသည်။

"ကျွန်မ စဉ်းစားပါဦးမယ်"

ဝိုးအသံက ဒေါသကြောင့် တုန်နေသည်။ ထိုညက အော်စတင် အိမ်ပြန် ရောက်လာချိန်တွင် ဝိုးက ဒေါသထွက်နေဆဲ။ နှုတ်ဆက်ပြီးနောက် ဂျယ်မီ့ကို ချီထား၏။ နောက်ထပ်တစ်နာရီလောက် အောက်ချမှာ မဟုတ်တော့။ ထို့နောက် ကလေးကို

mgyoe.com

mgyoe.com SAMPLE BOOK

ပုခက်ထဲ ထည့်လိုက်၏။ ဇိုးသည် အော်စတင် ဝယ်လာသော ညစာကို မီးဖိုချောင်ထဲ၌ အတူစားဖို့ ထိုင်လိုက်သည်။ အော်စတင်က အလုပ်နောက်ကျသောကြောင့် ဟင်းချက်ဖို့ သိပ်ပင်ပန်းနေပြီ။ ဇိုးသည် အစားစားဖို့ စိတ်မချမ်းမသာ ဖြစ်နေသော်လည်း ဂျမာလာ့ဘက်က ကာကွယ်ပေးသည့် အော်စတင့် အကြောင်းပြချက်များကို ယုံကြည် မှု ကင်းမဲ့စွာ နားထောင်နေသည်။ နောက်ဆုံးတွင် ဂျမာလာကို နောက်ထပ် အခွင့်အရေးပေး၍ အလုပ်ဆက်ခန့်ရန် သဘောတူလိုက်သည်။ ဇိုးက ဂျမာလာ့ အိမ်သို့ ဖုန်းဆက်လိုက်သောအခါ ဂျမာလာက ဖုန်းဖြေရင်း ငိုနေသည်။ ထပ်တောင်းပန်လေသည်။ မနက် အလုပ်လာပြီး အလုပ် ပြန်စရန် ဇိုးက ပြော၏။ သို့သော် ဇိုး ချမှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်ဟု ပြောရာ ဂျမာလာက လိုက်နာမည်ဖြစ်ကြောင်း အခိုင်အမာ ပြောလေသည်။

နောက်တစ်နေ့မနက် ဂျယ်မီက ဂျမာလာကို တွေ့သည်နှင့် ပျော်ရွှင်မြူးထူးနေသည်။ ဂျမာလာလည်း ဇိုးဆီမှ ကလေးကို လှမ်းချီရင်း ပျော်ပြီး စိတ်သက်သာရာရသွားပုံ။ အမျိုးသမီးနှစ်ယောက်ကြားက အခြေအနေက ဇိုးဘက်က ကြည့်လျှင် အေးတိအေးစက်။

ဂျမာလာက တစ်လလောက်ပင် ကြာသည်။ တစ်ရက် ဇိုး အိမ်ပြန်လာချိန်တွင် ဂျမာလာက ဂျယ်မီ့ကို ကလေးအစားအသောက်ထဲမှ ပန်းသီးဆော့စ် ကျွေးနေသည်ကို တွေ့ရ၏။ ကလေးအသင့်အစားအစာများမှ ဓာတုပစ္စည်းများအကြောင်းနှင့် အနာဂတ်တွင် ကလေးကို ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ထိခိုက်နိုင်သည့်အကြောင်းများကို ဂျမာလာအား ဇိုး ပို့ချပြီးပြီ ဖြစ်သည်။ ဇိုးစိတ်ထဲ၌ ဂျယ်မီ့တို့အရွယ်တွင် အသင့်အစားအစားများ ကျွေးခြင်းက အဆိပ်ဟုပင် မှတ်ယူထားသည်။ ဇိုးက သူ့နေရာ အစားထိုးရန် တစ်ယောက်ယောက် ရှာတွေ့ချိန်ထိ ဂျမာလာ့ကို သုံးပတ် သတိပေးချက် ပေးလိုက်၏။ ဂျမာလာသည် ထိုညတွင် စိတ်မချမ်းမြေ့စွာ အိမ်ပြန်သွားပြီး သူ အနိုင်မတိုက်နိုင်သည့် စစ်ပွဲဟု နားလည်လိုက်သည်။ သူ ဂျယ်မီကလေးကို ချစ်သော်လည်း ဇိုး စိတ်တိုင်းကျ လိုက်လုပ်ရန် မဖြစ်နိုင်တော့ပေ။ သိပ်မကြာမီမှာပင် သူ့အလုပ်ကို ဆုံးရှုံးနစ်နာနိုင်မည့် ခွင့်မလွှတ်နိုင်စရာ အမှုကိစ္စများ ရှိလာနိုင်လိမ့်မည်။ သည်တစ်ကြိမ်တွင် သူ ခုခံပြောဆိုမနေတော့ချေ။ ဇိုးအတွက် အလုပ်လုပ်ပေးရသည်မှာ ခက်ခဲသည်ဟု ဂျမာလာ ထင်ပြီး ထိုည သူ ပြန်သွားချိန်၌ အော်စတင်နှင့် မျှော်လင့်ချက်မဲ့စွာ အကြည့်ချင်းဆုံခဲ့ကြသည်။ ဇိုး အများလုပ်မိသည်ဟု အော်စတင် ထင်သော်ငြား ဇိုးကို ဘာမှ မပြောတော့ပေ။

mgyoe.com